

ပျော့ပျောင်းစွာ
သန်စွမ်းသော
ထက်မြက်


ပျော့ပျောင်းစွာ
သန့်ရှင်းစေ
ထက်မြက်

## မာတိကာ


၁။ ဆရာဒဂုန်တာရာနှင့် နိုင်ငံရေး ၁

၂။ ဆရာဒဂုန်တာရာနှင့် သရုပ်မှန်စာပေ ၈

၃။ ဒဂုန်တာရာနှင့် သူ၏ အဘိဓမ္မာ
သူ၏ လွတ်လပ်မှု၊ သူ၏ နိုင်ငံရေး ၁၄

၄။ ဆရာဒဂုန်တာရာ၏ နိုင်ငံရေးအယူဝါဒ ၂၀

၅။ ဆရာဒဂုန်တာရာ၏ ငြိမ်းချမ်းရေးအမြင် ၂၇

၆။ ဒဂုန်တာရာနှင့် နိုင်ငံရေး ၃၃

၇။ နိုင်ငံရေးယဉ်ကျေးမှု ၃၉

၈။ ချိုးငှက်ကူသံ ကြားရတော့မည်လား ၄၆

၉။ ဒဂုန်တာရာရူပိမာန်တည်ဆောက်ခြင်း (၁) ၅၁

၁၀။ ဒဂုန်တာရာရူ ပိမာန်တည်ဆောက်ခြင်း (၂) ၅၇

၁၁။ ဆရာဦးဝင်းတင်လိုလူမျိုး ၆၂

၁၂။ ဒီမိုကရေစီသူရဲကောင်း (သို့မဟုတ်)
ဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ၆၈

၁၃။ ဘာကြောင့် ဆရာဦးဝင်းတင်ကို
ပြည်သူလူထုက နှမြောတသ ကြေကွဲရပါသလဲ ၇၂

၁၄။ သမိုင်း ကောင်းသူ၊ သမိုင်း မကောင်းသူ ၇၇

၁၅။ သူ့ကိုထွမ်းလျှင် သူ့လမ်းကို လျှောက်ကြစို့ ၈၃

၁၆။ သခင်သိန်းမောင် (ဝါးခယ်မ) ၈၈

၁၇။ ကျွန်တော်တို့ရှေ့က နောက်ဆုံးမျိုးဆက် ၉၂

၁၈။ နေဝင်ချိန် ၉၇

၁၉။ ဗိုလ်ချုပ်အောင်ဆန်း၏ လွမ်းလောက်စရာများ ၁၀၃

၂၀။ ပြည်သူဘက်တော်သား စာရေးဆရာကြီး
ဗန်းမော်တင်အောင် ကွယ်လွန်ခြင်း ၃၆ နှစ် ၁၀၈

၂၁။ ဆရာနိုင်ဝင်းဆွေကို အမှတ်ရခြင်း ၁၁၃

၂၂။ သခင် ခင်အောင်နှင့် ဦးနေဝင်း ၁၁၉

# ဆရာဒဂုန်တာရာနှင့်နိုင်ငံရေး

ဆရာဒဂုန်တာရာနှင့် ပတ်သက်ပြီး နိုင်ငံရေးသမား ဟုတ် မဟုတ်၊ သူ့နိုင်ငံရေးက ဘာလဲ၊ ဘယ်အချိန်လောက်က နိုင်ငံရေး စတင်ခဲ့သလဲ၊ နိုင်ငံရေးနှင့် ပတ်သက်ခဲ့သည်ဆိုလျှင် ဘယ်တုန်းက နိုင်ငံရေးနှင့် စတင်ပတ်သက်ခဲ့သလဲဆိုသည်များကို ပြောစရာ၊ မေးစရာများ ရှိနေကြသလို၊ တချို့ကလည်း သူ့နိုင်ငံရေးနှင့် ပတ်သက်ပြီး နားလည် သဘောပေါက်ခဲ့ကြသည်။ သူ ကွယ်လွန်စဉ်က ငြိမ်းချမ်းရေးသမားကြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ တပည့်အဖြစ် နားလည်သဘောပေါက်ခဲ့ကြသည်။ ဆရာတာရာ၏ စာအုပ်များ၊ သူရေးခဲ့သော သူ့စာများ အားလုံးကို လေ့လာမည်ဆိုလျှင်၊ သူ လှုပ်ရှား ကျွမ်းဝင်ခဲ့သည်များကို လေ့လာမည်ဆိုလျှင် သူ့ဖြတ်သန်းမှုကို နားလည် သဘောပေါက်ပေမည်။ သူ တက္ကသိုလ်ကျောင်းသားဘဝသည် လွတ်လပ်ရေး လှုပ်ရှားမှုများ အားကောင်းနေချိန် ဖြစ်သည်။ သူပေါင်းသင်းခဲ့သူများမှာလည်း လွတ်လပ်ရေးလှုပ်ရှားမှု ခေါင်းဆောင်များသာဖြစ်ပါသည်။ နယ်ချဲ့ဆန့်ကျင်ရေးမှနေ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့သည်အထိ ခေါင်းဆောင်ခဲ့သူများမှာ တက္ကသိုလ်ကျောင်းသားများဖြစ်ကြ၏။ တက္ကသိုလ်ပရဝုဏ်မှ ပစ်ဖောက်လိုက်သော တော်လှန်ရေးသေနတ်သံမှာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးနှင့် စစ်အာဏာရှင် ဆန့်ကျင်ရေး၊ ဒီမိုကရေစီရရှိရေး သမိုင်းကို ဖော်ဆောင်ခဲ့သည်သာ ဖြစ်ပါသည်။ ထိုသို့ ဖော်ဆောင်

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသည့်အကြိမ်

**ပထမအကြိမ်၊ ၂၀၁၅၊ ဖေဖော်ဝါရီလ**

---

ထုတ်ဝေသူ

**ဦးလပြည့်ဝေ၊**

**တိုက် ၁၀၊ အခန်း ၆၇၊ ၇ လွှာ၊ ဖြ ရပ်ကွက်၊**

**ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်။**

---

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

**ဦးဝင်းကျော်ထွန်း၊**

**မုံရွေးပုံနှိပ်တိုက်**

**၁၄၀၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်။**

---

မျက်နှာဖုံးပန်းချီ

**အောင်လတ်**

---

ကွန်ပျူတာ စာစီနှင့် အတွင်းဖလင်

Dream City

---

**အုပ်ရေ ၁၀၀၀**

---

**တန်ဖိုး ၁၅၀၀**

---

ဆန်းစသော်တာ စာအုပ်တိုက် ကက်တလောက်အချက်အလက် – CIP

ထက်မြက် ၈၉၈.၈၃

ပျော့ပျောင်းစွာ သန့်စွမ်းသော၊

ထက်မြက်။ ပ ကြိမ်။ — ရန်ကုန်

ဆန်းစသော်တာစာအုပ်တိုက် ၊ ၂၀၁၅။

၁၃၀ စာ၊ ၁၃ × ၂၁ စင်တီ

ပျော့ပျောင်းစွာ သန့်စွမ်းသော

ခဲ့သူများတွင် ဆရာဒဂုန်တာရာလည်း တစ်ယောက်အပါအဝင်ဖြစ်၏။ သူ၏ နိုင်ငံရေးအပေါ် စိတ်ဝင်စားမှုနှင့် နိုင်ငံရေးအတွေးအခေါ်ရှိလာမှု၊ ဖြတ်သန်းမှု အကြောင်းကို ဤကဲ့သို့ ရေးသားခဲ့ပါသည်။

"ပင်နီအင်္ကျီကို အစည်းအဝေးတက်သည့်အခါ၊ စီတန်း လှည့်လည်ပွဲများ တက်သည့်အခါသာ ဝတ်လေ့ရှိသည်။ ထိုအခါက ပိုးရောင်၊ စိန်ရောင်၊ ဖဲရောင်တောက်ပနေသော တက္ကသိုလ်ကျောင်းတော် ဖြစ်သည်။ ကျွန်တော်က စိန်လက်စွပ်၊ စိန်ကြယ်သီး၊ မဟူရာလက်ပတ်ကြိုးများ ဝတ်ဆင်ထားသည်။ ဘာရယ်မဟုတ်၊ အိမ်ကမိခင် ဆင်ပေးလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် ထိုကျောင်းသားကြီးက ကျွန်တော့်အား 'ခနရှင်' ဟု ခေါ်တာဖြစ်ပေမည်။ ထိုအခါက မတွေးမိပေ။ ယခု ကျွန်တော့်အား လက်ဝဲသမား၊ ဘာညာဟု ရှုတ်ချပြစ်တင်သူ၊ မနှစ်သက်သူများမှာ ထိုအခါက ကျွန်တော့်အား 'ခနရှင်' ဟုခေါ်သည်ကိုသာသိလျှင် သရော်ပြုံးပြုံးကြပေမည်။ ဟုတ်လည်း ဟုတ်သည်။ သရော်ချင်စရာ။

အမှန်အားဖြင့် ကျွန်တော်သည် ၁၉၃၈ လောက်က ဆိုရှယ်လစ်ဝါဒ၊ မာ့က္ခ်ဝါဒ၊ လီနင်ဝါဒ ဆောင်းပါးတစ်စောင်ရေးဖူးသည် ထိုကာလ မာ့က္ခ ဝါဒကျမ်းများကို လေ့လာကာစ ဖြစ်သည်။ တက္ကသိုလ်ရောက်သောအခါ ကျွန်တော်၏ စာဖတ်မှုမှာ ကျယ်ပြန့်လာသည်။ မာ့က္ခဝါဒစာအုပ်များသာ မဟုတ်၊ တခြားစာအုပ်များလည်း ဖတ်နေလေသည်။ စာဖတ်ခါစဖြစ်၍ စွဲလမ်းကာစဟုလည်း ဆိုနိုင်သည်။ ဖတ်ပြီးလျှင် ဖတ်ထားသမျှကို မိတ်ဆွေ အပေါင်း အပေါင်းအသင်းများနှင့် ဆွေးနွေးချင်လာသည်။ ထင်မြင်ချက်၊ ခံစားချက်များ ဖလှယ်ချင်သည်။ ထို့ကြောင့်လည်း စာဖတ်သူအချင်းချင်း အပေါင်းအသင်းဖြစ်သွားတတ်သည်။ ယင်းသို့ဖြင့် ဝါသနာတူရာ ခံစားတတ်ခြင်း၊ နီးစပ်သွားတတ်ခြင်း ဖြစ်သည်။ တစ်ယောက်ချင်း အကြိုက်၊ တစ်ယောက်ချင်း ဝါသနာများတူရာ စုဝေးသွားတတ်ခြင်း သဘောလည်း ဖြစ်လေသည်။

ကျွန်တော် ပထမဆုံး စရေးဖူးသော ဆောင်းပါး၏အမည်မှာ 'ဘုံဝါဒ နှင့်စစ်မဲ့ရေး' ဟူသော ခေါင်းစဉ်အမည်ဖြစ်သည်။ ၁၉၃၈၊ အောက်တိုဘာလထုတ် ဒဂုန်မဂ္ဂဇင်း၌ ဖော်ပြခဲ့သည်။ မကြာသေးခင်ကမှ ဒဂုန်မဂ္ဂဇင်း

အပေါင်းများထဲမှ တွေ့ရှိခြင်းဖြစ်၏။ ကျွန်တော်ကိုယ်တိုင်လည်း ဘယ်တုန်းက ရေးခဲ့သလဲကို မမှတ်မိတော့ပေ။ 'လောကအမွန်' ဟူသော ကဗျာမှာ ဒဂုန်မဂ္ဂဇင်း ၁၉၃၉၊ ဩဂုတ်လ ထုတ်တွင် ပါရှိသည်ကိုလည်း တွေ့ရှိရသည်။

ထိုအခါက ဆိုရှယ်လစ်ဝါဒ သဘောတရားများ ပြန့်ပွားကာစ ခေတ်ဦးဖြစ်၍ စကားလုံးများမှာ အတည် မဖြစ်သေး။ အနည် မထိုင်သေး။ ဝေါဟာရအဖြစ် မထူထောင်ရသေး။ ထို ၁၉၃၈ ဝန်းကျင်က 'ဘုံဝါဒ' ဟူသော ဝေါဟာရ သုံးနှုန်းလျက်ရှိသည်။ ယခုအခါ ထိုစကားလုံးမှာ မသုံးတော့သလောက်ဖြစ်နေလေသည်။ ကျွန်တော်က ဆိုရှယ်လစ်ဝါဒအစား မြန်မာစကားလုံးသက်သက် ဘုံဝါဒဟု သုံးခြင်းဖြစ်၏။ ကျွန်တော့်မှာ မာ့က္စဝါဒ၊ ဆိုရှယ်လစ်ဝါဒ စာအုပ်များ ဖတ်စဖြစ်သည့်အတိုင်း လီနင်၏ 'ဆိုရှယ်လစ်ဝါဒနှင့် စစ်' စာအုပ်ငယ်ကလေးကို ဖတ်ကာ ကျွန်တော် နားလည်သလို တင်ပြထားသော ဆောင်းပါးဖြစ်သည်။ ယင်းဆောင်းပါးအစ၌ . . .

"ယနေ့ ကမ္ဘာပေါ်တွင် ဆိုရှယ်လစ်ခေါ် ဘုံဝါဒရှင်များနှင့် နယ်ချဲ့၊ နိုင်ငံချဲ့ထွင်ရေးဝါဒရှင်များသည် အတိုက်အခံဖြစ်နေကြသည်။ နိုင်ငံချဲ့ထွင်ရေးဝါဒရှင်များမှာ မိမိတို့ထက် အားနည်းသော တိုင်းပြည်ငယ်များကို အတင်းအဓမ္မ နှိပ်စက်ကလူပြုလိုသူများ၊ အင်ပါယာချဲ့ထွင်လိုသူများ၊ ဓနရှင်ကြီးများ၏ စက်ကွင်းရိပ် မကင်းသော အစိုးရများသာ ဖြစ်လေသည်"

ဟု စထားသည်။ နိဂုံးချုပ်အပိုဒ်၌ . . .

"၁၇၈၉ မှ ၁၈၇၁ အထိ ဥရောပတိုက်တွင် ဖြစ်ပွားနေသော စစ်များမှာ ခေတ်ပြောင်းတော်လှန်ရေး စစ်များဖြစ်သည်။ အလုပ်သမား ဆင်းရဲသား ပစ္စည်းမဲ့များသည် မိမိကို ဖိနှိပ်နေသော မြေရှင်များ၊ သက်ဦးဆံပိုင်အုပ်စိုးသော ရှင်ဘုရင်များ၊ ဘုန်းကြီးများကို ခုခံတော်လှန်ကြသည်။ ဆင်းရဲသားလောကသို့ ပြောင်းလဲပစ်သော ခေတ်ပြောင်း သူပုန်ကြီးများ၊ ဆိုရှယ်လစ်များက နှစ်သက်ကြလေသည်"

ဟု ဖော်ပြထားသည်။

သူ ပထမဆုံး ရေးသော နိုင်ငံရေးဆောင်းပါးဟု ဆရာတာရာက ဝန်ခံထားပါသည်။ ထိုဆောင်းပါးသည် သူ မာ့က္စဝါဒ၊ လီနင်ဝါဒကို လက်ခံ

ယုံကြည်ကြောင်း ပေါ်လွင်ပါသည်။ ဆိုလိုသည်မှာ သူသည် ထိုအချိန်က တည်းက မာ့က္ခ၊ လီနင်ဝါဒကို ယုံကြည်ပြီး ဆိုရှယ်လစ်ဝါဒကို ဘုံဝါဒဟုပင် ရေးသားခဲ့သည်။ သူက နယ်ချဲ့အရင်းရှင်စနစ်သည် စစ်ဝါဒ၊ မာ့က္ခ လီနင် ဝါဒ၊ ဆိုရှယ်လစ်ဝါဒ (သို့မဟုတ်) ဘုံဝါဒသည် ငြိမ်းချမ်းရေးဝါဒဟု လက်ခံယုံကြည်ခဲ့သူ ဖြစ်လေသည်။ "ဒဂုန်တာရာနှင့် နိုင်ငံရေး" အကြောင်း ကို ရေးမည်ဆိုလျှင် သူ တက္ကသိုလ်ကျောင်းသား သမဂ္ဂခေါင်းဆောင်များ အကြောင်းကိုပါ ထည့်ရေးရပေမည်။ နယ်ချဲ့ဆန့်ကျင်ရေးကို တက်တက်ကြွ ကြွလုပ်ဆောင်ခဲ့သော တက္ကသိုလ်ကျောင်းသားများသမဂ္ဂကို သဘောပေါက် ဖို့လို၏။ နိုင်ငံရေးအစပျိုးချက်မှာ သမဂ္ဂပဲ ဖြစ်သည်။ ကျောင်းသားသမဂ္ဂမှ ဒို့ဗမာအစည်းအရုံးဝင်များကိုလည်း မွေးထုတ်ပေးခဲ့သည်။ ဆရာဒဂုန်တာရာက သူ တက္ကသိုလ်သမဂ္ဂ အမှုဆောင်အဖွဲ့ထဲရောက်ရှိခဲ့ပုံကို ဤကဲ့သို့ ရေးထား ပါသည်။

"သို့သော် ကိုဗဟိန်း၊ သူငယ်ချင်း ကိုဗဟိန်း သူ့ကြောင့် ၁၉၃၉ က တက္ကသိုလ်သမဂ္ဂ အမှုဆောင်ထဲသို့ ရောက်သွားရသည်။ ကျွန်တော့်တွင် စာပေမိတ်ဆွေ၊ နိုင်ငံရေးမိတ်ဆွေများရှိနေသည်။ စာပေ အပေါင်းအသင်း များထဲတွင် နိုင်ငံရေးစကား သိပ်ပြော၍မရ။ နိုင်ငံရေးစကားဆိုသည်မှာ နိုင်ငံရေးစာအုပ်များဖတ်ပြီး အတွေ့အကြုံဖလှယ်တာမျိုး၊ အတွေးအခေါ်ဖလှယ် တာမျိုး၊ သူတို့နှင့် သိပ်လုပ်၍မရ။ သို့သော် ကိုဗဟိန်းနှင့်ကျတော့ နှစ်မျိုး စလုံးရ၍ မကြာခင် လူချင်းပိုမို ခင်မင်ရင်းနှီးသွားကြတော့သည်။ အတန်း ချင်း မတူ။ သို့သော် တတွဲတွဲ၊ ခံစားမှုချင်း နီးစပ်သည်။ အတွေးအခေါ်ချင်း နီးစပ်သည်။ လီနင်ဝါဒ ပြော၍ရသလို မြဝတီမင်းကြီးဦးစ၏ သီချင်းကြီး အကြောင်း ပြော၍ရသည်။ ကျွန်တော် ရေမွှေးဆွတ်လျှင် သူကလည်းတောင်း ဆွတ်သည်။ ဆွီဒင်ရုပ်ရှင်မင်းသမီး ဂရီဒါဂါဘိုးကား သွားကြည့်လျှင် သူ က ခေါ်၏။ ကျွန်တော်က ဂရီဒါကို အသည်းစွဲ၊ ယူရီဂါလင် သီချင်းဆိုသော ကားလည်း အတူသွားကြည့်ဖြစ်ကြသည်။

၁၉၃၉ က ကျွန်တော်သည် ကျောင်းဆောင်၌မနေ။ မြို့ထဲတွင်နေကာ နေ့ကျောင်းသားအဖြစ် ကျောင်းတက်သည်။ ကျွန်တော်၏မိခင်မှာ မကျန်းမာ ၍ ဆေးကုနေရာ မြို့ထဲတွင် အိမ်ငှားကာနေ၏။ မိခင်က ဆေးရုံတက် ကျွန်တော်က မြို့ထဲမှာ ကျောင်းတက်လေသည်။ ပထမနှစ်ဝက်လယ်လောက်

တွင် တက္ကသိုလ်သမဂ္ဂ အမှုဆောင်အဖွဲ့ဝင် ရွေးကောက်ပွဲ လုပ်သည်။ ကျွန်တော်သည် ခါတိုင်းလို တက္ကသိုလ် သမဂ္ဂကိုပင် မဝင်တော့ဘဲ မြို့ထဲအိမ်သို့ တန်းပြန်လာသည်။

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်သည် ကျွန်တော် မသိရဘဲ တက္ကသိုလ် သမဂ္ဂအမှုဆောင်အဖွဲ့ဝင် ဖြစ်နေလေသည်။ အမှန်အားဖြင့် အမှုဆောင် အဖွဲ့ဝင်အဖြစ် ရွေးကောက်ပွဲတွင် ပါဝင်လိုကြောင်း ကျွန်တော်က လက်မှတ်ရေးထိုးတင်ရမည် ဖြစ်၏။ ယခုကား ကိုဗဟိန်း၏ထောက်ခံချက်ဖြင့် အဖွဲ့ဝင်ဖြစ်နေပြီ။ လျှောက်လွှာလက်မှတ် ရေးထိုးတင်ခြင်း မရှိပေ။ အတိအကျဆိုလျှင် တရားပင် မဝင်ပေ။ နောက်မှ လက်မှတ်ရေးထိုးရသည်။ သို့သော် ထိုအခါက သမဂ္ဂတွင် ကိုယ့်လူချည်း။

ကိုဗဟိန်းနှင့်တွေ့သောအခါ သူက ပြုံးကာ ကျွန်တော်ကို ကြည့်နေ၏။ ကျွန်တော် လုပ်လိုက်တာ… ဟူသော သဘော။

"ကျွန်တော် ဝါသနာလည်း မပါဘူးဗျာ။ ကျွန်တော် အမှုဆောင်လောက် အထိလည်း မလုပ်ချင်ဘူး။ ခင်ဗျားသိသားပဲ။ ကျွန်တော်က ကဗျာစပ်၊ ဝတ္ထုရေး၊ စန္ဒရားတီး… ဟာ… ကျွန်တော်နဲ့ မကိုက်ပါဘူး"

ကျွန်တော်က ခါးခါးသီးသီးပြောနေစဉ်…

"မရတော့ဘူး။ အမှုဆောင် စာရင်းကြေညာချက်တောင် ကပ်နေပြီ"

ဘေးကလူများက ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်ကာ ပြုံးနေကြ၏။

"ဟုတ်တယ် မဖြစ်ပါဘူး။ ကျွန်တော်က အေးအေးနေချင်တာ၊ စာဖတ်၊ ကဗျာရေး"

"အဲ့ဒါကြောင့် ခင်ဗျားကို ထည့်တာပေါ့။ အဲ့ဒီလို လူမျိုးကို ကျုပ်တို့က လိုချင်နေတာ"

တခြားသူများကလည်း ကိုဗဟိန်း လေသံအတိုင်း လိုက်ပြောကြလေသည်။ ဘယ်တုန်းက စည်းဝါးကိုက်ထားသည် မသိ။ ခင်ဗျားလို စာသမားမျိုး လိုချင်တာတဲ့။ ဘာတတ်နိုင်သေးလဲ။

သံဆန်ခါပေါက်ထဲမှ ကပ်ထားသော ကြေညာချက်စာရင်းကို ဖတ်ရင်း ကျွန်တော်သည် ရင်ခုန်နေလေသည်။ အတွင်းစိတ်ထဲက ငါနဲ့ မကိုက်ပါ

ဘူးဟုသာ ငြင်းဆန်နေ၏။ တစ်ယောက်ချင်း ခံစားမှုနှင့် အဖွဲ့အစည်း၊ အသင်းအပင်း မည်သို့ပေါင်းစပ်ရမည်လဲ။ ကျွန်တော့်ဘဝအတွက် အပြောင်းအလဲဖြစ်စေသော ကဏ္ဍတစ်ခု။

သို့သော် ကိုဗဟိန်းကတော့ ကျွန်တော့်၏ ခပ်ငယ်ငယ် အမူအရာကို ကြည့်ကာ ပြုံးနေလေသည်။ သူ၏ ချစ်စဖွယ်အပြုံးကို ကျွန်တော် မခံနိုင်တော့။

ထိုသို့ဖြင့် ဆရာဒဂုန်တာရာသည် နိုင်ငံရေးလောကထဲသို့ ရောက်လာခဲ့ရသည်။ တစ်နည်းပြောရလျှင် သူ၏နိုင်ငံရေး ယုံကြည်ချက်နှင့်အတူ လွတ်လပ်ရေးကြိုးပမ်းမှု၌ ပါဝင်ခဲ့သလို တက္ကသိုလ်ကျောင်းသားသမဂ္ဂတွင် အမှုဆောင်တစ်ယောက်အဖြစ် ပါဝင်ခဲ့လေသည်။ တက္ကသိုလ်တွင် သူရင်းနှီးကျွမ်းဝင်ခဲ့သော သမဂ္ဂ ခေါင်းဆောင်များ၊ နောင်နိုင်ငံရေး ခေါင်းဆောင်များနှင့် ပတ်သက်၍ သူ့အမြင်၊ သဘောထားကို ရေးရာ၌ ဗိုလ်ချုပ်အောင်ဆန်း ထိုအချိန်က သမဂ္ဂခေါင်းဆောင် ကိုအောင်ဆန်းအကြောင်း ဤကဲ့သို့ ရေးထားပါသည်။

"ကိုအောင်ဆန်းနှင့် စကားပြောကြည့်ရသလောက် သူသည် လေးနက်သည်။ နိုင်ငံရေးစိတ်တစ်ခုတည်းသာထား၏။ သူနှင့်တွေ့လျှင် လွတ်လပ်ရေးရပြီး ဘာလုပ်မည်ဆိုတာသာ ပြောနေတတ်၏။ မဖော်ရွေသော်လည်း သူနှင့်စကားပြောမိလျှင် ပြောကောင်းလေသည်။ ဘေးက လူ စကားဆက်သူကသာ မေးပြောတတ်သည်များလည်း ရှိသည်။ သူ့မျက်နှာ အမူအရာကို ရိုးသားသည်ဟု ကျွန်တော် ခံစားနေခဲ့သည်။ ကျွန်တော်သည် ဖော်ရွေမှု ပေါင်းသင်းဆက်ဆံရေး ကောင်းမှုသည်လည်း လူတစ်ယောက်အတွက် အရေးကြီးပါလားဟု စဉ်းစားလာမိသည်။ ကျွန်တော်လည်း ကျောင်းသားပါလီမန်ရွေးကောက်ပွဲတုန်းက အရွေးမခံရသည်ကို ဆက်စပ်တွေးနေမိပါသည်။ ငါလည်း ဆက်ဆံရေးညံ့သူတစ်ယောက်ပဲ မဟုတ်လား။

ထိုစဉ်က ကျွန်တော့်မှာ သမဂ္ဂသို့ရောက်စ လူသစ်၊ စိတ်ထဲက ခံစားမှုရှိသော်လည်း သူတို့နှင့် ဖက်ပြိုင်၍ မဆွေးနွေးတတ်သည့်အပြင် ဘာအကြောင်းများရှိသေးသလဲဟုလည်း အကျိုးအကြောင်း မရှာတတ်။ သို့သော် စိတ်ထဲက ထင်နေခဲ့၏။

ကိုအောင်ဆန်း၌ ထူးခြားမှုတစ်ခုရှိသည်ကိုတော့ အာရုံသိက ခံစားမိလိုက်သည်။ ဘာထူးခြားတာလဲဟုကား မပြောတတ်။ ထိုထူးခြားမှုက သူ၏ မဖော်ရွေမှု၊ မျက်နှာထား သုန်မှုန်မှုတို့ကို ကျော်လွှမ်းလိုက်သည်။ ထိုအခါက ကျွန်တော်တို့မှာ အသက်ကလည်း ငယ်ကြသေးသည်။ အတွေ့အကြုံကလည်း နုကြသေးသည်။ ကိုအောင်ဆန်းပင် အသက် ၂၀ ကျော်ခန့်။

၁၉၃၈ နောက်နှစ်၌ကား ကိုအောင်ဆန်းမှာ ကတ္တသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ဖြစ်လာ၏။ ဘာမှ အထွေအထွေ မရှိ။ ယင်း ၁၉၃၈ - ၃၉ စိန်ပန်းပင်ရိပ်၌ သစ်ရွက်များ ဝေခဲ့ပေပြီ။

ဒဂုန်တာရာ၏ နိုင်ငံရေးအကြောင်းကိုပြောလျှင် သူ ယုံကြည်သော အယူဝါဒ၊ သဘောတရား၊ သူနှင့်ရင်းနှီးကျွမ်းဝင်ခဲ့သော သမဂ္ဂ ခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ကွန်မြူနစ်ခေါင်းဆောင်များနှင့် ဖဆပလ ခေါင်းဆောင်များအကြောင်းကို သူမည်ကဲ့သို့ တိမ်းညွှတ်မှုရှိကြောင်း သုံးသပ်ကာ သူ၏နိုင်ငံရေးကို သိရှိနိုင်ပါတော့သည်။

❋

## ဆရာဒဂုန်တာရာနှင့်သရုပ်မှန်စာပေ

ဆရာဒဂုန်တာရာသည် ၁၃ နှစ်သားကတည်းက စာ စရေးခဲ့သူ ဖြစ်သည်။ သူတို့ခေတ် အရေးအသားမှာလည်း လေးချိုးကြီးများနှင့် ရတုကြီးများကို အမှားအယွင်း မရှိ၊ သေချာစိစစ် ရေးသားပြီးမှ ဒဂုန်မဂ္ဂဇင်းလို ဩဇာ ကြီးမားသော မဂ္ဂဇင်း၊ မဂ္ဂဇင်း အယ်ဒီတာများမှာလည်း အလွန်စည်းစနစ်ကြီးပြီး ထင်ရှားသော စာရေးဆရာကြီးများက ကြည့်ရှု တည်းဖြတ်ပြီး ရတုတစ်ပုဒ်၊ လေးချိုးတစ်ပုဒ်ပါဖို့မှာ မလွယ်လှပေ။ ဆရာဒဂုန်တာရာမှာ အလွန် စာဖတ်နာသူ ဖြစ်၏။ ကျမ်းကြီး၊ ကျမ်းငယ်အားလုံး ဖတ်ခဲ့သည်။ ရှင်မဟာရဋ္ဌသာရ၊ နဝဒေးကြီး၊ နတ်ရှင်နောင်ကအစ ရေးစာဆိုကြီးများ၏ ရတုရကန့်များကို နှုတ်တိုက် အာဂုံဆောင်ကျက်မှတ်ကာ ကဗျာဆရာဖြစ်လာရသူ ဖြစ်ပါသည်။ သို့သော် ဆရာတာရာသည် ပေ၊ ပုရပိုက်များကြား အချိန်ဖြုန်းနေသူ မဟုတ်ပေ။ သူ၏မူလ ဇစ်မြစ် မြေရှင်မျိုးရိုးမှ ပေါက်ဖွားလာသော်လည်း တက္ကသိုလ်ရောက်သည်နှင့် အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားနင်းပြားများ ဘဝကို လွတ်မြောက်အောင် တိုက်ပွဲဝင်သူအဖြစ် သူ့အယူဝါဒမှာ တစ်ဆစ်ချိုး ပြောင်းသွားတော့သည်။ စာရေးဆရာဖြစ်လာ၊ တက္ကသိုလ်ကျောင်းသားဘဝတွင် နိုင်ငံရေးလှုပ်ရှားမှု အားကောင်းလာသောအခါတွင် သူ့နိုင်ငံရေးသည် ဆင်းရဲသား အောက်ခြေလူတန်းစားများ လွတ်မြောက်ရေးအတွက် ကြိုးပမ်း

သော နိုင်ငံရေးဖြစ်လာလေသည်။ သူ၏ စာပေအမြင်အရ သူ၏ နိုင်ငံရေး အတွေးအခေါ်ကို တင်ပြသော စာပေ အကဲဖြတ်မှုများကိုလည်း ဆရာက ချပြခဲ့သည်။ ဆိုပါစို့။ သရုပ်ဖော်စာပေနှင့် ပတ်သက်သော ဆရာတာရာ၏ အယူအဆမှာ…

**ဆိုရှယ်လစ်သရုပ်ဖော်စာပေ Socialist Realism ဟူသော စာပေဝေါဟာရ စာလုံးတစ်လုံးကို ၁၉၄၇ ခုနှစ်ကုန် ၁၉၄၈ နှစ်ဦးလောက်က တာရာမဂ္ဂဇင်းတွင် တွေ့လိုက်ရသည်။ လွန်ခဲ့သော ၂၈ နှစ်ခန့်က လွတ်လပ်ရေးရကာစ စစ်ပြီးခေတ်၌ အမျိုးသားလွတ်မြောက်ရေး လူထုလှုပ်ရှားမှုသည် လှိုင်းတံပိုးကဲ့သို့ တက်ကြွပြင်းထန်လာသည်။

လူထုလှုပ်ရှားမှု တက်ကြွလာသည့်အလျောက် ယင်းနိုင်ငံရေး လှုပ်ရှားမှုအလိုက် နိုင်ငံရေးသဘော တရားလေ့လာမှုသည်လည်း နိုးကြားလာလေသည်။ ထိုအခါ နိုင်ငံရေးဝေါဟာရ အသစ်များလည်း ပေါ်လာရသည်။ နိုင်ငံရေးဝေါဟာရအသစ်များနှင့်အတူ စာပေသဘောတရား၊ စာပေအဘိဓမ္မာ လေ့လာရေးသည်လည်း လေးနက်ထက်သန်၍လာခဲ့ရာ စာပေဝေါဟာရများသည်လည်း တိုးပွားလာရလေသည်။ လူထု၊ ပြည်သူ၊ တော်လှန်ရေး စသော စကားလုံးများသည် ပထမတော့ အရပ်သုံး၊ နောက် တော်လှန်ရေး ဝေါဟာရများအဖြစ် တည်ရှိ ခိုင်မာလာသောအခါ သူ့အဓိပ္ပာယ်နှင့်သူ ဖွဲ့စည်းကာ ဝေါဟာရနယ်သို့ ရောက်ရှိလာရလေသည်။ လူထုဆိုသည်မှာ ညီညွတ်စည်းလုံး၍ ထုနှင့်ထည်နှင့်ရှိသော လူထု၊ ပြည်သူဆိုသည်မှာ အဓိနိုင်ခံ၊ အအုပ်စိုးခံ ပြည်သူ၊ တော်လှန်ရေးဆိုသည်မှာ အဟောင်းတစ်ရပ်ပျက်ပြွင်းပြီး အသစ်တစ်ရပ် ဖြစ်ထွန်းလာသည်ကို တော်လှန်ရေး။ ယင်းသို့ သူ့အနက်နှင့်သူ တိကျခိုင်မာသော ဝေါဟာရများအဖြစ် နားလည်သိရှိလာကြပေသည်။ ဆိုရှယ်လစ်သရုပ်ဖော် စာပေဟူသော စကားလုံးသည်လည်း စာပေဝေါဟာရအဖြစ် တည်ရှိလာလေသည်။ တစ်နည်းအားဖြင့်ဆိုရသော် ဆိုရှယ်လစ် သရုပ်ဖော် စာပေဝါဒ၊ သရုပ်ဖော်စာပေ အတွေးအခေါ်သည် စာပေဝေဖန်ရေး အနုပညာနယ်ပယ်၌ ရောက်ရှိခဲ့ပေပြီ။ ဤနေရာ၌ စကားလုံး အသုံးအနှုန်း ပြဿနာရှိသည်။ Realism ဟူသော အနောက်နိုင်ငံမှ ရရှိသော အတွေးအခေါ်ကို မြန်မာဝေါဟာရအားဖြင့် သုံးနှုန်းရာ၌ တချို့ သရုပ်မှန်စာပေ၊ တချို့က

သရုပ်ပြစာပေဟူ၍ အမျိုးမျိုး ရေးသားလာကြသည်လည်း ရှိခဲ့သည်။ ၁၉၅၀ ပတ်ဝန်းကျင်လောက်က ဖြစ်သည်။ သို့သော်သူ၏အဓိပ္ပာယ်ကတော့ မကွဲပြားပေ… ဟူ၍ ဆရာတာရာက သရုပ်မှန်စာပေ၏ အနက်အဓိပ္ပာယ်ကို ရေးသားခဲ့ပါသည်။ Realism ခေါ် သရုပ်မှန်စာပေကို အစပိုင်းက သရုပ်ဖော်စာပေဟု သုံးနှုန်းခဲ့ကြပါသည်။ အလုပ်သမား၊ လယ်သမား၊ ခေါင်းရွက်ဗျပ်ထိုးများ၊ လက်လုပ်လက်စား ပြည်သူများ၏ဘဝကို အဖြစ်မှန်အတိုင်း တင်ပြသည်ကို သရုပ်မှန်စာပေဟုခေါ်သည်။ စာပေဝေါဟာရအရ ယေဘုယျသရုပ်မှန် စာပေသည် အောက်ခြေလူတန်းစား၏ ဘဝကို ဖော်ပြသောစာပေဖြစ်၏။ နေရှင်လူတန်းစား၏ ဘဝကို ဖော်ပြသော သရုပ်မှန်စာပေလည်း ရှိနိုင်ပါသည်။ သို့သော် ထူးထူးခြားခြား မဖြစ်နိုင်ပေ။ သူတို့၏ ချမ်းသာကြွယ်ဝမှု၊ အကျင့်ပျက်မှု၊ ဆင်းရဲသားတို့အပေါ် ခေါင်းပုံဖြတ် အနိုင်ကျင့်မှု၊ သူတို့၏ နိုင်ရာစားအဖြစ်များကို ဖော်ပြနိုင်လျှင် သရုပ်မှန်စာပေမြောက်နိုင်သည်။ ထိုအခါ ဆရာတာရာကပင်…

"သရုပ်ဖော် စာပေဝါဒနှင့် ပတ်သက်၍ အဘိဓမ္မာဆရာ များစွာ အနက်ဖွင့်ဆိုခဲ့ကြသည်။ အနောက်နိုင်ငံ၌ကား စီးပွားရေးစနစ် တိုးတက်ဖွံ့ဖြိုးမှုသည် ကျွန်တော်တို့ထက်စောသည့်အလျောက် နိုင်ငံရေး လှုပ်ရှားမှုကို ထင်ဟပ်သော စာပေလှုပ်ရှားမှုသည်လည်း စောသည်ဟု ဆိုရမည်။ သရုပ်ဖော်စာပေဝါဒကို လွန်ခဲ့သော အနှစ် ၁၀၀ ခန့်ကပင် ဆွေးနွေး ဝေဖန်ခဲ့ကြသည်။

အိန်ဂျယ်၏ သရုပ်ဖော်စာပေဝါဒ အနက်ဖွင့်ချက်မှာ ရှင်းလင်းသည်။ 'မြို့ကြီးသူ' ဟူသော ဝတ္ထုကို ဝေဖန်ရာ၌ သူက ဤကဲ့သို့ တင်ပြထားသည်။

"သရုပ်ဖော်စာပေဝါဒသည်ကား အသေးစိတ် မှန်ကန်ခြင်း သာသောရှိသည်ပင်။ ပီသသော အခြေအနေအောက်၌ ပီသသော ဇာတ်ကောင်များကို သစ္စာရှိစွာ ပြန်လည် ဖန်တီးခြင်းပင် ဖြစ်သည်။"

မာဂရက်ဟာကနက် ထံသို့ ပေးစာ (၁၈၈၈) တွင် ယင်းသို့ သရုပ်ဖော် စာပေဝါဒသဘောကို အမြွက်မျှ ဖော်ပြထားခြင်းဖြစ်သည်။ လွန်ခဲ့သော အနှစ် ၁၀၀ ခန့်က အနက်ဖွင့်ဆိုခြင်း။ ခေတ်များက ပြောင်းခဲ့ပြီ။ သို့သော်

ယင်းသို့ဖွင့်ဆိုချက် အခြေခံ သဘောတရားရေးရာကတော့ မပြောင်းခဲ့ပေ။

ဆရာတာရာက စာပေဝါဒနှင့် ပတ်သက်ပြီး ဤသို့ သုံးသပ်ခဲ့ပြန်သည်။

"နိုင်ငံရေးသိပ္ပံ ဝေါဟာရအားဖြင့်တော့ 'ကုန်ထုတ်လုပ်မှု' (သို့မဟုတ်) ကုန်ထုတ်ဆက်ဆံရေးဟု အများကတော့ 'စီးပွားရေးစနစ်' ဟု အရပ်ခေါ်အားဖြင့် 'စားဝတ်နေရေး' ဟု သုံးနှုန်းကြလေသည်။ ယင်း ကုန်ထုတ်လုပ်မှု (ဝါ) စီးပွားရေးစနစ် (ဝါ) စားဝတ်နေရေးသည်ကား ပင်စည်ပင်မ အခြေခံ။ ယင်း ပင်စည် ပင်မကြီးမှ အကိုင်းအခက်၊ အရွက်အလက်များ ဖြာထွက်လာကြပေမည်။

စီးပွားရေးစနစ်အခြေခံ ပစ်စည်ပင်မကြီးမှ နိုင်ငံရေး၊ ဥပဒေရေး၊ အဘိဓမ္မာရေး၊ အလှဗေဒရေး (စာပေနှင့် အနုပညာရေး) အကိုင်းအခက် အရွက်အလက်များ ဖြာထွက်လာကြခြင်း ဖြစ်သည်။ ဤကား ပင်စည်ပင်မနှင့် အကိုင်းအခက် သဘောတရား၊ ယင်းသဘောတရားကို အဓိပ္ပာယ်ဖွင့်လျှင် အကိုင်းအခက် အရွက်အလက်ကို ပင်စည်ပင်မက အဆုံးအဖြတ်ပေးသည်။ စီးပွားရေးစနစ်က နိုင်ငံရေး၊ ဥပဒေရေး၊ အဘိဓမ္မာရေး၊ အလှဗေဒရေးကို အဆုံးအဖြတ်ပေးသည်။ နိုင်ငံရေးနယ်ပယ်၊ ဥပဒေရေးနယ်ပယ်၊ အဘိဓမ္မာရေးနယ်ပယ်၊ အလှဗေဒရေးနယ်ပယ်တို့ ထင်ဟပ်သည်ဟုပင် တင်ပြခဲ့ပါသည်။

ဆရာစာရာက ဝတ္ထုနှင့်ပတ်သက်၍ သူ့အမြင်ကို ဤသို့ရေးသားခဲ့သည်။

"ဝတ္ထု... ဝတ္ထုကို လူတွေက ဘာကြောင့်ကြိုက်ကြသလဲ။

ဂရိပုံပြင်ကလေးတစ်ခု ရှိသည်။ "နာဆစ်စက်" ဆိုသော ကောင်ကလေးတစ်ယောက် ရေကန်ထဲ၌ သူ၏အရိပ်ကို ကြည့်ရင်းကြည့်ရင်း သူ့ပုံရိပ်ကို ချစ်နေမိသည်။ စွဲလမ်းလာသည်။ နောက်ဆုံး သူချစ်သူကို မရတာနှင့် လွမ်းနာ၊ လွမ်းဖျားကျလျက် ပန်း ဖြစ်သွားသည်။ "နာဆစ်စက်" ပန်းမာလာ ဟုခေါ်ကြသည်။ ပန်းမှာ အဝါရောင်ဟု အဆိုရှိသည်။ ကဗျာဆရာများ ဖွဲ့ကြသောပန်းဟု ယူဆကြသည်။ ယင်း"နာဆစ်စက်"သည်

အတိတ်ခန်း၌ ဝေါဟာရတစ်ခု ဖြစ်လာခဲ့သည်။ "နာဆစ်စက်အယူဝါဒ"ဟု စိတ္တဗေဒသမားများက သုံးကြသည်။ မိမိကိုယ်ပေါ်၌ ကာမဂုဏ်အာရုံ ပွားများခြင်း သဘောဟု စိတ်ပညာဆရာတို့က သတ်မှတ်ကြသည်။ ယင်း ဂရိပုံပြင်၏ ဇာတ်လမ်းမှာ အဓိပ္ပာယ်ထုတ်ယူရလျှင် မိမိကိုယ်ကို ချစ်လွန်း ခြင်းဟူသောသဘော ရှိသည်။ "နာဆစ်စက်" ပန်းမှာလာကတော့ မမြင် ဖူး၍ ဘာရနံ့ရသည်၊ ဘာထူးခြားချက်ရှိသည်ကို မသိ။ မိမိကိုယ်ကို ချစ်ခြင်း ဟူသော အဓိပ္ပာယ်တစ်ရပ်ကတော့ ထွက်ပေါ်လာလေသည်။

ဝတ္ထုသည် ဘာအကြောင်း ရေးထားသလဲ။ လူအကြောင်းရေးထား သော ရသစာပေဖြစ်သည်။ ဝတ္ထုသည် ဖွဲ့နွဲ့ထားသော ရသစာပေဖြစ်သည်။ လူအမျိုးမျိုးအကြောင်း ဇာတ်အိမ်ဖွဲ့ထားခြင်း ဖြစ်သည်။ သို့မို့ကြောင့် စာဖတ်သူသည် လူ့အကြောင်းရေးထားသောကြောင့် သူက ကြိုက်သည်။

ထို့နောက် ထိုဝတ္ထုကို ကြိုက်သည်။ ဒီဝတ္ထုကို ကြိုက်သည်ဟူသော အကြိုက်ရေးရာပေါ်လာလေသည်။ ဘယ်ဝတ္ထုမျိုးကို ကြိုက်သည်၊ မကြိုက် သည် အသေးစိတ်လာလေသည်။ ယင်းသို့ အကြိုက်များ ဖြစ်ပေါ်ရင့်သန် နေသည်မှာ မိမိနှင့်တူသော လူများ (ဇာတ်ကောင်) ကို ဝတ္ထု၌ တွေ့ရသော ကြောင့် ဖြစ်သည်။ မိမိနှင့်တူသော ဇာတ်လမ်းကို ကြိုက်သည်။ မိမိခံစား ချက်နှင့်တူသော ရသကို ကြိုက်သည်။ ဤကား နာဆစ်စက်အယူဝါဒ ခေါ် မိမိကိုယ်ကို မိမိချစ်ခြင်း စိတ္တဗေဒသဘောတရားမှ ဆန်းစစ်ကြည့်ခြင်း ဖြစ်ပေသည်။

ဟု ဝတ္ထုဖြစ်တည်လာခဲ့ပုံကို ရေးသားထားပါသည်။ ထို့နောက် ဆရာတာရာက ယဉ်ကျေးမှုနှင့် ပတ်သက်၍ ဤသို့ တင်ပြထားခဲ့ပါ သည်။

"ရှေးဦး ဘုံခေတ်၊ ပဒေသာပင်ခေတ် ကွယ်ပြီးနောက် ပုဂ္ဂလိက ပစ္စည်း ပေါ်လာသည်။ ထို့နောက် ပုဂ္ဂလိက ပိုင်ဆိုင်မှုကို အခြေပြု၍ လူ တန်းစားများ ပေါ်လာရပါသည်။ ထို့နောက် လူတန်းစားတစ်စားကို ကိုယ်စား ပြုသော နိုင်ငံ၊ အစိုးရ စသည် ပေါ်လာရသည်။ ခေတ်တိုင်း ယင်းသဘော။ ကျေးပိုင် ကျွန်ပိုင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ အရေးပိုင်ခေတ်၊ ကျေး ပိုင် ကျွန်ပိုင် လူတန်းစား၊ မြေရှင်လူတန်းစား၊ အရင်းရှင်လူတန်းစား၊ အကျိုး

စီးပွားတို့ကို အသီးသီး ကိုယ်စားပြုကြသော အစိုးရများ၊ ယင်းသို့သော စီးပွားရေးစနစ်ခေတ် အုပ်စိုးသော လူတန်းစားများက မိမိတို့ အကျိုးစီးပွားနှင့် ကိုက်ညီသော စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ထူထောင်ကြသည်။ မြေရှင်ပဒေသရာဇ်ခေတ်၌ မြေရှင်ပဒေသရာဇ် ယဉ်းကျေးမှု၊ အရင်းရှင်ခေတ်၌ အရင်းရှင်ယဉ်ကျေးမှု။

အုပ်စိုးသော လူတန်းစားက သူ၏အလှဗေဒရေး အယူအဆများကို သူပိုင် အဖွဲ့အစည်းများမှ တစ်ဆင့်ထူထောင်သည်။ ရုပ်ရှင်၊ သဘင်၊ အသံလွှင့်ရုံ၊ မဂ္ဂဇင်း၊ ဂျာနယ်စသော အဖွဲ့အစည်းကိရိယာများ၊ နိုင်ငံတော် အဖွဲ့အစည်းများမှ (သို့မဟုတ်) အရင်းရှင်ပုဂ္ဂလိကပိုင်များမှ စာပေအနုပညာများကို ဖြန့်ချိခြင်းဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာပင် အဖိနှိပ်ခံ လူတန်းစားများက အမျိုးသားလွတ်မြောက်ရေး၊ တော်လှန်ရေး၊ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး၊ ဆိုရှယ်လစ်တော်လှန်ရေးများ စသော တော်လှန်ရေးများလည်း ရှိနေသည်။ ယဉ်ကျေးမှုသစ် အားအင်ဆန်းသစ်စလည်း ပြုလာသည်ဟု သုံးသပ်ရေးသားခဲ့ပါသည်။

စာပေယဉ်ကျေးမှု၏ ဖြစ်ပေါ်တိုးတက်မှုသည် လူတန်းစားဖြစ်ပေါ်တိုးတက်မှုနှင့် ဆက်စပ်နေသည်။ လူ့သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုသည် စာပေ ယဉ်ကျေးမှုကို ဖွားသန့်စင်လိုက်သည်။ ထိုမှနေခေတ်များ စနစ်များသည် ပြောင်းလဲလာသည်။ နိုင်ငံရေးအတွေးအခေါ်များလည်း ပြောင်းလဲလာသည်။ ကုန်ထုတ်ဆက်ဆံရေးနှင့် ကုန်ထုတ်စွမ်းအားစုတို့၏ တိုက်ပွဲမှနေ၍ ခေတ်များသည် ပြောင်းလဲ တိုးတက်လာခဲ့ပေပြီ။

❋

# ဒဂုန်တာရာနှင့် သူ၏အဘိဓမ္မာ
# သူ၏လွတ်လပ်မှု၊ သူ၏နိုင်ငံရေး

ဆရာကြီးသခင်ကိုယ်တော်မှိုင်းပြီးသည့်နောက် မြန်မာ့စာပေလောကတွင် အကြီးကျယ်ဆုံးနှင့် အလွှမ်းမိုးနိုင်ဆုံး စာရေးဆရာကြီးကို ပြောရလျှင် ဆရာဒဂုန်တာရာ ဖြစ်လေသည်။ ကဗျာဆရာ ကြည်အောင်က မောင်ရှုပဟူသော ကလောင်နာမည်ဖြင့် ချင်းတွင်းဂျာနယ်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း မှသည် ဆရာဒဂုန်တာရာဟု ရေးခဲ့သည်။ ကွယ်လွန်သူ စာရေးဆရာ မြတ်လွန်းက ထိုသဘောထားကို ကန့်ကွက်ခဲ့သည်။ သူ့ကို ထောက်ခံသူနည်းခဲ့သည်။ ဆရာကြီးနှင့် ဆရာဒဂုန်တာရာ၏ လမ်းကြောင်း၊ သမိုင်းဖြစ်စဉ်များ မတူဟု သတ်မှတ်ခဲ့သည်။ သို့သော် ဆန့်ကျင်ဘက် သမိုင်းဖြစ်စဉ်များကား မဟုတ်ပေ။ ထိုအဆိုကို ကျွန်တော်တို့က သဘောမတူသော်လည်း မတုံ့ပြန်ခဲ့ပေ။ စာပေလောကတွင် အကြီးမြတ်ဆုံးမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း တစ်ဦးသာ ရှိသည်ဟု မှတ်ယူနေဆဲ ရှိသည်။

သို့သော် ယနေ့ပြန်လည် သုံးသပ်သည့်အခါတွင် ဆရာဒဂုန်တာရာမှာလည်း ယနေ့စာပေလောကတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ပြီးလျှင် (ဆရာကြီးနှင့် ထပ်တူထပ်မျှ မဖြစ်သော်လည်း ဆရာကြီးလို နိုင်ငံရေးသြဇာကြီးသော စာရေးဆရာကြီးမျိုး၊ နိုင်ငံရေးသမား၊ စာရေးဆရာ၊ ကဗျာဆရာများကို သွန်သင် ဆုံးမနိုင်သော ဆရာမျိုးကား မဟုတ်ပေ) စာပေ

လောကတွင် ကြီးစားကြီးသော၊ လွှမ်းမိုးနိုင်သော စာရေးဆရာကြီးဖြစ်သည်ကို ကား ကျွန်တော်တို့ လက်ခံရပေတော့မည်။ ထိုသို့အကဲဖြတ်ရသည်မှာ ဆရာ ဒဂုန်တာရာသည် ကွယ်လွန်ချိန်အထိ စာရေးပြီး လွတ်လပ်သော စာရေး ဆရာကြီးဖြစ်သောကြောင့်ပင်။ ဆရာ့ထက် အသက်ပိုကြီး၊ စာရေးသက်လည်း ရင့်ခဲ့သော ဆရာ မင်းသုဝဏ်၊ ဆရာ ဇော်ဂျီတို့ကား ရှိခဲ့ပါသည်။ သို့သော် သူတို့သည် မြန်မာနိုင်ငံလွတ်လပ်ရေး လှုပ်ရှားမှုတွင် နိုင်ငံရေးသမားများ၊ ကျောင်းသားခေါင်းဆောင်များနှင့် ပတ်သက်ခြင်း မရှိခဲ့သလို သူတို့ကိုယ် တိုင်လည်း ပါဝင် ပတ်သက်ခြင်း မရှိ။ သူတို့သည် အစိုးရအဆက်ဆက်၏ နိုင်ငံ့ဝန်ထမ်းများ ဖြစ်သောကြောင့်လည်း သူတို့တွင် လွတ်လပ်ခြင်း မရှိ။ လွတ်လပ်စွာ တွေးခေါ် ရေးသားခြင်း၊ လွတ်လပ်စွာ ဖန်တီးနိုင်ခြင်း အခြေ အနေများလည်း သူတို့ မရရှိခဲ့ပေ။

ဆရာဒဂုန်တာရာမှာမူ နိုင်ငံရေးပါတီထဲ ဝင်ခြင်း မရှိသော်လည်း နိုင်ငံရေးအယူအဆ သဘောထားရှိခဲ့သည်။ မာ့က္ခဝါဒကို ယုံကြည်ခဲ့သည်။ သခင်ဗဟိန်းနှင့် အရင်းနှီးဆုံး၊ ဗန်းမော်တင်အောင်နှင့် အရင်းနှီးဆုံးဖြစ်ခဲ့ သည်။ သူတို့ နှစ်ဦးစလုံးမှာလည်း မာ့က္ခဝါဒကို ယုံကြည်သူများ ဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း။ သခင်ဗဟိန်း၊ သခင်နု စသူတို့နှင့် ရင်းနှီးခဲ့ပြီး ထိုသူများက သူ့ကို ညီအစ်ကိုသဖွယ် ရင်းနှီးချစ်ခင်ခဲ့လေသည်။ အိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။ ဗကသတွင်လည်း ပါဝင်ခဲ့ဖူးသည်။ နောက်ဆုံး သခင်ဗဟိန်းနှင့် ရှမ်းပြည်နယ်ကို ဖြတ်ပြီး တရုတ်ပြည်အထိပင် သွားဖို့ကြိုးစားခဲ့ဖူးလေသည်။ ဆရာဇော်ဂျီနှင့် ဆရာ မင်းသုဝဏ်မှာ ထိုသို့ လှုပ်ရှားမှုများ မရှိခဲ့ပေ။ ဆရာတာရာကို ယနေ့အထိ ငြိမ်းချမ်းရေး ခေါင်းဆောင်အဖြစ် ပြောနိုင်မှုများလည်း ရှိခဲ့သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လက်ရုံးအဖြစ် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခဲ့၏။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ရက်တွင်လည်း ပါဝင်ခဲ့သလို အဖွဲ့အစည်း စိတ်ဓာတ် ရှိ၍ မြန်မာနိုင်ငံ စာရေးဆရာများအသင်း၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ဖူး လေသည်။ သူ၏အထူးခြားဆုံးမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း မရှိတော့ သည့်တိုင် ငြိမ်းချမ်းရေးအတွက် ဆက်လက် ကြိုးပမ်းခဲ့သည်။ သူ့ကလောင်ဖြင့် ရေးသားခဲ့သလို တပည့်တပန်းများကိုလည်း ငြိမ်းချမ်းရေးအတွက် အမြဲ

တိုက်တွန်း၏။ သူသည် မွေးကတည်းက ယနေ့အထိ အစိုးရအဖွဲ့၏ ဩဇာခံ အလုပ်များ မလုပ်ခဲ့ပေ။ အထူးခြားဆုံး ဖြစ်ပါသည်။ လခစားအဖြစ်လည်း မလုပ်ခဲ့ပေ။ ဆရာဒဂုန်တာရာ၏ အကြီး မားဆုံး ပုံရိပ်မှာ ထိုကဲ့သို့ ဩဇာခံ မဖြစ်ခဲ့သောကြောင့် လုံးဝလွတ်လပ်သူ တစ်ယောက်အဖြစ် ရပ်တည်ခဲ့ခြင်း ဖြစ်ပါသည်။ သူသည် အတွေးအခေါ် သစ်၊ ယဉ်ကျေးမှုအသစ်၊ နိုင်ငံအသစ်၊ စာပေအသစ် စသည်တို့ကို အမြဲ တောင့်တနေသူဖြစ်သည်။ သူတောင့်တနေသော 'အသစ်' ဆိုသည့် အဓိပ္ပာယ်ကို နှောင်းသူများသဘောပေါက်ချင်မှ ပေါက်ပေမည်။ ကျွန်တော်တို့ကမူ သဘောပေါက်လေသည်။ ထိုအသစ်မှာ အဖိနှိပ်ခံပြည်သူများကို အုပ်စိုးသူများဆီမှ လွတ်မြောက်စေခြင်း၊ မတောင့်မတ၊ မကြောင့်မကြနေစေခြင်း အဘိဓမ္မာပင် ဖြစ်ပါသည်။ ထို့ကြောင့် ဆရာက ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးလေသည်။

"နိုင်ငံရေးအင်အားသစ်သည် အင်အားဟောင်းနှင့်မတူ ကွဲပြားခြားနားရပေသည်။ ထို့ကြောင့် အင်အားဟောင်း၏ ရုပ်ပုံလွှာများ၊ ပန်းချီကားချပ်ကို ဖော်ပြလျှင် အင်အားသစ်ပုံပန်းသည် ပို၍ ပေါ်လာလေသည်။

တစ်ညနေ၌ ဆူးလေဘုရားလမ်း စာအုပ်ဆိုင်တွင် မိတ်ဆွေတစ်ယောက်နှင့် တွေ့သည်။ သူက စာအုပ်တစ်အုပ်ဝယ်ပေးရန် ပြောသည်။ ကျွန်တော်က ပိုက်ဆံမရှိကြောင်းပြောရာ သူက လွယ်အိတ်ထဲမှ ခြောက်လုံးပြူးကို ထုတ်ပြီးခင်းထားသော စာအုပ်များပေါ် ပစ်ချလိုက်ကာ 'မင်း ဝယ်မပေးရင် တော့ ဒါပဲ' ဟု ပြောလိုက်သည်။ သူက ကစားခြင်းဖြစ်သည်။ သို့သော် လူစည်ကားလှသော နေရာ၌ ခြောက်လုံးပြူးကြီး ဖော်ပြခြင်းကို ကြားထဲက ကျွန်တော်က ရှက်ကာ မြန်မြန်ထွက်သွားအောင် စာအုပ်တစ်အုပ် အကြွေး ဝယ်ပေးလိုက်ရလေသည်။

ကျွန်တော်နှင့် ကျောင်းနေဖက် သူငယ်ချင်းဖြစ်၍ စာအုပ်ဝယ်ပေးနိုင်းလောက်အောင် ရင်းနှီးသူဖြစ်ပါသည်။ သည့်အတွက် အပြစ် မတင်ပါ။ သို့သော် ခြောက်လုံးပြူးကို လူမြင်ကွင်း ထုတ်ဖော်ပြသည့် 'စိတ်ဓာတ်ကို ကား အံ့ဩရလေတော့သည်။' သူသည် မူးလည်း မူးလျက်ရှိသည်။ သူသည် အုပ်စုတစ်စုက မွေးထားသော စည်းရုံးရေးမှူးတစ်ယောက်ဖြစ်ပေသည်။

မိတ်ဆွေတစ်ယောက်သည် နိုင်ငံရေးသမား မလုပ်လျှင် အောက်တန်း စာရေး နေရာရအောင် အတင်း ကြိုးစားရပေမည်။ သို့သော် ဌာနချုပ်သို့

မကြာခဏ သွားကာ စည်းရုံးရေးမှူးနေရာရသဖြင့် အမတ်လည်း ဖြစ်ခဲ့ရသည်။ မယားဖြစ်သူ ရွှေတွဲလွဲ၊ ငွေတွဲလွဲဖြစ်ကာ အိမ်ဆောက်နိုင်ခဲ့သည်။ ကြီးပွားနေသည်။ ဤသို့နိုင်ငံရေးဝမ်းကျောင်းခြင်းအဖြစ် လုပ်သဖြင့် (ဝါ) နိုင်ငံရေးလုပ်စားသဖြင့် ဟန်ကျနေကာ လူတန်းစားသစ်၌ ပါဝင်နေလေသည်။

ယင်းသို့ နိုင်ငံရေးလှုပ်ရှားမှုကို မှီ၍ စီးပွားရေးရှာသူ၊ မိမိဘဝတက်လမ်းအတွက် အခွင့်အရေးရှာသူများကား ဖဆပလဘက်တွင်သာ မဟုတ်။ အတိုက်အခံဘက်တွင်လည်း ရှိလေသည်။ အခွင့်အရေးဟူသည်ကား ပုံသဏ္ဌာန်အမျိုးမျိုး ရှိလေသည်။

မိတ်ဆွေတစ်ယောက်မှာ အသင်းအဖွဲ့ကော်မတီများတွင် အမှုဆောင်နေရာရအောင် ကြိုးစားလေ့ရှိလေသည်။ နေရာရသွားပြီဆိုသည်နှင့် အစည်းအဝေးလည်း မတက်လာတော့ပေ။ သို့သော် အမှုဆောင်အသစ် ရွေးရမည်နီးလာသောအခါ အစည်းအဝေး ပြန်တက်လာပြီး နောင် နှစ်ဆက်ဖြစ်အောင် ကြိုးစားပြန်တော့သည်။

ခေတ်အဆက်ဆက်၌ ဤသို့ အခွင့်အရေးသမားများ၊ နိုင်ငံရေးကို စီးပွားရေးအလုပ်တစ်ခုအဖြစ် လုပ်သူများ၊ နိုင်ငံရေးကိုမှီ၍ ကိုယ်ကျိုးအမြတ်ထုတ်သူများကကို အခြေခံခြင်းကြောင့် ခေါင်းဆောင်များ လဲကျခဲ့ကြသည်။ ခေတ်များ လဲကျခဲ့ကြသည်။ အစိုးရများ ပြုတ်ကျခဲ့ကြသည်။ ဘီအိုင်အေ ခေတ်၊ အမိပတိ ခေတ်၊ ဖဆပလခေတ်များက ရာဇဝင်သက်သေပြခဲ့ကြပြီးလေပြီ။ ဤလူတန်းစားကို အစကတည်းက မသန့်ရှင်းပစ်နိုင်ခဲ့လျှင် နောင် ကြီးထွားလာပါက သရဲမွေးသကဲ့သို့ဖြစ်ကာ တိုင်းပြည်ကို ဒုက္ခပေးတော့မည်။

ယခုအခါ ဦးနုအား လူထုက ထောက်ခံကြသည်မှာ အေးငြိမ်းတို့ထက် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးကို ပိုအားထားသောကြောင့် ဖြစ်သည်။ ဦးနုသည် ဖဆပလ အင်အားဟောင်းထဲမှာ လူးလွန့်ရုန်းကန်နေသည်ကို မြင်ရသည်။ သို့သော် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးကို ပေးနိုင်မှသာ နိုင်ငံရေးအင်အားသစ်၏ အမြုတေတွင် အင်အားသစ် ပေးနိုင်ပေမည်။ အထူးသဖြင့် အင်အားသစ်သည် ပေါင်းကူးတံတားဖြစ်သည်။

ငြိမ်းချမ်းရေး ရပြီးသည့်နောက် ဖဆပလ၊ ပမညတ၊ ကွန်မြူနစ်၊ ရဲဘော်ဖြူ၊ လူမျိုးစုတော်လှန်ရေး အင်အားစုများ၊ တိုင်းပြည်ချစ်သော ပညာရှင်များ၊ တစ်သီးပုဂ္ဂလများ အစရှိသောပါတီ အဖွဲ့ပေါင်းစုံပါဝင်ရမည့် နိုင်ငံရေးဆိုင်ရာ နိုင်ငံရေးညှိနှိုင်းမှု ညီလာခံကြီးသည် နိုင်ငံရေးအင်အားသစ်တို့၏ လှုပ်ရှားမှု စတင်ရာ ပထမ ကဏ္ဍဖြစ်သည်ဟု တွေးနေမိလေသည်။ ယနေ့ လှုပ်ရှားမှုသည် ဤနိုင်ငံရေး အင်အားသစ် လှုပ်ရှားမှု၏ ပဓာနဖြစ်သည်ဟုလည်း ထင်မိသည်။

လွန်ခဲ့သော ၅၆ နှစ်က ဆရာတာရာ ရေးခဲ့သော ထိုဆောင်းပါးသည် ယနေ့အခြေအနေနှင့် ကွက်တိဖြစ်နေပါသည်။ **အဂတိလိုက်စားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများသည် စစ်အစိုးရခေတ်ကလောက် တိုင်းပြည်ကို မလွှမ်းမိုးနိုင်သေးပေ။** ထိုအဖြစ်သည် နောင်အခါ တိုင်းပြည်တွင် သရဲမွေးသလိုဖြစ်နေမည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။ ယနေ့ သရဲက လွှမ်းမိုးသွားလေသည်။ အဂတိလိုက်စားမှုကို ဗိုလ်နေဝင်းက မွေးသည်။ သူတို့ကိုယ်တိုင်လည်း ပါဝင်ပတ်သက်ကြ၏။ နောက် ဗိုလ်သန်းရွှေကလည်း မွေးလေသည်။ တိုင်းပြည်၏ သမ္မတတစ်ဦး၊ ကာကွယ်ရေးဦးစီးချုပ်တစ်ဦး ရှိသော လစာထက်မကြုံဖူးလောက်သော စိန်စီသော ညများလို သူတို့မိသားစုဘဝတွေကို တည်ဆောက်နိုင်ခဲ့လေသည်။

ဆရာတာရာက ထိုအချိန်က ဦးနုကို လူထုထောက်ခံမှုမှာ ငြိမ်းချမ်းရေး ဒီမိုကရေစီရေးအတွက် ဖြစ်သည်ဟု သုံးထား၏။ မှန်ပါသည်။ ယခုလည်း အတိုက်အခိုက်အင်အားစုဖြစ်သော ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ကို ထောက်ခံခြင်းမှာ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးအတွက်ပင် ဖြစ်လေသည်။ ဦးနုသည် ဖဆပလအင်အားဟောင်းထဲတွင် လူးလွန့်ရုန်းကန်နေသည်ဟု ဆိုသည်။ ဒေါ်အောင်ဆန်းစုကြည်ရော အင်အားဟောင်းတွင် လူးလွန့်ရုန်းကန်နေပါသလား။ အထူးသဖြင့် ငြိမ်းချမ်းရေးအတွက် အင်အားသစ်သည် ပေါင်းကူးတံတားဖြစ်လေသည်။ ယခုအခါ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို ပေးနိုင်သော မည်သည့်အင်အားမဆို လွှမ်းမိုးနိုင်လေသည်။ ယနေ့ရှိနေသော ဘက် နှစ်ဘက်မှ အားရှိသော ဘက်သည် အသာစီးရသွားပေမည်။

ထို့ကြောင့် ဆရာဒဂုန်တာရာသည် နိုင်ငံရေးအမြင် ကြိုတင်တွက်ဆနိုင်သလို ငြိမ်းချမ်းရေးကို စိုက်လိုက်မတ်တတ် အားထုတ်ခဲ့သူ ငြိမ်းချမ်းရေး

ဗိသုကာကြီး ဖြစ်ပါသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းပြီးသည့် နောက် သူသည် စာပေနယ်၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီနယ်တွင် ထူးချွန်သော၊ လေးစား စိတ်ချရမှုယ်ကောင်းသော ငြိမ်းချမ်းရေး ဗိသုကာကြီးတစ်ဦးဖြစ် သည်ကိုကား မည်သူမှ ငြင်း၍ မရပေ။

❋

# ဒဂုန်တာရာ၏ နိုင်ငံရေးအယူဝါဒ

ဆရာဒဂုန်တာရာ၏ နိုင်ငံရေးအယူဝါဒ၊ ငြိမ်းချမ်းရေးအပေါ် သဘောထားစသည့်တို့မှာ ရိုးစင်းလှ၏။ ဆရာသည် တက္ကသိုလ်ရောက်ကတည်းက နိုင်ငံရေးအယူဝါဒအဖြစ် မာ့က္စလီနင်ဝါဒကို ယုံကြည်ခဲ့ပါသည်။ သို့သော် သူသည် မာ့က္စလီနင်ဝါဒကို အကောင်အထည်ဖော်သော ကွန်မြူနစ်ပါတီတွင် တာဝန်ယူခဲ့သူတော့မဟုတ်။ ကွန်မြူနစ်ပါတီ တောခိုချိန်တွင်လည်း စာပေလောကဦးသာ သူကျင်လည်ခဲ့သည်။ လက်ဝဲဝါဒကို လက်ခံသော်လည်း ဆရာသည် ငြိမ်းချမ်းရေးသမားသာ ဖြစ်သည်။ တစ်ဘက်နှင့်တစ်ဘက် လက်နက်ကိုင်သတ်ဖြတ်နေသော ပြည်တွင်း စစ်ကြီးကို ဆရာက မနှစ်မြို့ခဲ့ပေ။ ပြည်တွင်းငြိမ်းချမ်းရေး မရှိဘဲ တိုင်းပြည် မတိုးတက်နိုင်ဟု ဆရာကြီးသခင်ကိုယ်တော်မှိုင်းမှစ၍ နိုင်ငံရေးသမား အဆက်ဆက်၊ စာပေသမားများက လက်ခံခဲ့ကြသည်။ ကျွန်တော်တို့လည်း ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာတာရာတို့၏ ယုံကြည်ချက်အတိုင်း လက်ခံ ယုံကြည်ခဲ့ပါသည်။

ဆရာဒဂုန်တာရာက မာ့က္စလီနင်ဝါဒကို ယုံကြည်ကာ သူ၏စာပေများတွင် ရေးသားခဲ့သည့်အနက် အထင်အရှားဖော်ပြလိုက်သည်မှာ ၁၉၃၉ ခုနှစ်၌ အိုးဝေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော လောကအမွန် ကဗျာတွင် ဖြစ်ပါသည်။ ထိုကဗျာတွင် ဘုံဝါဒနှင့် ပတ်သက်၍ အတိအလင်းရေးသားထား

သလို နေရှင်နှင့် ပစ္စည်းမဲ့ လူတန်းစား ကွဲပြားမှုအကြောင်းကို ပီပီပြင်ပြင်ရေးသားထား၏။ ဖတ်လိုက်ရုံနှင့် လူနားအလည်ဆုံးကဗျာတစ်ပုဒ် ဖြစ်ပါသည်။ နှစ်ပေါင်း ၇၅ နှစ် ကြာမြင့်ခဲ့ပေပြီ။ ရာစုနှစ်တစ်ခုနီးပါး၊ နှစ်ပေါင်း ခိန်ရတုတိုင်သည့်အတိုင်း သူ့အယူအဆကို ထင်ထင်မြင်မြင် ပေါ်လွင်နေပါတော့သည်။

## လောကအမှန်

လူ့ဘောင်သည် ဖန်အဆင်းတွင်မှ
မြေခင်းယာတစ်ကွက်ကယ်ကြောင့်
ရန်ဖက်ကာ ငြိုးမာန်ပျိုးရာက
အစိုးရအဆောက်အဦးဟု
ဖွဲ့စည်းပုံ ပေါ်ကာခြားလာရ
ခေတ်များစွာ ဝေဖန်ကြည့်ရင်ဖြင့်
အားပြည့်သူ ဝါထည်ထည်က
အားငယ်ကို နိုင်ရာစားတယ်
ဖားမျိုသည့် မြွေပမာ။
လူတန်းစားရယ်က
လယ်သမားမြေပိုင်ရှင်ဟု
ရာဇဝင်သကော်မှတ်ကြရ
အမြတ်လျှိုင်လျှိုင်စွန်းအောင်လို့
နှစ်မွန်းသူ ဘယ်လိုနှစ်ပေမယ့်
နှစ်ပေစေနေတိုးရန်ပ
ကိုယ်ကျိုးရှာ လက်တစ်ဆုပ်စာက
တစ်ကမ္ဘာလုံးကူလီတွေကို
သွေးမညီ ခွဲကာနိုင်းတဲ့
ကုန်ရိုင်းတွေလောက်အောင် သွင်းချိန်လို့
အတင်းပေ အစမှုနည်းတွေနဲ့
ကျွန်ပြုကာ ဝန်တင်စီးပေလ

ပန္ဆည်းမှဲ့ အနုတ္တတွေမှာဖြင့်
မနုရှင်ထင်သလိုအနုကို
ပြုသမျှခံရရှာ။

မနုရှင်မသမာစနစ်ကယ်ကြောင့်
စစ်မက်တွေ အခါခါပ
ပြည်ရွာမှ ရင်မအေးနိုင်လို့
အပြိုင်အဆိုင်နယ်ချဲ့လျက်သာပ
လက်နက်သံ တညံညံနှင့်
ဖုံးကျည်ဆန်အမြောက်ကြားမှာဖြင့်
ဆင်းရဲသားအိမ်ခြေယာတို့
သေကျေကာ ပျက်ပြိုစီးရှာကြ
မြို့ကြီးပြည်သာယာကောင်းမှာ
အလောင်းတောင်လိုနေငဲ့
သွေးပေကျံမြေတလွှားမှာတော့
တရားမဲ့ သည်ကမ္ဘာ
နိုင်ရာသည့်လက်ဦး။
မနုရှင်ဆင်းရဲသား
လယ်သမားမြေရှင်ဟု
လူ့ခွင်မှာစည်းရုံးတားရုံလှ
တပ်ပေါင်းစုံအားအင်ဖွဲ့ကာပ
ပန္ဆည်းမှဲ့မွဲတေလံတို့
ပုန်ကန်မည် တပ်ချီဆင်၍
မနုရှင်ထွာတစ်မိုက်ကိုတော့
တိုက်မိုက်ကာ ခေတ်သစ်ချဉ်းလျှင်ဖြင့်
မင်းမြစ်အကုန်လှန်၍
ဘုံနိုင်ငံတည်ထောင်ဖြစ်တဲ့အခါ။
ကွန်မြူနစ် တစ်မြေအောင်မှ
ညီလူ့ဘောင် ပြောင်းတစ်စက်မှာဖြင့်

ရုပ်မြတ်ဟူ ကောင်းမွဲ့ပတဲ့သူ
မည်မျှစွာ တန်းတူရေးငယ်က
ငြိမ်းအေး၍ နေစရာဟု
ချမ်းသာမှန်သုခစစ်ပေလည်း
ညီအစ်ကို သွေးအရင်းလိုပ
ပေါင်းသင်းကာ ချစ်ကြည်လန်းပေလိမ့်
လူ့ခန်းဝါသာတဲ့ ကမ်းမှာလ
ပဒေသာလိုရာဆန်းပေတော့
အေးချမ်းစွာ သည်ကမ္ဘာကိုမှ
သည် လောကမြတ်အမွန်ဟု
စာချွန်မှာ တစ်ဂုဏ်ပြောဝံ့တယ်
လောကခေါင်းမှူး။

**အိုးဝေမဂ္ဂဇင်း**

**၁၉၃၉**

ထိုကဗျာကို ဖတ်ကြည့်လျှင် သူ့အမြင်၊ သူ့အတွေး၊ သူ့အယူဝါဒကို ရှင်းရှင်းလင်းလင်း သိနိုင်ပါသည်။ ထိုအချိန်ကတည်းက သူ့တွင် မာ့က္ခလီနင် အယူဝါဒရှိနေကြောင်း သိသာပါသည်။ ထိုနှစ် ဩဂုတ်လ (၁၅) ရက်နေ့တွင် ရန်ကုန်မြို့၊ မြေနီကုန်း၊ မြေနုလမ်း သခင်ဗဟိန်း၏ နေအိမ်တွင် သခင်အောင်ဆန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်ဗဟိန်း၊ သခင်ဗတင် (မစ္စတာကိုရှယ်)၊ ရဲဘော်နု့တ် (မစ္စတာနု့တ်) စသော ပုဂ္ဂိုလ်များဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီကို ဖွဲ့စည်းတည်ထောင်လိုက်ပါသည်။ ထိုအချိန်ကတည်းက ဆရာဒဂုန်တာရာတွင် ထိုအတွေးအခေါ်ရှိနေကြောင်း သူ၏ကဗျာက ဖော်ပြထား၏။

ဆရာဒဂုန်တာရာ၏ နိုင်ငံရေးအယူဝါဒက ဘာလဲဟု စစ်ကြောမေးမြန်းကြ၏။ ဆရာ့စာများကို လေးလေးနက်နက် ဖတ်ဖူးသူများက သိကြသော်လည်း သာမန်စာရေးဆရာကြီး၊ ကဗျာဆရာကြီး၊ စာပေပညာရှင်ကြီးအဖြစ်သိသူများက ဆရာကြီးကို ပျစ်ပျစ်နှစ်နှစ် ဝေဖန်ကြသည်။ ဆရာကြီး၏ 'ရန်သူမရှိ၊ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ၊ ချစ်သူသာရှိ' ဆိုသော အဘိဓမ္မာ

ကို အလျှော့ပေးရင်း ရွှေပြည်အေးဝါဒအဖြစ် ဝေဖန်ကြသူများလည်း ရှိပါသည်။ မည်သို့ပင်ဖြစ်စေ . . . ဆရာတာရာ၏ဖော်ပြပါ ကဗျာ၊ ဖက်ဆစ်တော်လှန်ရေးနှင့် ပတ်သက်သည့် မတ်လတော်လှန်ရေးကဗျာကို နားလည်ကြမည်ဆိုလျှင် သူ၏နိုင်ငံရေးအမြင်၊ တော်လှန်ရေးအမြင်ကို အကဲဖြတ်နိုင်ကြပေလိမ့်မည်။ တော်လှန်ရေးသမားဆိုသည်မှာ သေနတ်ကိုင်မှ၊ သူပုန်ထမှ တော်လှန်ရေးသမား မဟုတ်ပေ။ အတွေးအခေါ် အယူအဆဟောင်းကို တော်လှန်သူ၊ ဖိနှိပ်သူ သွေးစုပ်မှုကို တော်လှန်သူ မှန်သမျှအား တော်လှန်ရေးသမားဟု ခေါ်နိုင်သည်။ ကဗျာရေး စာရေး၍ တော်လှန်သလို ဖောက်ပြန်သောအုပ်ချုပ်သူများကို တော်လှန်ကြရန် စည်းရုံး၍ လူထုတိုက်ပွဲဖြင့် ဆန့်ကျင်ကြသူများကိုလည်း တော်လှန်ရေးသမားဟု ခေါ်လေသည်။ မြန်မာပြည်သူတို့၏ ဖက်ဆစ်စနစ်တော်လှန်ရေးကို ၁၉၄၇ ခုနှစ်က တာရာမဂ္ဂဇင်းတွင် ဆရာက ဤသို့ရေးခဲ့ပါသည်။

## မတ်လတော်လှန်ရေး

မိုးကုပ်ကုပ်ဝယ်
အို . . ရက်တရက်မြင်းဖြူဆက်၍
ကွဲအက်ကြောင်းရာ ဟဟလာပြီး
မိုးပြာကိုဖြတ် ပတ္တမြားရည်
စီးလည်အဟုန် နီးမြန်းကုန်သည်
အာရုံပေါ်စ ပိုးတဝါး။

မှုန်မွှားမွှားလျှင်
ပိုးဝါးတိတ်ဆိတ်ကြယ်ရောင်ရိပ်ဝယ်
မြစ်ဆိပ်နှင့်လည်း မနီးမဝေး
ချောင်းရိုးဘေးမှ ဖြည်းဖြည်းညင်းညင်း
လှေတစ်စင်းထက် တောတွင်းသားပျို
ဖျင်လက်တိုနှင့် ကိုယ်ကိုဝတ်၍
စိုက်စိုက်ရှေ့သည် ခြောက်သွေ့မြက်ထုံး
ကောက်ရိုးဖုံးလျက် ကွယ်ပုန်းဝှက်လာ

ယူကာ လက်ဆောက် အလျားမှောက်သည့်
လှေအောက်ဝမ်းမှ စက်သေနတ်။

အမှောင်ရိပ်ဝယ်
မှေးမှိတ်ငြိမ်သက် ချောင်းကွေ့ထက်ဝယ်
အုပ်ယှက်ထွေးရော သင်ပေါင်းတော၏
နောက်ကြောဆေးပစ် သောင်ရေစစ်မှ
ဖက်ဆစ်ကင်းစောင့်စစ်စခန်း။

ချောင်းကိုကွေ့သော်
တွေ့လျှင်တွေ့ချင်း မြေငူရင်းသို့
ချင်းကပ်လော်ကာ နီး၍လာလျှင်
အသာ ရုတ်ချင်းတိတ်ဆိတ်မင်းကို
ဖြိုခွင်းပြင်းထန် သေနတ်သံသည်
မြစ်ယံပဲ့တင် တပ်သတည်း။

ငွေလရောင်လျှင်
အမှောင်ညရိပ်သေးသေးဆိတ်သာ
မိုးထိပ်တိမ်ပေါ် ငြိမ့်ငြိမ့်ပေါ်သည့်
စန္ဒာပြုံးလျက် ငုံ့ကာကြည့်ရှင့်
ထွန်းသည့်ညခါ ထိန်ထိန်သာသော်
ကြယ်စွာဝမ်းလျား လယ်ကွင်းနားမှ
တောဖျားညို့အုပ် မှိတ်တုတ်တုတ်လျှင်
ယမ်းလှုပ်ပြကာ မီးအိမ်ဝါနှင့်
အာကာပျံမှိုင်း တွဲလွဲစိုင်း၍
ဖြူဝိုင်းစက်စက် ဆင်းလာသက်မှ
လက်လက်ရောင်ထင် ကျွသွင်သွင်သည့်
လေယာဉ်ပေါ်မှ စစ်ရိပ်

ရွာတစ်ရွာကား
မှိုင်းပြာမဲ့ညို့ မီးရှို့လောင်ကျွမ်း

တင်းဝင်ရမ်းကြောင့် ပရမ်းပတာ
ထွက်ပြေးရှာရ လဟာသွေ့သွေ့
ခိုးငွေ့ဝေဝေ မီးလောင်မြေမှ
နှမ်းခွေပျောင်းရဲ့ ညင်းလေဖွဲ့က
သဲ့သဲ့ခွေးဟောင်သံတကား။

ခရေပွင့်လျှင်
ကြွေရင့်ဝါဝါ မြေ၌မှာပင်
ရောကာပေါင်းယှက် ဟောင်းသစ်ရွက်နှင့်
တစ်ဝက်မောင်းနီ ဝေ့လည်လည်ကို
လေချိုသုတ်ဖြူး နီဝါကူးသည်
နွေဦးပေါက်ဖို့ ရော်ရွက်ကြွေ

ရင့်ကြွေညှောင်းသည်
ရွက်ဟောင်းစွန့်ပစ် ဘဝသစ်သို့
သနစ်ပြောင်းမည် မူးသစ်မီသည်
အနီထဲမှ ကြယ်ဖြူပွင့်

(တာရာမဂ္ဂဇင်း၊ ၁၉၄၇)

ဖော်ပြပါ ကဗျာ နှစ်ပုဒ်မှာ သူရေးခဲ့သော ကဗျာများဖြစ်ကာ ကွန်မြူနစ်ဝါဒ (သို့မဟုတ်) ဘုံဝါဒကို ယုံကြည်ကြောင်း အလေးအနက်ဖော်ပြထားသလို မတ်လတွင် ဖက်ဆစ်တို့ကို တိုက်ပွဲဝင်သည့်အကြောင်း ဂုဏ်ပြုရေးသားထားခြင်း ဖြစ်၏။ ကဗျာတွင် သူ့နိုင်ငံရေးကို ဖော်ပြထားပါသည်။ ယခုသိသာ ထင်ရှားသည့် သူ့ကဗျာနှစ်ပုဒ်ကို တင်ပြလိုက်ရပါသည်။ ဆရာဒဂုန်တာရာ၏ နိုင်ငံရေးမှာ အလွန်လေးနက် ရဲရင့်ပြီး ဘုံဝါဒသာလျှင် ဆင်းရဲသားနင်းပြားပြည်သူများ လွတ်မြောက်ရာဖြစ်သည်ကို အလေးအနက် ဖော်ပြထားခဲ့လေသည်။

*

# ဆရာဒဂုန်တာရာ၏ ငြိမ်းချမ်းရေးအမြင်

၅၀ ခုနှစ်များ ဝန်းကျင်တွင် ဆရာဒဂုန်တာရာ ရေးခဲ့သော ကဗျာများ သာမက ဝတ္ထုများကလည်း ထိုအချိန်က ဖြစ်ပွားနေသော ပြည်တွင်းစစ်ကို ထင်ဟပ်သလို အစိုးရ နယ်၊ သူပုန် နယ်များအဖြစ် ကွဲပြားကာ တစ်ဘက်က လွတ်မြောက်သော ဒေသတစ်ခု ထူထောင်သည်အထိ စိတ်ကူးယဉ်ရေးသား ခဲ့သည်။ သူရေးခဲ့သော သောင်းကျန်းသူနှင့် ညိုမိဂုဏ္ဍာန် ဝတ္ထုများတွင် သူ့ စိတ်ကူးကို ထင်ဟပ်ထားသည်။ တက္ကသိုလ် နန္ဒမိတ်၏ နန္ဒာပုလဲသည် တော်လှန်ရေးအကြောင်းရေးသားခဲ့သဖြင့် ဝတ္ထု အပိတ်ခံရသည်အထိ ဖြစ်ခဲ့ ပါသည်။ ထိုအချိန်က သူကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ကြုံကြိုက်ခဲ့ရသော နိုင်ငံရေးအခြေအနေနှင့် ယနေ့နိုင်ငံရေး အခြေအနေကို ချိန်ထိုး၍ သုံးသပ်နိုင် ပါသည်။ ထိုအချိန်က ဖဆပလအစိုးရ၊ ယခုကား စစ်အာဏာရှင်စနစ်အောက်မှ ထွက်လာသော အရပ်သားအစိုးရ၊ သို့မဟုတ် စစ်ဗိုလ်ချုပ်များက အရပ်ဝတ် လဲကာ အုပ်ချုပ်သောအစိုးရ၊ ယခင်က ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးသည် အဓိကအကျဆုံး၊ နိုင်ငံရေးဆွေးနွေးပွဲများ နောင်မှလုပ်မည်ဟု ကာ/ချုပ်ကိုယ် တိုင်က ကြွေးကြော်ခဲ့သည်။ နိုင်ငံရေးဆွေးနွေးပွဲများကို ရှေ့တန်းတင်ကာ အပစ်အခတ် ရပ်စဲရေးကို မလုပ်လျှင် ရရှိထားသော သဘောတူညီချက်များပင် ပျက်သွားနိုင်သည်ဟု အတိအလင်းပြောဆို၏။ ဆရာတာရာတို့ခေတ်က အခြေအနေကို သူက ဤသို့ရေးထား၏။

"ယနေ့ ငြိမ်းချမ်းရေးပြဿနာ၌ ဒီမိုကရေစီပြဿနာသည် ဝင်ရိုး ဖြင့်နေ၏။ တော်လှန်ရေးအင်အားစုများဘက်မှ ဒီမိုကရေစီ အခွင့်အရေးတောင်း ဆိုမှုများ ရှိသည်။ "ဒီမိုကရေစီ အာမခံချက်" ကို မေးမြန်းကြသည်။

ဒီမိုကရေစီကို မည်သို့ တိုင်းထွာကြသနည်း။

ကိုယ့်အတိုင်းအထွာနှင့်ကိုယ် တိုင်းထွာကြခြင်းဖြစ်၏။ ဖဆပလက "ဒီမိုကရေစီရှိသားပဲ"ဟု ပြောကြသည်။ ဖဆပလ အစိုးရ တည်မြဲမှုကို မထိခိုက်သည်အထိ ဒီမိုကရေစီ ရှိလေသည်။

ဥပမာ ဒီမိုကရေစီ အာမခံချက်ပေးပါရန်၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပစ်ပါရန် စသော အချက်များကို ယခုအခြေအနေအရ (ဝါ) ငြိမ်းချမ်းရေး ပထမဆုံးရရေးကို ရှေ့ရှုလျက် တောင်းရန်ရှိသေးသည်။ ဒီမိုကရေစီ အခွင့်အရေးမှာ တောင်းယူ၍ ရရိုးမဟုတ်။ တိုက်ယူ၍ရမည်ဖြစ်သောကြောင့် တည်း။

တိုက်ယူသည်ဆိုရာ၌ လူထုလှုပ်ရှားမှုတိုက်ပွဲများကို ဆိုလိုသည်။ အကယ်၍ လူထုလှုပ်ရှားမှုများကို တက်တက်ကြွကြွ၊ ကျယ်ကျယ်ပြန့်ပြန့် ခေါင်းဆောင်ပေးနိုင်လျှင် ဒီမိုကရေစီ အခွင့်အရေးများရလာမည် ဖြစ်ပေသည်။

ဒီမိုကရေစီ နယ်ပယ်ဘောင်ကို လူထုလှုပ်ရှားမှု တိုက်ပွဲများဖြင့်သာ ချဲ့ယူရမည်ဖြစ်ပေသည်။

အကယ်၍ ကွန်မြူနစ်ပါတီ တရားဝင် တည်ရှိခွင့်၊ လွတ်ငြိမ်းချမ်းသာ ခွင့်များရမည်ဆိုပါက လက်နက်တိုက်ပွဲပုံသဏ္ဌာန်မှ ငြိမ်းချမ်းသော ဒီမိုကရေစီတိုက်ပွဲများကို ပုံသဏ္ဌာန်သို့ ကူးပြောင်းအပ်ပေသည်။

တော်လှန်ရေးအင်အားစုများ မြေပေါ်ရောက်လာသော် ဆက်လက်၍ ဒီမိုကရေစီအခွင့်အရေးအတွက် လှုပ်ရှားအပ်လေသည်။

"ဖြေ၍ မရသော အထုံးကြီး"

ယနေ့တိုင် ဖြည်မရသော ပြဿနာ ကြိုးထုံးကြီးကား ပြည်တွင်းငြိမ်းချမ်းရေးပင် ဖြစ်သည်။ လာမည့် မတ်လကုန်လျှင် ပြည်တွင်းစစ်သက်တမ်း ၁၀ နှစ်ပြည့်ပေတော့မည်။ ဤကြိုးထုံးကြီးကြောင့် ပြည်သူများမှာ တစ်နေ့ တခြား အားအင် ဆုတ်ယုတ်၍လာပေသည်။

နှစ် နှစ်အတွင်း စစ်အောင်မည်ဆိုသော ကြွေးကြော်သံဖြင့် ၁၉၄၉-၁၉၅၀ လောက်က ကွန်မြူနစ်တို့ဘက်မှ စစ်ရေးအောင်မြင်မှုကို ရှေ့တန်းတင်

သားကာ ငြိမ်းချမ်းရေး ရှာခဲ့သည်။ မရပေ။ ဖဆပလက တန်ပြန် တစ်နှစ်အတွင်း ငြိမ်းချမ်းရေးဆိုကာ စစ်ရေး တိုးမြှင့်ခဲ့ပြန်သည်။ မရခဲ့ပေ။ ငြိမ်းချမ်းရေးသို့ဟု ဆက်ခါလုပ်ခဲ့သည်။ 'ပြည်တော်သာ' ဟူသော စကားလုံးလှလှကလေးများ ပေါ်လာသည်။ အပြတ် တိုက်ခဲ့သည်။ ငြိမ်းချမ်းရေးကား မရခဲ့ပေ။

အစိုးရစီမံကိန်းများ ပျက်တိုင်းပျက်တိုင်း သောင်းကျန်းသူတွေကြောင့်ဟု ဖဆပလခေါင်းဆောင်များက လက်ညှိုးထိုးကာ ပြန်ရှင်းခွင့် မရသောတောထဲမှ သူပုန်များကို အပြစ်တင်ခဲ့သည်။ ငြိမ်းချမ်းရေးရမှ ပြည်တွင်းငြိမ်းချမ်းရေး အကောင်အထည်ဖော်မည်ဆိုသော ယုတ္တိသက်သေတစ်ခု ထွက်နေသည်။ ချုပ်ရသော် မြန်မာပြည်၏ အရေးကြီးဆုံးဖြစ်သော နိုင်ငံရေးပြဿနာမှာ ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာပင်ဖြစ်သည်… ဟု သုံးသပ်ထားပါသည်။ ပြည်တွင်းစစ်ဖြစ်ရသည်မှာ နိုင်ငံရေးပြဿနာကြောင့် ဖြစ်သည်။နိုင်ငံရေးပါတီများသည် မိမိတို့၏နိုင်ငံရေး အယူဝါဒများကို ကွဲလွဲခြင်းကြောင့် ဒီမိုကရေစီ အခွင့်အရေးများ ဆုံးရှုံးကာ ပြည်တွင်းစစ်ဖြစ်လာရသည်။ နိုင်ငံရေးပါတီများသည် မိမိတို့၏ နိုင်ငံရေး အယူဝါဒများကို အုပ်စိုးသူ လူတန်းစားများက လက်မခံ။ တစ်နည်းပြောလျှင် ထိုအယူဝါဒများကြောင့် ဖိနှိပ်သည်။ ဖမ်းဆီးသည်။ သတ်ဖြတ်သည်။ အစိုးရ၏လက်ကိုင်တုတ်များက နိုင်ငံရေးပါတီများနှင့် တက်ကြွသောလူများ ကို ဖမ်းဆီးနှိပ်စက်ရာမှ စ၍ ပြည်တွင်းစစ်သည် ငြိမ်းမရသော မီးတောက် ကြီးဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းကြမည်ဆိုလျှင် မတူသော အယူအဆများကို ဆွေးနွေးကြရပေမည်။ ပြည်သူများအနေဖြင့် ဖက်ဒရယ်ပြဿနာ၊ ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်ကိစ္စများကို ဖြေရှင်းကြပေမည်။ နိုင်ငံရေး ပြဿနာများကို ဖယ်ထုတ်ထားလျှင် ၁၇ နှစ်ကြာ အပစ်အခတ် ရပ်စဲခဲ့သော KIA နှင့် နောက်ထပ် အပြင်းအထန်ဖြစ်ပွားခဲ့သော စစ်ပွဲကြီးများအကြောင်းကို မမေ့အပ်ပေ။ ဆရာတာရာက…

"သွေးနှင့်ပြာကို ပူဇော်လျက်"

ယနေ့အစွန်းထွက်နေသော မူ နှစ်မူကား ဖဆပလမှ လက်နက်ချခဲ့ကြပါ (ဝါ) လက်နက်နှင့် ဒီမိုကရေစီ လဲပါဟူသော မူနှင့် သူပုန်နှင့် ဖဆပလ

နှစ်ဦးနှစ်ဘက် မျက်နှာချင်းဆိုင်၍ တွေ့ဆုံ ဖြေရှင်းချင်သည်ဟူသော မူဖြစ်သည်။

နှစ်မူစလုံး ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းခြင်း ဖြစ်၍ ကောင်း၏။ ကြိုဆိုရမည်ဖြစ်သည်။

လူထုကမူ လက်နက်ကိုင် တိုက်ခိုက်ခြင်းကို ယခုအခါ ရွံရှာနေပြီ ဖြစ်သည်။ ဘယ်နည်းနှင့် ဖြစ်ဖြစ် တိုင်းပြည်အေးချမ်းသွားလျှင် နှစ်သက်မည်သာဖြစ်သည်။ ငြိမ်းချမ်းသော နည်းဖြင့် ဖြေရှင်းခြင်းကို လိုလားကြမည်သာဖြစ်သည်။

တောထဲက ဖဆပလနှင့်တွေ့ဆုံကာ စေ့စပ် ဖြေရှင်းမည်ဟု ဆို၏။ ဖဆပလအစိုးရက မတွေ့ဆုံနိုင်ဟု ငြင်းပယ်ကာ လက်နက်သာ ချချင်ချခဲ့ပါဟု ပြော၏။ ဤတွင် ကြိုးထုံးကြီးမှာ ဖြည်မရဘဲ ဖြစ်နေတော့သည်။

ယမ်းခိုးများကား မှောင်လျှက်ရှိသည်။ မီးရထားသံလမ်းများကား မိုင်းဗုံးများကြောင့် ကွေးကောက်လျှက် ရှိသည်။ မြစ်ရေပြင်၌ သွေးများကား စီးဆင်းလျှက်ရှိသည်။ လူထုသည် ယူနီဖောင်းနှင့် လက်နက်ကို ကိုးကွယ်လျှက်ပင် ရှိနေကြလေသည်။

"စေ့စပ်နေသော မစေ့စပ်ရေး"

ဖဆပလက သူပုန်နှင့် မတွေ့ဘူး၊ မစေ့စပ်ဘူးဟု ခေါင်းခါနေ၏။ ဤသဘောထားကို ဆန်းစစ်ကြည့်မိသည်။

မိမိတိုင်းပြည်ကို ကျူးကျော်လျှက်ရှိသော အစိုးရအနေနှင့်လည်း အသိအမှတ် မပြုသော လူမျိုးခြား ရန်သူကူမင်တန်တို့နှင့် ဘန်ကောက်တွင် စေ့စပ်ညှိနှိုင်းပါလျှက်နှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ၌ ပခုံးချင်းဖက်လာခဲ့သော ရဲဘော် အမျိုးသားချင်း ဘာကြောင့် ခေါင်းချင်း မဆိုင်ချင်ရသလဲ။ မလေးတွင် ခေါင်းဆောင် ရာမန်က ကွန်မြူနစ်ခေါင်းဆောင် ချင်ပင်းနှင့် တွေ့ဆုံရန် ဝန်မလေးခဲ့။ သို့သော် ကွန်မြူနစ်ပါတီကို တရားဝင် ခွင့်မပေး။ မြန်မာနိုင်ငံတွင်ကား ပြောင်းပြန်ဖြစ်နေသည်။ ဝန်ကြီးချုပ်ဦးနုက လက်နက်ကို စွန့်ပါက ကွန်မြူနစ်ပါတီကို တရားဝင် ခွင့်ပေးမည်။ သို့သော် မျက်နှာချင်း မဆိုင်၊ မစေ့စပ်ဟုဆိုသည်ဟု ၁၉၅၈ ခုနှစ်က ရေးသားခဲ့ပါသည်။ ထို့နောက် တိုင်းပြည်တွင် နိုင်ငံရေးအပြောင်းအလဲများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့ပါသည်။ သို့သော် ပြည်တွင်းငြိမ်းချမ်းရေးကား ယနေ့တိုင် မရသေးပေ။ ဆရာတာရာ

ရေးပြီး ၅၆ နှစ်ကြာအထိ ယနေ့ထက်တိုင် ပြည်တွင်းစစ်ကို မရပ်စဲနိုင်ခဲ့သေးပေ။

ဆရာ၏ နိုင်ငံရေးကား ထိုအတိုင်းပင် ဖြစ်သည်။ သူသည် မာ့က္စ၀ါဒကို ခိုင်ခိုင်မာမာ ယုံကြည်ခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေးရ ရမည်ဟုလည်း ယုံကြည်ခဲ့ပါသည်။ ဆိုရှယ်လစ်ဝါဒကိုလည်း အဖိနှိပ်ခံ ပြည်သူများ၏ တစ်ခုတည်းသော ထွက်ရပ်လမ်းဟုလည်း ယုံကြည်ခဲ့၏။ သူ့ယုံကြည်မှုများနှင့်ပတ်သက်၍ သူက သူ၏ ကဗျာပေါင်းချုပ်စာအုပ်၏ အမှာတွင် ဤကဲ့သို့ ရေးသားခဲ့ပါသည်။

"ကျွန်တော်၏ ကဗျာပေါင်းချုပ်ကို ပြန်လည် ဖတ်ကြည့်သောအခါ ကျွန်တော်သည် မိမိယုံကြည်မှုကို သစ္စာရှိခဲ့ပါလေဟာဟူသော ဝေဖန် သုံးသပ်ချက်ဖြင့် ကြည့်မိသည်။ အကယ်၍ ကျွန်တော်သည် ကျွန်တော်ရေးဖွဲ့ခဲ့သော ကဗျာပေါင်းချုပ်ပါ ကဗျာများတွင် မိမိယုံကြည်မှုအား သစ္စာဖောက်သည်ကို တွေ့ရှိလျှင် 'ကဗျာပေါင်းချုပ်' ကို လွှင့်ပစ်လိုက်ပေတော့။ မှန်သားပြင်ကို ခွဲလိုက်ပေတော့။ အဘယ်ကြောင့်ဆိုသော် မိမိယုံကြည်မှုကို သစ္စာမရှိလျှင် ဘာတန်ဖိုးရှိတော့မလဲ။ အရိပ်ထင် မှန်ကြေးမုံလိုပင် ရုပ်ပုံလွှာသည် ထင်ရှားပြီးပြက်နေပါသလော"

ဟု ရေးထားသဖြင့် သူသည် သူ၏ယုံကြည်မှုကို မစွန့်လွှတ်ကြောင်း ၂၀၀၅ ခုနှစ်က ကဗျာပေါင်းချုပ် စာအုပ်ထုတ်သည်အထိ ပြတ်ပြတ်သားသား သူ့သဘောထားကို ထုတ်ဖော်ပြသခဲ့ပါသည်။ ထို့ကြောင့် ဆရာဒဂုန်တာရာ၏ နိုင်ငံရေးအမြင်။ ငြိမ်းချမ်းရေးအမြင်၊ ပြည်တွင်းစစ်အပေါ် သုံးသပ်ချက်၊ အဖိနှိပ်ခံပြည်သူများဘက်မှ ရပ်တည်ချက်တို့ကို မြင်တွေ့ရလေသည်။ ယခုသူ မရှိတော့။ သို့သော် သူ၏နိုင်ငံရေးအမြင်၊ ငြိမ်းချမ်းရေးအမြင်၊ စာပေအမြင်များကို နောင်မျိုးဆက်များက ဆက်ခံကျင့်သုံးဖို့ အလွန် လိုအပ်လှပါသည်။ သူသည် ရန်သူမရှာဘဲ မိတ်ဆွေများသာ ရှိလိုသည်။ မုန်းသူမရှိဘဲ ချစ်သူများသာ ရှိလိုပါသည်။ သို့သော် သူ မျှော်မှန်းသလို ဖြစ်သည် မဖြစ်သည်ကား သမိုင်းရေး ပြဿနာဖြစ်ပါသည်။ ကျွန်တော်တို့ကား အလွန် ရဲရင့်သော ငြိမ်းချမ်းရေး ဗိသုကာကြီး တစ်ယောက်ကို ဂုဏ်ပြု ဦးညွှတ်ကြရပေလိမ့်မည်။

**ကိုးကားစာအုပ်များ**


၁။ ပန်းနုရောင်နှစ်ကာလများ - ဒဂုန်တာရာ
၂။ နိုင်ငံရေးယဉ်ကျေးမှု - ဒဂုန်တာရာ
၃။ ကဗျာပေါင်းချုပ် - ဒဂုန်တာရာ
(ရာပြည့်စာအုပ်တိုက် ၂၀၀၅၊ ဇန်နဝါရီ) - ဒဂုန်တာရာ
၄။ နိုင်ငံရေးခေါင်းဆောင်မှုဘာယ်လဲ - ဒဂုန်တာရာ
၅။ အလှဗေဒ (၁) - ဒဂုန်တာရာ
၆။ အလှဗေဒ (၂) - ဒဂုန်တာရာ
၇။ သခင်သင်းပြန်တော့ - ဒဂုန်တာရာ
၈။ စာလုံး စောင်းကြီး ဆေးစက်နှင့်
ကတ္တီပါ ကားလိပ် - ဒဂုန်တာရာ
၉။ ရုပ်ပုံလွှာ - ဒဂုန်တာရာ
၁၀။ ဒို့ခေတ်ကိုတော့ ရောက်မည်မလွဲပါ - ဒဂုန်တာရာ
၁၁။ ဒဂုန်တာရာ၏ ဒဂုန်တာရာနှင့် သူ၏ကဗျာ - ဒဂုန်တာရာ


❋

## ဒဂုန်တာရာနှင့် နိုင်ငံရေး

ဆရာ ဒဂုန်တာရာ၏ နိုင်ငံရေးကို ခွဲခြမ်းစိတ်ဖြာကြည့်ရာတွင် နှစ်ပိုင်းတွေ့ရ၏။ တစ်ပိုင်းမှာ သူ၏ တော်လှန်ရေးအမြင် ဖြစ်သည်။ သူသည် တက္ကသိုလ်ကျောင်းသား ဘဝကတည်းက မာ့က်စ်လီနင်ဝါဒကို လက်ခံသူဖြစ်ကြောင်း၊ သူ၏စာများနှင့် အပေါင်းအသင်းများကို လေ့လာဆန်းစစ်ကြည့်ရာတွင် တွေ့ရလေသည်။ သူသည် ဗမာပြည် ကွန်မြူနစ်ပါတီခေါင်းဆောင်များနှင့်ရင်းနှီးပြီး သူတို့နှင့်သဘောတရားအမြင်ချင်း တူသော်လည်း ကွန်မြူနစ်ပါတီနှင့် ပတ်သက်ခြင်း မရှိပေ။ သူ့ကို ဖဆပလနှင့် အရှောက်အုပ်စုက လက်ဝဲ စာရေးဆရာအဖြစ် သတ်မှတ်ကြသည်။ ထိုသို့ဖြစ်အောင်လည်း သူက ဆိုရှယ်လစ်စနစ်တို့ကို ဦးတည် ရေးလေ့ရှိပါသည်။ ဆရာတာရာသည် လွတ်လပ်မှုကိုမြတ်နိုးသူဖြစ်၏။ သူသည်ပါတီ အဖွဲ့အစည်းများ၏ ချုပ်ကိုင်မှုအောက်တွင် မရှိလိုသူဖြစ်ပါသည်။ စစ်ပြီးခေတ်သူ၏ စာပေလှုပ်ရှားမှုများမှာ ဆိုရှယ်လစ်စနစ်ကို ဦးတည်လေသည်။ တော်လှန်ရေးအသံများဖြင့် ထုံမွမ်းနေသည်။ ဆရာတာရာ၏ နိုင်ငံရေးအမြင်မှာအမြဲလိုလို ခေတ်မီဘိုးဘက်လျက်ရှိပါသည်။ ဥပမာ ၂၀၀၀ ပြည့်နှစ် ဝန်းကျင်များက နိုင်ငံရေးနှင့် စီးပွားရေး ကမ္ဘာ့အင်အားစုတွင် ဂလိုဘယ်လိုက်ဇေးရှင်းမှာ ရှေ့တန်းရောက်နေ၏။ ထိုအချိန်က ဆရာသည် ကျွန်တော့်အား ဂလိုဘယ်လိုက်ဇေးရှင်း

အကြောင်း မေးလေသည်။ ထိုစဉ်က ဆရာသည် မျက်စိကောင်းကောင်း မမြင်ရတော့၊ ဘေးမှ သူ့တူမကလည်းကောင်း၊ သူ့မြေးက သော်လည်းကောင်း၊ စာများ ဖတ်ပြရသည်။ သောတအာရုံဖြင့် သူက ထို ဂလိုဘယ်လိုက်ဖေးရှင်းကို ကျွန်တော့်ထံမှာလည်း သိရှိလိုသောကြောင့် မေးလိုက်ခြင်း ဖြစ်၏။ ကျွန်တော်က ရှင်းပြပြီးသောအခါ ဆရာက "ဂလိုဘယ်လိုက် ဖေးရှင်းဆိုတာ အရင်းရှင် စနစ်ရဲ့ ဈေးကွက်ဖြန့်ကြက်မှုပါလား" ဟု ကောက်ချက်ချသွားသည်ကို ကျွန်တော် အမှတ်ရနေမိပါသည်။ ထိုကောက်ချက်ကို ကြည့်၍ ဆရာသည် အလွန် ခေတ်မီကြောင်း ကျွန်တော် တွေးမိပါသည်။

ဆရာက တော်လှန်ရေးအမြင်များ၊ မာ့က္စဝါဒ အတွေးအမြင်များရှိသည်ဆိုသော်လည်း သူသည် စစ် ဆန့်ကျင်ရေးသမား ဖြစ်သည်။ ၁၉၅၆ ခုနှစ် ဟန်ဂေရီကို ဆိုဗီယက်တပ်နီတော်က ဝင်သိမ်းသည်ကို သူက ဆန့်ကျင်၏။ အင်အားနည်းသော နိုင်ငံကို အင်အားကြီး နိုင်ငံတစ်ခုက မည်သည့် ရည်ရွယ်ချက်ဖြင့်ပင် တိုက်တိုက် ကျူးကျော်မှုဖြစ်သည်၊ နယ်ချဲ့မှုဖြစ်သည် ဟု သူကျင်လည်ရာ စာပေအသိုင်းအဝိုင်းတွင် ဟန်ဂေရီကိစ္စကို ရဲရဲဝံ့ဝံ့ရပ်တည်ခဲ့သည်။ ဆရာတာရာက ကျူးကျော်မှုတစ်ခုအဖြစ် ဆန့်ကျင်ခဲ့ပါသည်။ ထို့အပြင် တိန့်ရှောင်ပင် အာဏာရနေသောကာလ တရုတ်အစိုးရက ဗီယက်နမ်သို့ ဝင်တိုက်ခဲ့သည်အား သူဆန့်ကျင်ခဲ့သည်။ ထိုစဉ်က သူရေးလိုက်သော အသုံးအနှုန်းတစ်ခုမှာ "ယနေ့ခေတ်၌ စစ်ပွဲမျိုးစုံပေါ်နေ၏။ နယ်ချဲ့စစ်၊ ကျူးကျော်စစ်၊ တော်လှန်စစ်၊ နောက် ဒဏ်ပေးစစ်" ဟူ၍ ဖြစ်သည်။ ဒဏ်ပေးစစ်ဆိုသည်မှာ ဗီယက်နမ်ကို တရုတ်တပ်များ ဝင်ရောက်တိုက်ခိုက်စဉ် တိန့်ရှောင်ပင်က ဗီယက်နမ်ကို ဒဏ်ခတ်မည်ဟု သုံးနှုန်းလိုက်သော စကားကို အနောက်မီဒီယာများက Punishing War ဟု သုံးနှုန်းလိုက်ခြင်းအပေါ် ဆရာကလည်း ဒဏ်ပေးစစ်ဟု သုံးနှုန်းလိုက်လေသည်။ ထိုဒဏ်ပေးစစ်ကိုလည်း ဆရာက လက်မခံပေ။ သူရေးသော စာပေသဘောတရားများ၌ သူ၏နိုင်ငံရေးမှာ အမြဲထင်ဟပ်နေ၏။ သူက ဆိုရှယ်လစ် သရုပ်ဖော်စာပေကို လေးလေးနက်နက် သုံးစွဲတတ်ပါသည်။

မကြာသေးခင်တစ်ရက်က စာရေးဆရာတစ်ဦးနှင့် စာပေဆွေးနွေးပွဲကို ရုပ်မြင်သံကြားတွင် ကြည့်ရပါသည်။ ထိုစာရေးဆရာကို ပရိသတ်ထဲမှ

လူငယ်စာရေးဆရာတစ်ယောက်က ထ မေး၏။ ထိုသူငယ်က Realism (သရုပ်မှန်စာပေ) ကို ဘယ်လိုမြင်ပါသလဲ။ သရုပ်မှန်လို့ ခေါ်မလား၊ သရုပ်ဖော်ဟုခေါ်မလားဟု မေးသည်။ အမေးခံရသော စာရေးဆရာက Realism ကို အကျယ်ချဲ့ပြီး ရှင်းပြ မနေဘဲ ''သရုပ်ဖော်စာပေလို့ ကျွန်တော်တို့ လက်ခံထားတဲ့ Reslism ကို တချို့ကတော့ ဆင်းရဲသားတွေအကြောင်းရေးမှ သရုပ်ဖော်စာပေဖြစ်တယ်လို့ ပြောနေကြတာကို ကျွန်တော် လက်မခံဘူး။ ကျွန်တော်ကတော့ ချမ်းသာတဲ့သူတွေ အကြောင်းရေးတာလည်း သရုပ်ဖော်စာပေလို့ လက်ခံတယ်''ဟု ဖြေကြားသွားပါသည်။ သရုပ်ဖော်စာပေ ခေါ်ခေါ်၊ သရုပ်မှန်စာပေ ပြောပြော၊ မြန်မာလိုပြန်လိုက်သည့် ထိုစာပေ၏ အင်္ဂလိပ် ဝေါဟာရမှာ Realism သာဖြစ်ပါသည်။ ဘဝ၏လက်တွေ့ဖြစ်ရပ်မှန်ကို ဖော်ပြသော စာပေဖြစ်၏။ ထိုစာပေတွင် သရုပ်ခွဲထားကြသည်။ ဆင်းရဲသား သရုပ်ဖော်စာပေ၊ ခေတ်ရှင်သရုပ်ဖော်စာပေ သို့မဟုတ် သရုပ်မှန်စာပေ၊ ဆိုရှယ်လစ်သရုပ်မှန်စာပေ တော်လှန်ရေးသရုပ်မှန်စာပေ၊ ဝေဖန်မှုသရုပ်မှန်စာပေ စသဖြင့် Realism နှင့်ပတ်သက်ပြီး သရုပ်ခွဲထားကြသည်။ ထိုအပေါ်တွင် ဆရာဒဂုန်တာရာ၏ သဘောထားမှာ ''ဆိုရှယ်လစ် သရုပ်ဖော်စာပေ (Socialist Realism) ဟူသော စာပေဝေါဟာရ စာလုံးတစ်လုံးကို ၁၉၄၇ ခုနှစ်အကုန် ၁၉၄၈ နှစ်ဦးပိုင်းက တာရာမဂ္ဂဇင်းတွင် တွေ့လိုက်ရသည်။ လွန်ခဲ့သော ၂၈ နှစ် လွတ်လပ်ရေး ရပြီးခါစက အမျိုးသားလွတ်မြောက်ရေး လှိုင်းတံပိုးမှာ လှုပ်ရှား ပြင်းထန်လာ၏။ လူထုလှုပ်ရှားမှု တက်ကြွလာသည့် အလျောက် ယင်းနိုင်ငံရေး သဘောတရားအလိုက် နိုင်ငံရေးလှုပ်ရှားမှုသည်လည်း နိုးကြားခဲ့ပေသည်။ ထိုအခါ နိုင်ငံရေး ဝေါဟာရများသည်လည်း တိုးပွား၍ လာရလေသည်။ လူထု၊ ပြည်သူ၊ တော်လှန်ရေး စသည့် စကားလုံးများသည် သာမန်အရပ်သုံးဖြစ်သော်လည်း နိုင်ငံရေးဝေါဟာရ ဖြစ်သွားသည်။ လူထုဆိုသည် ညီညွတ်စည်းလုံး၍ ထုနှင့်ထည်နှင့်ရှိသော လူထု၊ ပြည်သူဆိုသည်မှာ အဖိနှိပ်ခံ၊ အအုပ်စိုးခံ ပြည်သူ၊ အဟောင်းတစ်ရပ်ပျက်ယွင်း၍ အသစ်တစ်ရပ် ဖြစ်ထွန်းလာသော အဖြစ်သနစ်ကို တော်လှန်ရေး။ ယင်းသို့ သူ့အဓိပ္ပာယ်နှင့်သူ တိကျနိုင်မာသော ဝေါဟာရများအဖြစ် နားလည်သိရှိလာပေမည်။ ဆိုရှယ်လစ်သရုပ်ဖော်စာပေဆိုသည်မှာလည်း

စာပေဝါဟာရဖြင့် သိရှိလာသည်။ တစ်နည်းပြောရလျှင် အတွေးအခေါ် စာပေသည် စာပေဝေဖန်ရေး အနုပညာနယ်ပယ်၌ ရောက်ရှိခဲ့ပေသည်။ ဤနေရာ၌ စကားလုံး အသုံးအနှုန်း ပြဿနာရှိ၏။ Realism ဟူသော အနောက်နိုင်ငံမှရရှိသော အတွေးအခေါ်ကို မြန်မာဝေါဟာရအဖြစ် သုံးနှုန်းရာ၌ တချို့က သရုပ်မှန်စာပေဟု ရေးသားဖော်ပြလာသည်လည်း ရှိခဲ့ဖူးသည်။ ၁၉၅၀ ပတ်ဝန်းကျင်လောက်က ဖြစ်သည်။ သို့သော် သူ၏ အဓိပ္ပာယ်ကတော့ မကွဲပြားပေ" ဟု ရေးသားထားပါသည်။

ဆရာဒဂုန်တာရာ၏ နိုင်ငံရေးအမြင်တွင် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ထားပါသည်။

"တစ်နေ့က အမေရိကန် တိုင်းမ် မဂ္ဂဇင်းကိုဖတ်ရာ 'အုပ်စိုးနေသော ဗိုလ်ချုပ်များ" ဟူ၍ မြေပုံနှင့်တကွ ကိုင်ရိုမှ ဘန်ကောက်အထိ ဖော်ပြထားသည်ကို တွေ့ရသည်။ သည်တွင် မြန်မာပြည် မြေပုံ၌ ဗိုလ်ချုပ်နေဝင်း၏ ဓာတ်ပုံကို မြင်ရသည်။

စစ်အာဏာရှင်စနစ်သည် နောက်တစ်လှမ်းဆုတ်ခြင်းပင် ဖြစ်သည်။ ထို့နောက် ရှေ့တစ်လှမ်း တက်ချင် တက်မည်။ မတက်ဘဲနေချင်လည်း နေမည်ဟု တိုင်းမ်က ဖော်ပြထားသည်။

နိုင်ငံတစ်နိုင်ငံတွင် စစ်အာဏာရှင်စနစ် ထူထောင်ကာ အစိုးရအပြောင်းအလဲဖြစ်သဖြင့် ယင်းနိုင်ငံအစိုးရက အမေရိကန်နိုင်ငံခြားရေးပေါ်လစီအား အကျိုးပြုသည်လည်း ရှိမည်။ မပြုသည်လည်း ရှိမည်။ သို့သော် စစ်အာဏာရှင်စနစ် နောက် တစ်လှမ်းဆုတ်ခြင်းဟုသာ ဖော်ပြထားရှိလေသည်။

စစ်တပ်က အာဏာသိမ်းခြင်း (ဝါ) စစ်အာဏာရှင်စနစ်သည် လက်နက်ဝါဒဖြစ်သဖြင့် မည်သည့် ဒီမိုကရေစီသမားများကမှ မနှစ်သက်ချေ။ လက်နက်ဝါဒ (ဝါ) သေနတ်ဖြင့် ခြိမ်းခြောက်သော နည်းသည် ဒီမိုကရေစီဝါဒ (ဝါ) လူထုထံမှ တရားသဖြင့် ဆန္ဒခံယူခြင်းနှင့် ဆန့်ကျင်လေသည်ဟု ဆရာတာရာက သုံးသပ်ထားလေသည်။

သူက နိုင်ငံရေးသမားများနှင့်ပတ်သက်၍ နိုင်ငံရေးသမားများ၏ စွန့်လွှတ် အနစ်နာခံမှုကို လေးစားသည်။ သူနှင့် ရင်းနှီးခဲ့သူ၊ လက်တွဲခဲ့သူ

များသည် သေသူသေ၊ ထောင်ထဲ ရောက်သူရောက်ဖြင့် တကွဲတပြားစီ ဖြစ်ကုန်ကြ၏။ သူက ထိုသူများသည် ရိုးသားဖြောင့်မှန်သည်ဟု ယုံကြည်လေသည်။ အာဏာရ နိုင်ငံရေးသမားများထဲမှ တချို့၏အပြုအမူ၊ လူမှုရေးကိစ္စများတွင် အတော် အောက်တန်းကျသည်ကို သူက ဤကဲ့သို့ ရေးထားလေသည်။

"တစ်ခါက နိုင်ငံခြားကိုယ်စားလှယ်အဖွဲ့တွင်ပါသွားရာ မြို့တော်ဝန်က တည်ခင်းသော နိုင်ငံရေးစားပွဲတစ်ခု၌ နိုင်ငံရေးသမားတစ်ဦးက သူ့အား ကြက်ဥနှင့် ငါးကြော် သီးသန့်လုပ်ပေးရန်မှာထားရာ မြန်မြန်ရောက်မလာကောင်းလားဟု အိမ်ရှင်အား ကြိမ်းမောင်း ဆဲရေးသည်ကို ကြုံဖူးသည်။

နိုင်ငံရေးခေါင်းဆောင်တစ်ဦးက သူ မလိုသော သူတစ်ဦးကို ကော်မတီထဲ မပါအောင် နယ်ချဲ့သူလျှိုဟု စွပ်စွဲသည်ကိုလည်း ကြုံဖူးလေသည်။

ကျောင်းသားသမဂ္ဂနှင့် တို့ဗမာအစည်းအရုံးမှ မိတ်ဆွေများမှာ ထောထဲ ရောက်သူရောက်နှင့် မိတ်ဆွေသစ်များဖြစ်နေသည်ကို တွေ့ရသည်။ အချို့သော နိုင်ငံရေးသမားများနှင့် ကော်မတီထဲတွင် အတူ လုပ်ဖူးလေရာ "နိုင်ငံရေးဆိုတာ ညစ်ပတ်တဲ့ အလုပ်ပဲ" ဆိုသော စကားကို သက်သေပြကြတော့သည်။ မှု မရှိဘဲ လူကိုပဲ အလေးထား လုပ်နေရာ စိတ်ပျက်စရာကောင်းလှတော့သည်။

ဒါရိုက်တာ သုခက "ဒါနဲ့မင်းက… စာပေမှာ နိုင်ငံရေးပါရမယ်ဆိုကွ" ဟု ကျွန်တော့်အား ပြုံး၍မေး၏။

ကျွန်တော်က "ကျွန်တော် စိတ်ပျက်နေတာက နိုင်ငံရေးသမားတွေပဲ" ဟု ညစ်ပတ်သော နိုင်ငံရေးသမားအကြောင်းပြု၍ လွတ်ခနဲ ပြောလိုက်လေသည်။

၁၃၀၀ ပြည့်အရေးတော်ပုံ ခေတ်ကကဲ့သို့ ကြည်နူးမှု မခံစားရသည်မှာ ကြာပေပြီ။ လွတ်လပ်ရေးတိုက်ပွဲ၊ ဖဆပလ ခေတ်ဦးက ထိုခံစားဖူးရှိခဲ့သေးသည်။ နောက်ပိုင်းတွင်ကား မရိုးသားသော နိုင်ငံရေးသမားများကို တွေ့ရ၍ ခေါင်းဆောင်မှုကို မယုံကြည်တော့။ အမှန်အားဖြင့် နိုင်ငံရေးမှာ မြင့်မြတ်သည်။ အများ အကျိုးဆောင်ခြင်း ဖြစ်သည်။ နိုင်ငံရေးသမားများ

မှာ ကိုယ်ကျိုးစွန့်သူ၊ အနစ်နာခံသူ ဖြစ်သည်။ ယင်း နိုင်ငံရေး၊ ယင်းနိုင်ငံသမားများပြန်လည် ဆန်းသစ်လာအောင် ဝေဖန်ရေးသမားများက ရေးသားသင့်သည်ဟု ထင်မိလေသည်ဟု ကိုယ်ကျိုးရှာနိုင်ငံရေးသမားများနှင့် ပတ်သက်ပြီး သူ့အမြင်ကို ခပ်ရဲရဲပင် ရေးသားထားလေသည်။ ဆရာက ရိုးသား၏။ သူ့ဘဝ တစ်လျှောက်လုံးတွင် သူ့ကိုယ်ကျိုးအတွက် မည်သည့်အာဏာ၊ မည်သည့် ရာထူးမျှ မယူခဲ့သလို မည်သူ့ထံတွင်မှ လခစားဖြင့် သူများသြဇာခံမနေခဲ့ပေ။ သူ့လို စာရေးဆရာရှာမှရှားပါသည်။ ဆရာ၏ နိုင်ငံရေးအယူဝါဒမှာ ဖိနှိပ်ခံများဘက်မှ ရပ်တည်ရေးဖြစ်၏။ အလုပ်သမား၊ လယ်သမားနှင့် တော်လှန်သော ပြည်သူများဘက်မှ အမြဲရပ်တည်ခဲ့သလို ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်ခဲ့သူတစ်ယောက်ဖြစ်ကြောင်း သူ့သမိုင်းက လက်တွေ့ပြသသွားခဲ့ပါပြီ။

❐

# နိုင်ငံရေးယဉ်ကျေးမှု

"လူသည် နိုင်ငံရေးသတ္တဝါဖြစ်သည်" ဆိုသော စကားအတိုင်း လူတွေ နိုင်ငံရေးအတွေးအခေါ်ရှိကြသည်ချည်း ဖြစ်သည်။ ဆိုလိုသည်မှာ လူတိုင်း၊ လူတိုင်းသည် မိမိလိုလားသော မိမိနှစ်သက်သော အတွေးအခေါ် တစ်ခုကိုကား လက်ခံသည်ချည်း ဖြစ်၏။ ကိုလိုနီခေတ်က ဗြိတိသျှနယ်ချဲ့ သမားကို ဆန့်ကျင်သော၊ မကျေနပ်သော အတွေးအခေါ်မျိုး၊ တချို့ကလည်း နယ်ချဲ့သမားက တိုင်းပြည်ကိုလာရောက် အုပ်ချုပ်သည့်အတွက် မိမိတို့တိုင်း ပြည် ဖွံ့ဖြိုးနေသည်ဟူသော အတွေးအခေါ်မျိုး၊ ထိုအတွေးအခေါ်များမှာ နိုင်ငံရေး အယူဝါဒများ ဖြစ်ပါသည်။ စာပေတွင်လည်း ထိုအတိုင်းပင် ဖြစ် သည်။ မိမိဘဝ၏ အတွေ့အကြုံ၊ စာပေ ရိုက်ခတ်မှုတို့ကြောင့် နိုင်ငံရေး အတွေးအခေါ်မှာ ကွာခြားသွားသည်။ လူတို့၏ နိုင်ငံရေးအတွေးအခေါ်မှာ မိုးပေါ်က ကျလာသည်မဟုတ်၊ တန်ခိုးရှင်က ဖန်ဆင်းပေးလိုက်ခြင်းလည်း မဟုတ်ပေ။ လူတို့၏ ဘဝပြဿနာချက်ကြောင့် မိမိခေါင်းထဲတွင် စွဲကျန်မှတ် ဆင်လာခြင်း ဖြစ်ပါသည်။

ဆရာဒဂုန်တာရာသည် တက္ကသိုလ်ကျောင်းသား ကိုဌေးမြိုင်ဘဝက တည်းက ကျောင်းသားသမဂ္ဂအပေါ် လေးနက်မှုနှင့် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ရှိခဲ့သူဖြစ်သည်။ သမဂ္ဂ၏ကြွေးကြော်သံ အိုးဝေမဂ္ဂဇင်းတွင် အယ်

ဒီတာ လုပ်ခဲ့သည်။ အိုးဝေမဂ္ဂဇင်းတွင် သူရေးသားခဲ့သော အယ်ဒီတာအာဘော်ဖြစ်သည့် 'နေဦး' ဆိုသော ခေါင်းကြီးပိုင်းမှာ အလွန် ထင်ရှားခဲ့ပါသည်။ ထိုအခါမှစပြီး သမဂ္ဂ ခေါင်းဆောင်များဖြစ်သည့် ကိုအောင်ဆန်း၊ ကိုဗဟိန်း၊ ကိုကျော်ငြိမ်း စသူများနှင့် ရင်းနှီးခဲ့သလို သူကိုယ်တိုင်ကလည်း မာ့က္စဝါဒ သဘောတရားများကို လက်ခံ ယုံကြည်ကာ ဆည်းပူးနေချိန်လည်း ဖြစ်၏။ ဒဂုန်တာရာ၏နိုင်ငံရေးအမြင်၊ နိုင်ငံရေးအယူအဆသည် ဘာလဲဟု သုံးသပ်ကြမည်ဆိုလျှင် သူကိုယ်တိုင် အဓိပ္ပာယ်ဖွင့်ဆိုသော နိုင်ငံရေးယဉ်ကျေးမှု အကြောင်းကို တင်ပြဖို့ လိုအပ်လာပါသည်။

(က)

"နိုင်ငံရေး ယဉ်ကျေးမှုဟူသော စကားလုံးကို စတင် သုံးစွဲခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်၊ ၄၀ နီးပါးရှိပြီဟု ခန့်မှန်းကြည့်သည်။ ထိုအခါ ယဉ်ကျေးမှုနှင့်ပတ်သက်ပြီး အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ပြုစု ပျိုးထောင်ခြင်းဟု အဓိပ္ပာယ်ယူလိုက်သည် ဆိုပါတော့။ မြေကြီးအကြောင်းကို လေ့လာသော စာကို မြေကြီး၏ ယဉ်ကျေးမှုဟု သုံးသည်ကို အင်္ဂလိပ် အဘိဓာန်တွင် ဖတ်လိုက်ရ၏။ ယင်းသဘောဖြင့် ကျွန်တော်သည် ယင်းသဘောယဉ်ကျေးမှုကိုယူသည်။ နိုင်ငံရေးယဉ်ကျေးမှု ဟုဆိုရာ၌လည်း နိုင်ငံရေးရာနှင့် ပတ်သက်၍ ပြုစုပျိုးထောင်ခြင်း ဟူသောအနက်ဖြင့် တွဲသုံးခြင်းသာလျှင် ဖြစ်သည်ဟု သတိပြုရန်လိုပေလိမ့်မည်။

(ခ)

နိုင်ငံရေးယဉ်ကျေးမှုဟု သုံးလိုက်သောအခါ မည်သည့်အဓိပ္ပာယ်ဖြင့် ရေးမည်ကို မှန်းဆ၍ ရနိုင်လေသည်။ ကျွန်တော်သည် ငြိမ်းချမ်းရေးကို ငယ်စဉ်ကပင် ယေဘုယျအားဖြင့် သဘောအားဖြင့် လက်ခံသည်။ ယင်း ငြိမ်းချမ်းရေးစိတ်ဓာတ်ဖြင့်ပင် ကျွန်တော်သည် လူ့အဖွဲ့အစည်းများ၌ဝင်၍ ဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေးလှုပ်ရှားမှု မိတ်ဆွေဖြစ်အသင်းများဆိုပါတော့။ တရုတ်မြန်မာမိတ်ဆွေဖြစ် အသင်း စသော အဖွဲ့အစည်းများတွင် ပါဝင် ဆောင်ရွက်ခဲ့သည်။ ယုံယုံကြည်ကြည်ဖြင့် ပါဝင် ဆောင်ရွက်ခြင်း

ဖြစ်သည်။ ယဉ်ကျေးမှုဟူသော စကားလုံးကို ငြိမ်းချမ်းရေးအဖြစ် ပြောင်းလဲ သုံးနှုန်းခဲ့သည်။ ငြိမ်းချမ်းရေး မရှိဘဲ တိုင်းပြည်တစ်ပြည်၏ စည်ပင်ဝပြောမှု သာယာမှုတို့ကို မရနိုင်ဟု ကျွန်တော်က သမိုင်းအတွေ့အကြုံများအရ ကြည့်မိသည်။ ထိုအခါ နိုင်ငံရေး ယဉ်ကျေးမှု တွဲရင်းနှင့် ယင်းနိုင်ငံရေး ယဉ်ကျေးမှုထဲတွင် ဖော်ပြထားသည်။ ယင်းသည်က အခြားမဟုတ်၊ ငြိမ်းချမ်းရေးဟု ကျွန်တော် ပြောချင်သည်။

၁၉၄၈ တွင် ကျွန်တော်တို့၏ နိုင်ငံတော်သည် လွတ်လပ်ရေး ကြေညာ လိုက်သည်။ ထိုအခါမှစ၍ ကျွန်တော် ငြိမ်းချမ်းရေးကို တွေးခေါ်စပြုလာသည်ဟု ဆိုရမည်။ ကျွန်တော်တို့ နိုင်ငံတော်သည် (သို့မဟုတ်) ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြည်တွင်းစစ်ဖြင့် စတင်သည်။ ထို့ကြောင့် ပြည်တွင်းစစ် စဖြစ်သော နှစ်ကာလမှစ၍ ငြိမ်းချမ်းရေး ပျက်သွားရသည်ဟု ကျွန်တော် မှတ်ယူ၏။ ငြိမ်းချမ်းရေး မရှိလျှင် ဘာမှလုပ်၍မရ။ ပြည်သူအားလုံး၏ စားဝတ်နေရေးပြဿနာကိုလည်း ဖြေရှင်း၍မရ။ အစစအရာရာ ဖွံ့ဖြိုးမှုဟူသမျှသည် ငြိမ်းချမ်းရေးအပေါ်တွင် တည်သည်ဟု သမိုင်းအတွေ့အကြုံများအရ ထင်ထားသည်။ ထို့ကြောင့်ပင်လျှင် ယခု နိုင်ငံရေး ယဉ်ကျေးမှုဟု ရေးလိုက် သောအခါ နိုင်ငံရေးယဉ်ကျေးမှုသည်လည်း နိုင်ငံတော်တစ်ဝန်းလုံး၏ (သို့) တစ်ပြည်လုံး၏ ငြိမ်းချမ်းရေးကို ရည်ရွယ်ကြောင်း သိနိုင်သည်။ ယင်းယဉ်ကျေးမှုထဲတွင် အနုပညာဖွံ့ဖြိုးမှု၊ လူမှုရေးရာဖွံ့ဖြိုးမှု၊ စားဝတ်နေရေး ပြေလည်မှု စသော အချက်အလက်များ ပါဝင်သည်။ ထို့ကြောင့် ပင်လျှင် ကျွန်တော်က နိုင်ငံရေးယဉ်ကျေးမှုဟု သုံးနှုန်းလိုက်သောအခါ ငြိမ်းချမ်းရေး၏ အနှစ်သာရများသည်လည်း အလိုလို ပါဝင်နေပြီဖြစ်ကြောင်း နားလည်ရပေမည်။

"နိုင်ငံရေး ယဉ်ကျေးမှုသည် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးသည် နိုင်ငံရေးယဉ်ကျေးမှု"

ဆရာဒဂုန်တာရာ၏ နိုင်ငံရေးဖြတ်သန်းမှုမှာ နိုင်ငံရေးပါတီတစ်ခု၊ (သို့မဟုတ်) အစိုးရအဖွဲ့တစ်ဖွဲ့၏ ဩဇာအာဏာအောက်တွင် တစ်နည်းပြောရလျှင် ပါတီတစ်ခု၏ ပါတီစည်းကမ်းများ အောက်၊ အစိုးရဌာနတစ်ခု၏ ဘာဝန်စည်းကမ်းများအောက် ဖြတ်သန်းခဲ့သည် မဟုတ်ပေ။ တက္ကသိုလ်

ရှပ်ပစ္စည်း၊ အဆောက်အဦးပစ္စည်းများ ပျက်စီးသွားကြပြီးနောက် ပညာရှင်တို့သည် မကောင်းဆိုးဝါးဒဏ်ကို နားလည်သိရှိပြီးကာ ငြိမ်းချမ်းရေး ရှေးရှုသော စိတ်ဓာတ်များ တိုးပွားလာကြပေသည်။ ပညာရှင်သာ မဟုတ်၊ ပညာရှင်နှင့် ဆက်သွယ်သော နိုင်ငံရေးခေါင်းဆောင်တို့သည်လည်း နားလည် သိရှိသော အကျဉ်းဖြစ်လာသည်ဟု ဆိုရမည်။ ထို့ကြောင့် နိုင်ငံရေး ယဉ်ကျေးမှုသည် ငြိမ်းချမ်းရေး၊ ထိုမျှသာမက နိုင်ငံရေးသည် အများအတွက်၊ ပြည်သူတို့အတွက် ဖြစ်ပေရာ ကေဝါဒတို့နှင့်လည်း ဆန့်ကျင်နေပြန်သည်။ ကေဝါဒနှင့် ဆန့်ကျင်သည်ဆိုလျှင် ဗဟုဝါဒဘက်သို့ ရောက်ရှိနေသည်။ နိုင်ငံရေးယဉ်ကျေးမှုသည် ဗဟုဝါဒဆိုသည်ကလည်း အများနှင့်ပတ်သက်နေသည်။ အများဆိုသည်ကလည်း ပေါင်းစပ်ခြင်းသဘောတရား ဖြစ်သည်။

ထို့ကြောင့် နိုင်ငံရေး ယဉ်ကျေးမှုသည် ပေါင်းစပ်ခြင်း သဘောတရား။

(ခ)

နိုင်ငံရေး ယဉ်ကျေးမှုသည် ငြိမ်းချမ်းရေးဟုဆိုတော့ ငြိမ်းချမ်းရေး တည်မြဲရန် အခြေအနေများ ထည့်သွင်းစဉ်းစားကြရပေလိမ့်မည်။ ငြိမ်းချမ်းရေးရရှိရန် အခြေအနေများမှာ တန်းတူ အခွင့်အရေး၊ လွတ်လပ်ရေးနှင့် ညီညွတ်ရေး ဖြစ်သည်။ တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ရေးရှိမှ ညီညွတ်မည်။ ညီညွတ်မှ ငြိမ်းချမ်းရေးရရှိမည်။ ငြိမ်းချမ်းရေး မရှိခြင်းမှာ မညီညွတ်ခြင်းကြောင့် ဖြစ်သည်။ မညီညွတ်ခြင်းမှာ တန်းတူ အခွင့်အရေးဖြင့် လွတ်လပ်ရေး မရှိခြင်းကြောင့် ဖြစ်သည်။ ယင်းသို့ အကြောင်းတရားတို့သည် ဆက်စပ်မှီဥယ် နေကြပေသည်။ မညီညွတ်ခြင်းသည် သဘာဝတော့ ဖြစ်သည်။ သို့သော် ညီညွတ်ရေးရရှိရန် အစဉ် လှုပ်ရှားအားထုတ်နေရပေမည်။ မညီညွတ်ခြင်းအကြောင်းမှာ တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ရေး မရရှိခြင်းကြောင့် ဖြစ်သည်။

တိုင်းပြည်တစ်ပြည်တွင် အုပ်စိုးခံရသော ပြည်သူနှင့် အုပ်စိုးသောသူတို့ ရှိကြသည်။ မရှိ၍မဖြစ်၊ အုပ်စိုးသူ မရှိဘဲ ပြည်သူ အချင်းချင်း အုပ်စိုးရပ်တည်ခြင်းမှာတော့ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသော အခြေအနေ

ဖြစ်သည်။ လူတိုင်းလူတိုင်းသည် အသိတရားရှိနေမှ ဖြစ်မည်။ လူတိုင်းလူတိုင်းသည် ငြိမ်းချမ်း သာယာစည်ပင် ဝပြောနေမှဖြစ်မည်။ ယင်းသို့ကား မဖြစ်နိုင်။ သို့သော် မညီညွတ်ခြင်းကို မည်သို့ဖြေရှင်းကြမည်လဲ။ တန်းတူ အခွင့်အရေးဖြင့် လွတ်လပ်ခြင်းစိတ်ဓာတ်ကသာလျှင်၊ လွတ်လပ်ရေးအခြေ အနေကသာလျှင် ဖြေရှင်းနိုင်သည်။ ယင်းသို့ ဖြေရှင်းနိုင်ခြင်းဖြင့် ညီညွတ်ရေး ၏အဝိုင်းအတာတစ်ခု ရရှိမည်ဆိုလျှင် ငြိမ်းချမ်းရေး ရရှိနိုင်သည်။ ဤသို့ ဖြေရှင်းရာတွင် လမ်းနှစ်သွယ်တော့ရှိ သည်။ အကြမ်းပတမ်းနည်း၊ လက်နက် နည်းဖြင့် ဖြေရှင်းရသည်က တစ်နည်း၊ ငြိမ်းချမ်းစွာ ယှဉ်ပြိုင်ခြင်းက တစ် နည်း။ သို့ရာတွင်… ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းမှသာလျှင် ညီညွတ် ရေးသည် နိုင်မာလာမည် ဖြစ်သည်။

တန်းတူအခွင့်အရေးကလည်း အရေးကြီးလှပေသည်။ တန်းတူအခွင့် အရေးရရှိရန် လွတ်လပ်ရေးရှိမှဖြစ်မည်။ တန်းတူအခွင့်အရေးဖြင့် လွတ်လပ် ရေး မရှိလျှင် မညီမညွတ် ဖြစ်နေတတ်သည်။ ငြိမ်းချမ်းရေး ရရှိနေပြီဆိုလျှင် တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ရေး ရရှိနေသောကြောင့်သာ ဖြစ်သည်။ ယခုအခါ ပြည်သူတို့၏ စွမ်းအားကို တန်းတူ အခွင့်အရေးဖြင့် ညီညွတ်စွာ ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်သည် စည်ပင်ဝပြော ပျော်ရွှင်ချမ်းမြေ့လာရ ပေမည်။ ထိုအခါ နိုင်ငံရေးယဉ်ကျေးမှုလည်း ထွန်းကားလာရပေမည်။

## (၈)

နိုင်ငံရေး ယဉ်ကျေးမှုသည် ဧကဝါဒ မဟုတ်။ တစ်ကိုယ်တည်း ကောင်းစားရေး၊ တစ်ကိုယ်တည်း အစွမ်းပြရေး၊ တစ်ယောက်တည် လက်ဝါး ကြီး အုပ်ထားခြင်းတို့သည် ဧကဝါဒ၏ ခက်မြွာများသာဖြစ်ကြသည်။ ဧက ဝါဒ၏ ဆန့်ကျင်ဘက်… ဗဟုဝါဒ။ လူသားတို့၏ တစ်မျိုးတည်း၊ တစ်ရောင် တည်း ရှိနေသည်မဟုတ်။ အမျိုးမျိုး အထွေထွေ ဖွဲ့စည်းတည်ရှိနေရသည်။ ယင်းသို့လျှင် မတူသော ပေါင်းစပ်ခြင်းသည် ညီညွတ်ခြင်း ဖြစ်သည်။ ဗဟု ဝါဒ ဖြစ်သည်။ ပေါင်းစပ်နိုင်ပါသလော။ ယနေ့ခေတ်သည်… အထူးသဖြင့် ပေါင်းစပ်နိုင်သည်။ ရှေးရှေးခေတ်များနှင့်မတူ။ ရှေးရှေးခေတ်များကတော့

ဆက်သွယ်မှု မကောင်း၍ မိမိဒေသ၌သာ တည်ရှိပြီး တစ်မျိုးတည်း ဖြစ်နေတတ်သည်။

ယခုအခါ အသံ အားဖြင့်လည်း ပေါင်းစပ်နေသည်။ အမြင်အားဖြင့်လည်း ပေါင်းစပ်နေသည်။ ခေတ်မီသိပ္ပံပညာဖြစ်သော အီလက်ထရောနစ်နည်းပညာဖြင့် ရုပ်မြင်သံကြားကြည့်ကာ ပေါင်းစပ်နေကြသည်။ မပေါင်းစပ်သူများလည်း ရှိသည်။ ပေါင်းစပ်ရာတွင် အနုနှင့်အရင့်၊ ကလေးနှင့်လူကြီးပေါင်းစပ်ကြရသည်။ ပေါင်းစပ်ချင်အောင် နည်းအမျိုးမျိုးဖြင့် ပြုလုပ်ကြရပေသည်။ ယင်းသည် နိုင်ငံရေး ယဉ်ကျေးမှုဖြစ်သည်ဟု ထင်မိလေသည်''

ဟု ဆရာတာရာက သူ့နိုင်ငံရေးအမြင်ကို ရေးထားသည်။ သူ့နိုင်ငံရေး အတွေးအခေါ်မှာ ဗဟုဝါဒ ဖြစ်သွားသည်။ သူ့နိုင်ငံယဉ်ကျေးမှုမှာ ဗဟုဝါဒ ဖြစ်သွားပေသည်။

*

# ချိုးငှက်ကူသံ ကြားရတော့မည်လား

ယနေ့ နိုင်ငံရေး အခြေအနေသည် အချိုးအကွေ့တစ်ခုသို့ ရောက်နေသော အခြေအနေမျိုး၊ ကြိုးတန်းပေါ် လျှောက်နေရသော အခြေအနေမျိုးဟု နိုင်ငံရေးသိပ္ပံပညာရှင်များက သုံးသပ်နေကြသည်။ အဘယ်ကြောင့်ဆိုသော် ၂၀၀၈ ဖွဲ့စည်းပုံကြီးကို ပြင်ဆင်ဖို့အတွက် ဒီမိုကရေစီ ဘက်တော်သားများ၊ ရဲရင့်သော လူငယ်များ၊ တော်လှန်ဆန့်ကျင်သော ပြည်သူများက စတင်တိုက်ပွဲဝင်နေကြသောကြောင့် ဖြစ်သည်။ ယနေ့အခြေအနေမှာ ဒီမိုကရေစီဘက်တော်သားများက တစ်ဘက် စစ်အာဏာရှင် ဘက်တော်သားများက တစ်ဘက်၊ ဘက် နှစ်ဘက် တိုက်ပွဲဝင်နေသောကာလ ဖြစ်ပါသည်။ သွေးစုပ်ဖိနှိပ်မှု၊ လူတန်းစားတိုက်ပွဲ၊ ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူများ၏ တိုက်ပွဲမှာ ရပ်စဲသွားသည်ဟူ၍မရှိပေ။ အုပ်စိုးသူနှင့် အုပ်စိုးခံ၊ ဖိနှိပ်သူနှင့် ဖိနှိပ်ခံ၊ အရင်းရှင်နှင့်အရင်းခံ စသည့် လူတန်းစားများ ရှိနေသရွေ့ ထိုတိုက်ပွဲများမှာ ဆက်လက် ဖြစ်ပွားနေမည်သာ ဖြစ်သည်။ ခေတ်တိုင်းတွင် အကျပ်အတည်းကား ရှိ၏။ ဖဆပလခေတ်တွင်လည်း ဖဆပလ၏ အကျပ်အတည်း၊ စစ်အာဏာရှင်ခေတ်တွင်လည်း စစ်အာဏာရှင်၏ အကျပ်အတည်းမှာ တစ်ခုမဟုတ်တစ်ခု ပေါ်နေတတ်၏။ ထိုပြဿနာများကို ပြေလည်အောင် ဖြေရှင်းဖို့ဆိုသည်မှာ အားလုံးတွင် တာဝန်ရှိ၏။ ဖြေရှင်းနိုင်မည့် ခေါင်းဆောင်ကောင်းလည်း ရှိဖို့လိုပါသည်။ ခေါင်းဆောင်မှုကောင်းလျှင် ကောင်းသလောက် အခြေအနေ သာယာနိုင်၏။ ထို့အတွက် ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် အမျိုးသားရင်ကြား

ဆန့်ရေးသည် အရေးကြီးလာပါတော့သည်။ ထိုကဲ့သို့သော အခြေအနေမျိုးကို လွန်ခဲ့သော ၅၆ နှစ်ကတည်းက ကြိုတွေ့ခဲ့ရသော ဆရာဒဂုန်တာရာက ဤကဲ့သို့ ရေးသားခဲ့သည်။

ယခုအခါ ငြိမ်းချမ်းရေး တံခါးဝသို့ ရောက်နေပြီဟု ဆိုစရာရှိသည်။

လူထုက ငြိမ်းချမ်းရေးဖြစ်စေချင်သော ဆန္ဒနှင့် တံခါးဝသို့ လှမ်း၍ ကြည့်နေကြသည်။ သို့သော် တံခါးဝ၌ ဆူညံဆူညံနှင့် အငြင်းပွားနေသော ပြဿနာတစ်ခုရှိနေသည်။ သည်ပြဿနာမှ အခြား မဟုတ်။ ၁၉၄၈ ခုနှစ်၊ မတ်လ၊ လက်နက်ကိုင် တော်လှန်ရေးမှာ··· မှားသလား၊ မှန်သလား ဆိုတာပဲ ဖြစ်၏။

လာမည့် မတ်လ ၂၈ ရက်နေ့ဆိုလျှင် ပြည်တွင်းစစ် သက်တမ်း ၁၀ နှစ် ပြည့်တော့မည်။ လက်နက်ကိုင် တော်လှန်ရေး ၁၀ နှစ် ပြည့်တော့မည်။

၄၈ လက်နက်ကိုင် တော်လှန်ရေး မှားသလား၊ မှန်သလား ဟူသည်ကား အငြင်းပွားနိုင်သော ပြဿနာဖြစ်သည်။ နောင်လည်း အငြင်းပွားနေနိုင်သည်။

ပုဂ်ရာဇဝင်ကို တုတ်ထမ်း၍ ပြောခဲ့ကြသည်။

ယခု မြန်မာ့တော်လှန်ရေး ရာဇဝင်ကို သေနတ် ထမ်း၍ ပြောနေကြမည်လော။ နိုင်ငံခြားက ကျည်ဆန်ဝယ်၍ ပြောကြမည်လော။ အရင်းရှင်စနစ် မှန်သလား၊ ကွန်မြူနစ် မှားသလား၊ အမေရိကန် မှားသလား၊ ဆိုဗီယက် မှန်သလားကို အနုမြူဗုံးပျံနှင့် ငြင်းကြမည်လော။

ရာဇဝင်သဘောနှင့်ကြည့်လျှင် ၁၀ နှစ်သည် ဘာမျှ မဟုတ်ပေ။ နောင် အဆက်ဆက်သော ရာဇဝင်ဆရာတို့က လွတ်လပ်ရေးရပြီး နောင်အနှစ် ၅၀ ကို ဝေဖန်သုံးသပ်သောအခါ အစိတ်အပိုင်း တစ်ဆစ်အဖြစ်သာ အကျုံးဝင်သွားပေလိမ့်မည်။

နှစ်ဘက်စလုံး ရင်တထိတ်ထိတ် ခုန်နေကြသည်။ နှစ်ဘက်စလုံးက "ငါမှန်သည်" ဟု ထင်ချင်ကြသည်။ ရင်ခုန်သံနှင့် ဆုံးဖြတ်နေကြသည်။ ရာဇဝင်သည် ရင်ခုန်သံ၏ အမှတ်အသား မဟုတ်ပေ။ မေတ္တာသာလျှင် ရင်ခုန်သံ၏ အမှတ်အသားဖြစ်သည်။

"ပြည်တွင်းစစ်သည် မေတ္တာတိုက်ပွဲ မဟုတ်ပေ။ ရာဇဝင်၏ကဏ္ဍသာဖြစ်၍ ရာဇဝင်ဆရာတို့၏ လက်ထဲတွင် အငြင်းပွားချင် ပွားကြပါစေ။ ၁၀ နှစ် မပြောနှင့်၊ လွန်ခဲ့သော အနှစ် ၁၀၀၀ ခန့်ကပင်လျှင်…" ဟု 'ရာဇဝင် အမြင်' ဆိုသော ဆောင်းပါးတွင် ရေးထားခဲ့ပါသည်။ လွန်ခဲ့သော အနှစ် ၅၀ ကျော်က ရေးခဲ့သော ဆောင်းပါးဖြစ်ပါသည်။ ဆရာ ယူဆခဲ့သလို ပြည်တွင်းစစ် ဘယ်သူ့ကြောင့် စခဲ့သလဲဆိုသည်ကို နိုင်ငံရေး အမြင်ချင်း ကွဲနေကြသည်။ တချို့က အမှန်တရားကို မျက်ကွယ်ပြုကာ ကွန်မြူနစ်များက ဘရောက်ဒါ ဝါဒကြောင့် လက်နက်ကိုင် တော်လှန်ရေးကို ဆင်နွှဲသည်ဟု ဆိုသည်။ တစ်ဘက်ကလည်း ကွန်မြူနစ်ပါတီကို အတင်း ဝင်ရောက်စီးနင်းပြီး ကွန်မြူနစ်ခေါင်းဆောင်များကို ထောင်ထဲ ဖမ်းထည့်ဖို့ ကြိုးစားသောကြောင့် တောထဲ ပြေးရခြင်းဖြစ်သည်ဟု ဆိုသည်။ လက်ယာနိုင်ငံရေးသမားများက ကွန်မြူနစ်တို့ကို ဖမ်းဆီးဖို့ ကြိုးစားသောကြောင့် လက်နက်ကိုင်တော်လှန်ရေးကြီး ဖြစ်ခဲ့ရသည်ဟု ချေပကြသည်။ ဖဆပလက လက်ရှိအစိုးရ လက်နက်ရှိသည်။ စစ်တပ်ရှိသည်။ ရဲရှိသည်။ အာဏာရှိသည်။ တစ်ချိန်တည်းတွင် ပြည်သူကို ဖိနှိပ်နေသောအစိုးရ ဖြစ်၏။ ကွန်မြူနစ်ပါတီမှာ တပ် မရှိ၊ လက်နက် မရှိ။ ထိုနှစ်ဘက်တွင် မည်သူက အကြမ်းဖက်မှုကို စတင်နိုင်သလဲဟု သဘာဝကျကျ စဉ်းစားကြည့်လျှင် အဖြေပေါ်နိုင်ပါသည်။ ၁၉၈၈ ခုနှစ်က စစ်တပ်က အာဏာသိမ်းပြီး ဒီမိုကရေစီလှုပ်ရှားမှုများကို အကြမ်းဖက် လက်နက်ဖြင့် သတ်ဖြတ်ကာ ဖြိုခွဲခဲ့သည့်သာဓက၊ ၁၉၈၉၊ ဇူလိုင် ၁၉ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်ဖမ်းကာ ကျန်နိုင်ငံရေး ခေါင်းဆောင်များ၊ ပါတီများကို ပိုက်စိတ်တိုက် ရှာဖွေဖမ်းဆီး ထောင်ချသည်ကို ကြည့်ခြင်းဖြင့် လက်နက်မဲ့သူနှင့် လက်နက်ရှိသူကို ခွဲခြား၍ ရပါသည်။ ပြည်တွင်းစစ်ကြီးသည် ဤကဲ့သို့ အာဏာရှိသူလူတန်းစား၊ လက်နက်ရှိ သူလူတန်းစား၊ အုပ်စိုးသူ လူတန်းစားက နှိပ်ကွပ် အကြမ်းဖက်ရာမှနေ ယနေ့အထိ မီးဟုန်းဟုန်းတောက်နေရသည် မဟုတ်ပါလော။

"မှားသည်၊ မှန်သည်ဟူသည်မှာ အတော်အမိပွာယ် ကောက်ရခက်သည်။ နိုင်ခြင်းကြောင့် မှန်သည်ဟုပြော၍ မရ။ ရှုံးခြင်းကြောင့်လည်း မှားသည်ဟု တထစ်ချမဆိုနိုင်။ 'နေအေး' ဆိုသော အလိမ်ဆရာတစ်ယောက်သည် အမြဲတမ်း နိုင်နေသည်။ သူ့ကို မှန်သည်ဟု ပြောရမည်လော။

လောက၌ အမှားချည်းသက်သက်၊ အမှန်လည်းသက်သက် (ဝါ) မမှားလျှင် မှန်ရမည် ဟူသော ဘက်နှစ်ဘက်နှင့် အဆုံးစွန် ဆုံးဖြတ်၍ မရပေ။ အမှားနှင့်အမှန် ဒွန်တွဲလျက်လည်း ရှိတတ်သည်။

ယနေ့ ဖဆပလနှင့် တော်လှန်ရေး အင်အားစုတို့ ပဋိပက္ခ၌လည်း တစ်ဘက်က အမှားသက်သက်၊ တစ်ဘက်က အမှန်သက်သက် ဖြစ်သလော။ ကျွန်တော့်အမြင်မှာ အမှားနှင့်အမှန် ဒွန်တွဲနေသည်ဟု မြင်သည်။ လွတ်လပ်ရေးရပြီးကာစ တက်ကြွသော အင်အားစုတို့၏ လှုပ်ရှားမှုဟု မြင်သည်။

အမေရိကန်လွတ်လပ်ရေး ရစဉ် ပြည်တွင်းစစ်ဖြစ်ခဲ့သည်။ တရုတ်ပြည်၌လည်း ပဒေသရာဇ်စနစ် လွတ်လပ်ခါစမှစ၍ ပြည်တွင်းစစ်ဖြစ်ခဲ့သည်။ ရုရှား၌လည်း ၁၉၁၇- ၂၂ အတွင်း ပြည်တွင်းစစ် ရှိခဲ့သည်။ ယနေ့ အင်ဒိုနီးရှား၌လည်း ပြည်စစ်သို့ ဦးတည်နေပေပြီ။

ဤကား လွတ်လပ်ရေးရပြီးသောအခါ တက်ကြွလာသော အင်အားစုများ၏ လှုပ်ရှားမှုသာဖြစ်သည်။ ရာဇဝင်သဘာဝ သွင်ပြင်ဖြစ်သည်ဟု ရေးသားလေသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ဖြစ်ရခြင်းနှင့် ပတ်သက်ပြီး ပြန်လည်သုံးသပ် ဆန်းစစ်လျှင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးလက္ခဏာရပ်ကို အုပ်စိုးသူ လူတန်းစားက အကောင်အထည် မဖော်နိုင်၍ ဖြစ်သည်။ အုပ်စိုးသူ လူတန်းစားက နယ်ချဲ့လက်ဝေခံများအဖြစ် အာဏာကို လက်ဝါးကြီးအုပ်ကာ လွတ်လပ်ရေးအတွက် အတူ တိုက်ပွဲဝင်ခဲ့သူများအပေါ် သစ္စာဖောက်ခဲ့ကြသည်။ ထို့ပြင် ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ကို ဖောက်ဖျက်ကာ တိုင်းရင်းသားတို့၏ တန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ခြေဖျက်ခဲ့သည်။ ထို့ကြောင့် မလွှဲသာ မရှောင်သာဘဲ လက်နက်ကိုင် တိုက်ပွဲဝင်ခဲ့ကြသည်လို တိုင်းရင်းသားများမှာလည်း သူတို့ အခွင့်အရေးအတွက် လက်နက်ကိုင်ကာ တောင်းဆိုခဲ့ကြရသည်။ ထိုအခါ ငြိမ်းချမ်းရေးရရှိဖို့နှင့် ပြည်တွင်းစစ်ရပ်စဲဖို့ ပြဿနာဖြစ်ပေါ်လာရလေသည်။

“အမှားအမှန် ငြင်းခုံခြင်းထက် အကျိုးအကြောင်းကို လေ့လာရှာဖွေခြင်းက လူ့ရာဇဝင် လေ့လာရေးအတွက် ပိုမိုအကျိုးရှိမည်ဟု ထင်၏။ အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ထွန်းလာခြင်း ဖြစ်၏။ အကြောင်းမရှိဘဲ အကျိုးမပေါ်နိုင်။

လက်နက်ကိုင်တော်လှန်ရေးကိုလည်း ဤသို့ပင် အကျိုးအကြောင်း တရားနှင့် ကြည့်ရှုအပ်ပေသည်။

ပန်းပွင့်နှင့် ပေါက် ကစားသူအား လှံဖြင့်ချိန်ရွယ်ခြင်းလော.. မဟုတ်ပေ။ ပုတီးစိပ်အိပ်စက်နေသူအား စတင်းဂန်းနှင့် ပစ်ခတ်ခြင်းလော၊ မဟုတ်ပေ။ သေနတ်ကို သေနတ်နှင့် ပစ်ခြင်းပဲဖြစ်သည်။ ဤသို့ဆိုလျှင် နှစ်ဘက်စလုံး၌ တာဝန်ရှိလေသည်။ သို့ဖြစ်လေရာ အကျိုးနှင့် အကြောင်း တရားများကို စေ့ငုအောင် ဝေဖန်၍ရာဇဝင် ပညာ ရှာဖွေအပ်သည်။

ယခုအခါ နှစ်ဘက်စလုံး မတိုက်လိုကြတော့။ ဤကား အခြေအနေက ပေးသည့် အငြင်းမပွားသော ဆန္ဒဖြစ်လေသည်။ ငြိမ်းချမ်းရေး တံခါးဝ၌ ရပ်၍ လက်နက်ကိုင် တော်လှန်ထကြွရေး မှန်သလား၊ မှားသလားကို ရာဇ ဝင်ပညာအတွက် ထားရစ်ခဲ့ပြီး ယနေ့လောလောဆယ် လိုအပ်နေသည့် (ဝါ) လူထုက တောင်းဆိုနေသော ပြည်တွင်းစစ် ရပ်စဲရေးကိုသာ ဦးတည် လုပ် အပ်ပေသည်''

ဆရာဒဂုန်တာရာ၏ သုံးသပ်ချက်သည် လွန်ခဲ့သော အနှစ် ၅၀ ကျော် ကတည်းက အလွန် လက်တွေ့ဆန်ပြီး လုပ်အပ်သော အလုပ်ဖြစ်သည်။ ယနေ့အထိ တည်ဆောက်ဖို့ ကြိုးစားနေသော်လည်း မတည်ဆောက်နိုင်သေး ပေ။ ကမ္ဘာတွင် ဆင်းရဲသော နိုင်ငံစာရင်းထဲ ရောက်နေ၏။ ပြည်သူမှာလည်း လူတန်းစေ့ မနေနိုင်။ ဝလင်အောင် မစားနိုင်ကြပေ။ ထိုသည်မှာ ပြည်တွင်း စစ်ကြောင့်ဖြစ်၏။ ပြည်တွင်းငြိမ်းချမ်းရေး မရသောကြောင့်ဖြစ်သည်။ လက်နက်ကိုင်နိုင်ငံရေးအဖွဲ့များ၊ တော်လှန်ရေးပါတီများ၊ တချို့လက်နက်ချ၊ တချို့အင်အား နည်းသွားသော်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ကား ရှိနေဆဲဖြစ်ပါသည်။ နှစ်ပေါင်း ၆၆ နှစ်အကြာတွင် ယခုအုပ်စိုးသူကလည်း ပြည်တွင်းစစ် ရပ်စဲဖို့ လုပ်လာသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ များကလည်း တိုင်ပင်နှီးနှောနေကြလေသည်။ ငြိမ်းချမ်းရေး ချိုးဖြူငှက်၏ ကူသံကိုလည်း ကြားရပြီလော။ အဖြေ ပေးရန်ကား စောလွန်နေသလားဟု စိတ်ထဲတွင် မတင်မကျ ဖြစ်နေပါတော့သည်။

*

## ဒဂုန်တာရာဂူဝိမာန်တည်ဆောက်ခြင်း (၁)

ယခင် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့က ဆရာ ဒဂုန်တာရာ ကွယ်လွန်ခဲ့လေသည်။ မကွယ်လွန်မီ ဆေးရုံပေါ်ရှိနေသည့်ကာလ သူ၏ အခြေအနေနှင့် အသက်အရွယ်တို့ကို တွက်ဆပြီး နောက်ဆုံး အခြေအနေသို့ ရောက်နေပြီဖြစ်ကြောင်း အားလုံးက သဘောပေါက်ကြသည်။ အသက် ၉၅ နှစ်ထဲ ရောက်နေပေပြီ။ မနှစ်က သူ၏မွေးနေ့ကို ကျင်းပဖြစ်သေး၏။ မဟာဂန္ဓာရုံ ကျောင်းတိုက်တွင် ကျင်းပကာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး စသော ဒေသအသီးသီးမှ လာရောက်ကြလေသည်။ ဆရာမှာ မွေးနေ့ပွဲသို့ မတက်နိုင်ပါ။ အိပ်ရာထဲ ပိုက်တန်းလန်းဖြင့် လဲနေခဲ့သည်။ နောက် ၃ လ အကြာ၌ ဆရာ့ကွယ်လွန်ခဲ့ပါတော့သည်။ သူကွယ်လွန်ချိန်ကို စောင့်မျှော်ရင်း ဆရာ မရှိတော့ဟုဆိုသည်နှင့် ကျွန်တော်တို့လည်း အောင်ပန်းသို့ သွားရောက်ခဲ့လေသည်။ ဈာပနကော်မတီကို ဆရာ ဆုံးသည့်အချိန်၌ အစောဆုံးရောက်လာသူများ၊ ဒေသခံများဖြင့် ဖွဲ့စည်းလိုက်၏။ ဥက္ကဋ္ဌမှာ ဆရာ အုံမောင်၊ အတွင်းရေးမှူးက ကျွန်တော်ဖြစ်သည်။ တကယ်တမ်း ဈာပနကိစ္စအဝဝကို လှုပ်ရှားတက်ကြွစွာ ဆောင်ရွက်သူများမှာ မြို့ခံများဖြစ်သည်။ ဘိုဘိုဟန် တို့၊ ဆရာစိုး တို့၊ ကိုလတ် တို့က အစအဆုံး အပင်ပန်းခံ လုပ်ဆောင်ပေးခဲ့ ကြသည်။ ထိုနေ့မှာပင် ဗိုလ်ဇေယျ၏ သားသမီးများနှင့် မြေးများလည်း ရောက်လာကြပါသည်။ သူတို့သည် ဆရာတာရာနှင့် အရင်းနှီးဆုံး၊ အခင်မင်

ကျောင်းသားများ သမဂ္ဂကို သူကိုယ်တိုင်က ပါဝင် လှုပ်ရှားချင်စိတ် ရှိ၍ ပါဝင်ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက် ပါဝင်ပတ်သက်ခဲ့ခြင်းဖြစ်သလို နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက် ပါဝင် ပတ်သက်ခဲ့ခြင်းဖြစ်သလို နယ်ချဲ့ကျွန်ပညာရေးစနစ်ကို မနှစ်သက်၍လည်း ဝင်ရောက် တာဝန်ယူခဲ့ခြင်း ဖြစ်ပါသည်။ သူက လွတ်လပ်မှုကို နှစ်သက်သူဖြစ်သည်။ နိုင်ငံရေးဆိုတိုင်း မိမိကိုယ်ကျိုးအတွက် ကြည့်သူများရှိသလို အာဏာရယူလိုစိတ်၊ ပါတီတစ်ခုခုတွင် တာဝန်ယူလိုစိတ်၊ အစိုးရဖွဲ့လိုစိတ်တို့ဖြင့် နိုင်ငံရေးတွင် လှုပ်ရှားတတ်ကြ၏။ ဆရာတာရာတွင် ထိုကဲ့သို့စိတ် မရှိခဲ့ပေ။ နိုင်ငံရေးတွင် လှုပ်ရှားလာသည့်အခါ အာဏာရယူလိုစိတ်ရှိသည့်အတွက် အမှား မဟုတ်ပေ။ ထိုအာဏာကို ရယူပြီး ပြည်သူ့အတွက် အသုံးပြုဖို့သာ အရေးကြီး၏။ တစ်ဦးတစ်ဖွဲ့အကျိုးအတွက် အာဏာအသုံးပြုပါက ကိုယ်ကျိုးရှာသူများ၊ အာဏာရူးများ ဖြစ်သွားပေလိမ့်မည်။

ဆရာဒဂုန်တာရာမှာ ချစ်ကြည်ရေးအသင်းများနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားခဲ့ပါသည်။ ထိုလှုပ်ရှားမှုများမှာ သူ၏နိုင်ငံရေးဖြစ်ပါသည်။ ထိုလှုပ်ရှားမှုများမှာ အာဏာနှင့် မဆိုင်ပေ။ မြန်မာနိုင်ငံ၏ အစိုးရများမှာ ဆရာတာရာ ပါဝင်ခဲ့သော ပြည်တွင်း ငြိမ်းချမ်းရေးကို ဆန့်ကျင်သူများ ဖြစ်၏။ သူတို့သည် နယ်ချဲ့ လက်ဝေခံများ ဖြစ်ခဲ့ကြပါသည်။ ဆရာဒဂုန်တာရာ၏နိုင်ငံရေးမှာ သူယုံကြည်သော နိုင်ငံရေး ယဉ်ကျေးမှု ဖြစ်၏။

## (က)

"နိုင်ငံရေးဆိုသည်ကတော့ အများနှင့်ပတ်သက်သည်ကို အဓိပ္ပာယ်ရသည်။ တစ်ယောက်ကောင်းစားခြင်း မဟုတ်၊ အများ ကောင်းစားခြင်း။

ယဉ်ကျေးမှုဆိုသည်ကတော့ ရိုင်းရာမှ ယဉ်လာသည်အထိ တိုးတက်လာခြင်းဟူသော အနက်ထွက်သည်ကို လူတိုင်း သိကြ၏။ ယနေ့ခေတ်သည် နိုင်ငံရေးယဉ်ကျေးမှု ပျိုးထောင်ဖွဲ့စည်းစ ခေတ်ဖြစ်သည်။ သန်းပေါင်းများစွာသော လူသားတို့ သေကျေ ပျက်စီး ဆုံးပါးကြပြီးနောက် တန်ဖိုးရှိသော

ရော အကြိမ် အတော်များများ တွေ့ဆုံ စည်းဝေးကြလေသည်။ ဗိသုကာများ ဆွဲပေးသည့် ဂူဗိမာန် ပုံစံကို ကော်မတီဝင်များက ဆွေးနွေးကြသည်။ ကျွန်တော်တို့က လုံးဝအပွင့် အဆောက်အဦးပုံစံ မဟုတ်ဘဲ အကာအရံနှင့် ဆောက်ပေးစေချင်သည်။ ဆရာကြီး သခင် ကိုယ်တော်မှိုင်း၏ ဂူဗိမာန်ကို ယေဘုယျ သဘောကျကြ၏။ ကျွန်တော်က…

"လီနင်ဂူဗိမာန်မျိုး။ ဟိုချီမင်းနဲ့ မော်စီတုန်း ဂူဗိမာန်တွေလိုမျိုးကို သဘောကျပါတယ်။ ဂူဗိမာန်ဆိုတာကတော့ ခန့်ထည်တာပါပဲ။ ဆရာတာရာ ဂူဗိမာန်မှာတော့ ငြိမ်းချမ်းမှုတွေ ပါစေချင်တယ်။ အလုံပိတ်တာမျိုးလည်း မလိုချင်သလို အကာအရံ့မရှိ ဟင်းလင်းပြင်လိုမျိုးလည်း မလိုချင်ပါဘူး" ဟု တင်ပြခဲ့သည်။ ဒေါ်သန္တာနေဝင်းက ပင်းတယ၊ တောင်ကြီး၊ အင်းလေး တွင် ဆောက်လုပ်နေသော ဟိုတယ်များအတွက် ပြင်သစ် ဗိသုကာများ ခေါ်ယူထားလေသည်။ ထို့ကြောင့် ကျွန်တော်တို့ လိုချင်သည်ကို ပြင်သစ်ဗိသု ကာများက စဉ်းစားကာ အဆောက်အဦပုံကြမ်း ထုတ်ပေးလိုက်ပါသည်။ အလှူရှင်၏ဆန္ဒရော၊ ဗိသုကာများ၏လက်ရာရော၊ ကော်မတီ၏ လိုလား ချက်များ စုပေါင်းကာ နောက်ဆုံး အားလုံး လက်ခံသည့် ဂူဗိမာန်ပုံစံကို ရေးဆွဲခဲ့ပါသည်။ ထိုပုံစံအတိုင်းလည်း ဆောက်ကြလေသည်။ ကော်မတီက သဘောတူ ဆုံးဖြတ်လိုက်သော ပုံစံမှာ အနောက်ကို ကွန်ကရစ်နံရံဖြင့် ပိတ်ထားလိုက်ပြီး ကျန် ၃ ဘက်ကို တိုင်များဖြင့် ကာရံထားလေသည်။ အထဲသို့ ဝင်လိုက်သည်တွင် နံရံရှေ့၌ ဆရာတာရာ၏ ကိုယ်တစ်ပိုင်း ကြေးရုပ်ထားရှိ၏။ နောက်၌ မွေးဖွားသည့်နှစ်၊ ကွယ်လွန်သည့်နှစ်ကို ရေး ထိုးမည်။ နောက် အောက်တွင် အရိုးပြာအိုးထားရှိမည် ဖြစ်ပါသည်။ ဂူဗိမာန်ထဲဝင်ဝင်ချင်း ညာဘက်ခြမ်း သံပန်းနံရံတွင် "ရန်သူ မရှိ၊ မိတ်ဆွေ သာ ရှိ၊ မုန်းသူ မရှိ၊ ချစ်သူသာ ရှိ။ နိုင်ငံရေးလုပ်တာ ရန်သူကို မိတ်ဆွေ ဖြစ်အောင် လုပ်တာဖြစ်တယ်" ဆိုသော ဆရာ၏ အမြင်သဘောထားနှင့် ပြောဆိုချက်ကို ရေးထိုးထားမည်။ ဘယ်ဘက်ခြမ်း သံပန်းများပေါ်တွင် ဆရာဒဂုန်တာရာ ရေးခဲ့သော "အိုး မိုးကုပ်ဝယ်" အစချီသော မတ်လ ဆောင်လှန်ရေးကဗျာကို ရေးထိုးထားမည်။ ထို ရေးထိုးထားချက် နှစ်ခုစလုံး၌ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ နှစ်ခု တွဲ၍ ဖော်ပြထားမည် ဖြစ်ပါသည်။

ထို့နောက် ဆရာနှင့် ပတ်သက်သော လိုဂိုတစ်ခုကိုလည်း ကော်မတီက စဉ်းစားကြ၏။ ဆရာတာရာသည် ခေတ်အဆက်ဆက်ကို မီခဲ့သော ကျောင်းသားခေါင်းဆောင်တစ်ယောက်ဖြစ်သလို မာ့က္စ်ဝါဒကို ယုံကြည်ခဲ့သူလည်း ဖြစ်သည်။ သို့သော် သူသည် နိုင်ငံရေး လောကထဲ ခြေစုံပစ်မဝင်ခဲ့သလို ကွယ်လွန်သည်အထိ စာရေးခြင်းအလုပ်ပဲ လုပ်ခဲ့သူဖြစ်သည်။ သူသည် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လက်ရုံး ငြိမ်းချမ်းရေး ဇိသုကာကြီးလည်း ဖြစ်၏။ ထို့ကြောင့် သူ့အထိမ်းအမှတ်လို ဂိုကို သတ်မှတ်ရာ၌ သူ့အတွေ့အကြုံ၊ ယုံကြည်ချက်များ ပါအောင် ထည့်သွင်းရပေမည်။ လိုဂိုတွက် အကွက် လေးကွက်ပါ၏။ အပေါ် နှစ်ကွက်တွင် ကြယ်နီတစ်ပွင့်နှင့် ချိုးငှက်ကို ထားရှိမည်။ ကြယ်နီသည် သူ အလွန်သဘောကျသော သင်္ကေတ ဖြစ်သည်။ ကြယ်နီမှာ တာရာကို အထိမ်းအမှတ်ပြုသလို အနီရောင်မှာ ရဲရင့်ပြီး တိုးတက်သည့် အယူအဆ၊ တစ်နည်းပြောရလျှင် မာ့က္စ်ဝါဒကို အထိမ်းအမှတ်ပြုခြင်း ဖြစ်၏။ ဘေးကပ်လျှပ်ရှိ ချိုးငှက်မှာ သူနောက်ဆုံးအထိ ယုံကြည်ခဲ့သော ငြိမ်းချမ်းရေးသင်္ကေတဖြစ်ပါသည်။ အောက် နှစ်ကွက်တွက် တစ်ကွက်မှာ ကလောင်တံသင်္ကေတပုံဖော်၏။ ကဗျာ ဆရာ၊ စာရေးဆရာဆိုသော သင်္ကေတ ဖြစ်၏။ ဘေးကပ်လျှပ် အကွက်တွင် အမျိုးသာရေးလက္ခဏာကို ဖော်ပြသော ခေါင်းရုပ်ဖြစ်၏။ ထိုလိုဂိုကို အားလုံးက သဘောတူကြလေသည်။ တစ်တန်းတည်းမထားဘဲ အပေါ် နှစ်ကွက်၊ အောက် နှစ်ကွက်ထား ရှိသည်။ ထို လိုဂိုကို သူ့ဂူဗိမာန် နမူးစည်းတွင် ထားရှိကြပေမည်။ အတွင်းဘက် အဝင်တွင်လည်း ထိုကဲ့သို့ထားရှိရန် သဘောတူထားကြသော်လည်း ဗိသုကာများနှင့် ဆောက်လုပ်သူများက ပုံဖော်နိုင်၊ မဖော်နိုင်ကိုကား မပြောတတ်သေးပေ။

ဆုံးဖြတ်ချက်များနှင့်အတူ လက်တွေ့ အကောင်အထည် ဖော်မှုများလည်း ကပ်လျက် လုပ်ဆောင်လာလေသည်။ ယခုနှစ် ဆရာဒဂုန်တာရာမွေးနေ့ အခမ်းအနားကို စာတမ်းဖတ်ပွဲများနှင့် အောင်ပန်းမြို့ သမ ခန်းမတွင် ကျင်းပကြလေသည်။ ရန်ကုန်၊ မန္တလေး အပါအဝင် စာရေးဆရာ၊ ကဗျာဆရာများ လာရောက်၍ ဂုဏ်ပြု ကျင်းပကြပါသည်။ ထူးခြားလှသည်မှာ ကိုရီးယားကဗျာဆရာများ ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံမှ ကဗျာဆရာ

များသည် ဆရာ့ကို အလေးထား ဂုဏ်ပြုခြင်းဖြစ်၏။ တောင်ကိုရီးယားမှ ဆရာအား ငြိမ်းချမ်းရေး ဆုချီးမြှင့်ခဲ့သော ကဗျာဆရာ အဖွဲ့အစည်းမှ ၃၃ ဗိမာန်ဆောက်လုပ်မည့်အချိန်တွင် ထားရှိသည့် နေရာသို့ လာကာ ဂါရဝပြုသည်။ သူတို့လည်း ပါဝင်အလှူထည့်မည်ဆိုသော်လည်း အလှူရှင် ဒေါ်သန္တာနေဝင်းက တစ်ယောက်တည်း တာဝန်ယူချင်သည်ဟု ဆိုလေသည်။ စာတမ်းဖတ်ပွဲတွင် ကဗျာရွတ်ပွဲလည်း ပါ၏။ အားလုံးကဗျာဆရာ ၆ ဦး လာရောက်ခြင်း ဖြစ်သည်။ သူတို့က ကိုရီးယားလို ရွတ်ပြီး မြန်မာကဗျာဆရာများက မြန်မာဘာသာပြန်ကို ရွတ်ပြခြင်းဖြင့် အစည်ကားဆုံး ဖြစ်သွားပါသည်။ စာရေးဆရာ၊ ကဗျာဆရာများကလည်း ဆရာ ၉၅ နှစ်မြောက်မွေးနေ့အတွက် ဂုဏ်ပြုစကားများ ပြောကြားသွားပါသည်။ စာတမ်း နှစ်စောင်ကို အစအဆုံး ဖတ်ခဲ့သည်။ ထိုစာတမ်းများမှာ ဆရာ မောင်သာနိုး၏ စာတမ်းနှင့် ဆရာ မော်လင်း၏ စာတမ်းတို့ဖြစ်ပါသည်။ အခမ်းအနားမှာ တစ်နေကုန်သွားလေသည်။ ဒီဇိုင်းဆရာ ထွန်းဝင်းငြိမ်း၏ အခမ်းအနား နောက်ခံဗီနိုင်းကြီးမှာလည်း အလွန် ခမ်းနားလှ၏။ ဆရာ့မွေးနေ့အခမ်းအနား အတော်များများမှာ ယခုကဲ့သို့ ခန်းမတွင် ကျင်းပခွင့် မရခဲ့ပေ။ ယခုလို ပွင့်လင်းမြင်သာသော အချိန်၌ အာဏာပိုင်များက ခွင့်ပြု၍ ကျင်းပခွင့်ရခြင်း ဖြစ်သည်။ ယခင်က အိမ်တွင်သာ ကျင်းပရ၏။ မဟာဂန္ဓာရုံကျောင်းတိုက်၌ ကျင်းပရသည်။ စစ်ထောက်လှမ်းရေးကလည်း တစ်ဦးချင်းစီကို မှတ်တမ်းတင်ထားသည်။ မြေအောက်အခမ်းအနားတစ်ခု လုပ်သလို အမှားမခံပေ။ တက်ရောက်သူများလည်း အလွန်ရဲရင့်မှ ဖြစ်၏။ ယခင် လေထီးဗိုလ်အုန်းမောင် လာရောက်စဉ်ကလည်း နောင် အခမ်းအနားသို့ မလာရဲအောင် ဘာ့အတွက် လာသလဲ၊ ဘယ်လိုလာသလဲ။ ပြီးလျှင် ဘယ်သွားမှာလဲ . . . စသဖြင့် မေးခွန်းပေါင်းစုံမေးကာ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ခဲ့ကြသည်။ ဒုတိယ ထိုသို့အမေးခံသူမှာ ဖျာပုံနီလုံဦး ဖြစ်သည်။ သူသည် အခမ်းအနားမှ အပြန်တွင် အဖမ်းခံရတော့သည်။ အခမ်းအနား တက်၍ အဖမ်းခံရခြင်း မဟုတ်သော်လည်း အခမ်းအနားတက်၍ ဖမ်းသယောင်လုပ်လိုက်သည်။ နောက်တစ်ယောက်မှာ ဆရာ မောင်ဝံသ ဖြစ်၏။ သူတို့လည်း မေးခွန်းအမျိုးမျိုး မေးကာ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်လိုက်လေသည်။ သူက ဆရာတာရာထက်စောပြီး

ကွယ်လွန်သည်။ နှစ်ယောက်စလုံး ဩဂုတ်လ၌ကွယ်လွန်ကာ ကံတူ အကျိုးပေးများ ဖြစ်နေလေသည်။ ၉၅ ခုနှစ် မွေးနေ့များ ပထမဆုံး တရားဝင် ကျင်းပခွင့်ရသောမွေးနေ့ ဖြစ်လေသည်။ ခန်းမတွင် ကျင်းခွင့်ရခြင်း၊ စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ကဗျာရွတ်ပွဲများနှင့် စည်ကားလှပါသည်။ ထိုနေ့က ထမင်းဘူးများကို တစ်ယောက်ချင်း ကမ်းပြီး အခမ်းအနား ကျင်းပနေစဉ်စားရသည်မှာလည်း တစ်မျိုး ထူးခြားနေပါတော့သည်။ မွေးနေ့အခမ်းအနားပြီးသည့်အချိန် ခန်းမထဲမှာပင် ဆရာဒဂုန်တာရာ ဂူဗိမာန်ကော်မတီကို အသစ် ပြန်လည် ဖွဲ့စည်းခဲ့ပါတော့သည်။

*

## ဒဂုန်တာရာဂူဗိမာန်တည်ဆောက်ခြင်း (၂)

ဂူဗိမာန် ကော်မတီကို ဖွဲ့စည်းရာ၌ မြို့ခံများအား အခြေခံပြီး ဖွဲ့ပါသည်။ ဂူဗိမာန်ကို ထိန်းသိမ်း စောင့်ရှောက်ရေးမှာ ရန်ကုန်တွင် ဆောက်လျှင် ရန်ကုန်မှာ လူများက အရေးကြီးသလို အောင်ပန်းတွင် ဆောက်သောကြောင့် အောင်ပန်းမြို့ခံများက အရေးကြီးလေသည်။ ထို့ကြောင့် ၈၈ မျိုးဆက်မှ ကိုဘိုဘိုဟာန်၊ ကျူရှင်ဆရာ ဆရာစိုး တို့က အတွင်းရေးမှူးအဖြစ် တာဝန်ယူသည်။ ရန်ကုန်တွင် ကိုထွန်းဝင်းငြိမ်း ဖြစ်သည်။ ဥက္ကဋ္ဌအဖြစ် ဆရာအုံးမောင်က တာဝန်ယူသလို ကျွန်တော်နှင့် ဆရာ ကိုလေး (အင်းဝဂုဏ်ရည်)တို့က ဒု ဥက္ကဋ္ဌအဖြစ် တာဝန်ယူလေသည်။ ယခုအခါ မယ်မိုတောင်တွင် ဆောက်လုပ်နေပြီး မိုးဖို့၊ ကံသို့သာ ကျန်တော့သည်။ ဩဂုတ်လတွင် ပြီးစီးပြီး မိတန်ကောင်းရဲ့ဟု မျှော်လင့်နေကြပါသည်။

ယခုဗိမာန်ကော်မတီ ထပ်မံ မဖွဲ့စည်းခင် ယခင် ကော်မတီဟောင်း က်ထက်ကတည်းက ဂူဗိမာန်ပုံစံ ဘယ်လိုဆောက်မည်၊ ဘယ်လိုထားမည် သဖြင့် ဆွေးနွေးဖြစ်ကြသည်။ အစည်းအဝေးများ အကြိမ်ကြိမ် ခေါ်သည်။ အလှူရှင် ဒေါ်သန္တာနေဝင်းနှင့် အဒေါ်ဖြစ်သူ ဒေါ်ရိုးရိုးတို့ အစည်းအဝေးတိုင်း လာတက်လာသည်။ ဒေါ်သန္တာနေဝင်းက အဘိုးအရင်းလို သဘောထား သော ဆရာတာရာ၏ ဂူဗိမာန်ကို ခမ်းခမ်းနားနား ဆောက်လုပ်ချင်လေသည်။ သန္တာနေဝင်းက နိုင်ငံခြား ဗိသုကာများဖြင့် ဆောက်ပေးမည် ဆိုသော

ကြောင့် ကျွန်တော်တို့လည်း လိုချင်သော ပုံစံကို ပြောပြ၊ သူမ၏ ဗိသုကာများ နှင့် ညှိနှိုင်းတိုင်ပင်ကာ အကြမ်းဖျင်းပုံစံ ရရှိခဲ့သည်။ ကျွန်တော်တို့ သဘော တူလိုက်သော ဒဂုန်တာရာ ဂူဗိမာန်မှာ နောက်ခံက ကွန်ကရစ်နံရံဖြင့် အပြည့် ပိတ်ပြီး တိုင်များ၊ သံပန်းများဖြင့် ကာရံထားလေသည်။ ဟင်းလင်းပြင် မထားဘဲ သံပန်းများဖြင့် ကာရံခြင်းမှာ ဇရပ်တစ်ခုလို ဝင်ချင်သူဝင် မဖြစ်စေ ချင်သောကြောင့် ဖြစ်သည်။ အဝင်တံခါးကို ဧည့်သည်များပါ လာကြည့်နိုင် သည်။ မွေးနေ့တွက် တွေ့ခဲ့သည့် ကိုရီးယားမှ ကဗျာဆရာများလို နိုင်ငံခြားမှ ဧည့်သည်များလည်း လာရောက်နိုင်လေသည်။ စာပေပညာရှင်ကြီးကို လာ ရောက်ဂါရဝ ပြုကြပေမည်။ ထိုအခါ သူနှင့်ထိုက်တန်သော၊ သူ့ကို ဂုဏ်ပြု ထားသော ဂူဗိမာန တစ်ခုရှိကို ရှိရပေမည်။ သူသည် ငြိမ်းချမ်းရေးကို ကိုယ်စားပြုသူ၊ မြန်မာ့စာပေလောကကို ကိုယ်စားပြုသူ၊ စာရေးဆရာကြီး၊ ကဗျာဆရာကြီး၊ ငြိမ်းချမ်းရေး ဗိသုကာကြီးတစ်ဦးဖြစ်ကြောင်း ထိုဂူဗိမာန်က ပြသပေလိမ့်မည်။ ထို့ကြောင့် ဒဂုန်တာရာ၏ ဂူဗိမာန်ဆိုသော သင်္ကေတ တစ်ခု ပီပြင်စေရန် စနစ်တကျ ဖော်ပြဖို့ လိုလာပါတော့သည်။ သူယုံကြည်သော ဆိုရှယ်လစ်ဝါဒနှင့်အတူ နိုင်ငံရေးကို ဖြတ်သန်းခဲ့သည်။ ကြယ်တစ်ပွင့်၊ တာရာတစ်ခုလို ထွန်းတောက်ခဲ့သူ ဖြစ်၏။ သူက ကြယ်နီကို အလွန်ချစ်ခင် နှစ်သက်သူ ဖြစ်သည်။ ထို့ကြောင့် သူ့သင်္ကေတကို ဖော်ပြရာတွင် ကြယ်နီ တစ်ပွင့် ထည့်ရမည်။

မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၆၆ နှစ်ကြာအောင် တိုင်းရင်းသား အချင်း ချင်း သတ်ဖြတ်သော၊ ပြည်သူအချင်းချင်း သတ်ဖြတ်သော အသက်ပေါင်းများစွာ ပေးခဲ့ရသည့် ပြည်တွင်းစစ်ကြီး ဖြစ်ခဲ့သည်။ ယခုလည်း ဖြစ်နေဆဲပင်။ ထိုပြည်တွင်းစစ်ကို စစ်ပွဲဖန်တီးသည့် စစ်သွေးဆာသူများမှလွဲ၍ ပြည်သူ နှင့် ပြည်သူ့ဘက် ရပ်သူများက မလိုလားကြပေ။ ထို့ကြောင့် စစ်ပွဲရပ်ပြီး ပြည်တွင်း ငြိမ်းချမ်းရေး ဖန်တီးဖို့အတွက် တိုးတက်သော လူကြီး၊ လူငယ် များ၊ နိုင်ငံရေးသမားများ၊ စာပေသမားများ၊ နိုင်ငံရေးသမားများ၊ စာပေ သမားများက ကြိုးပမ်းခဲ့သည်။ ထိုကြိုးပမ်းရာတွင် ဆရာကြီး သခင်ကိုယ် တော်မှိုင်းက ဦးဆောင်ကာ လှုံ့ဆော်ခဲ့သည်။ ထိုသို့ လှုံ့ဆော်ရာတွင် ဆရာ တာရာက ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လက်ရုံးတပည့်အဖြစ် ပါဝင်ခဲ့

ပါသည်။ ဆရာတာရာနှင့်အတူ ဗိုလ်မှူးချုပ်ကျော်ဇောလည်း ပါဝင် လှုပ်ရှားခဲ့၏။ ပြည်တွင်း ငြိမ်းချမ်းရေးရရှိဖို့သာမက ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း လှုပ်ရှားခဲ့ကြသည်။ ကမ္ဘာ့ ငြိမ်းချမ်းရေး ကွန်ကရက်တွင် ပါဝင်ခဲ့ကာ ကမ္ဘာ့ငြိမ်းချမ်းရေး ညီလာခံကျင်းပရာ စတော့ဟုမ်း၊ ဘေးဂျင်း တို့သို့ သွားရောက်ခဲ့သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသည် ဒဂုန်တာရာ၏ သင်္ကေတဖြစ်လာသည်။ ရည်ရွယ်ချက်ဖြစ်လာသည်။ သူ၏ သမိုင်းဖြတ်သန်းမှုတွင် စာပေသာမက ငြိမ်းချမ်းရေးသည်လည်း မပါမဖြစ်သော မှတ်တိုင်တစ်ခုဖြစ်လာလေသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသင်္ကေတအဖြစ် ချိုးငှက်ကိုလည်း ကျွန်တော်တို့ ထည့်သွင်းရလေသည်။

သူသည် ကဗျာဆရာ၊ စာရေးဆရာဖြစ်သည်။ ၁၃ နှစ်သား ကတည်းက ကဗျာဆရာဖြစ်လာသူဖြစ်၏။ သူ၏ ကဗျာဆရာ၊ စာရေးဆရာသက်တမ်းသည် ၈၂ နှစ်ကြာမြင့်ခဲ့လေသည်။ ရာစုနှစ် တစ်ခုနီးပါး စာရေးခြင်းသက်သက်ဖြင့် ဘဝကို ရပ်တည်ခဲ့သူဖြစ်၏။ သူသည် တခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဘာမှ မလုပ်ခဲ့ပေ။ စက်ရုံအလုပ်သမား၊ လယ်သမားလည်း မဟုတ်ပေ။ စာရေးခြင်းမှ ရရှိသော အခကြေးငွေကိုလည်း သူ၏ အသက်မွေးဝမ်းကျောင်းအဖြစ် ရပ်တည်ခဲ့သူ မဟုတ်ပေ။ သို့သော် သူသည် ၈၂ နှစ်ကြာအောင် ကဗျာများ၊ ဝတ္ထုများ၊ ဆောင်းပါးများ၊ ဘာသာပြန်များကို မပြတ်ရေးသားခဲ့သည်။ သူ့ဘဝတွင် စာရေးခြင်းသည် အရေးကြီးသော အလုပ်ဖြစ်သည့်အတွက် သူ့ဂူဗိမာန်တွင် စာပေနှင့်ပတ်သက်သော သင်္ကေတတစ်ခုထည့်သွင်းဖို့ လိုလာပြန်လေသည်။ ထို့အတွက်စာပေ၏သင်္ကေတ အဖြစ်ကလောင်၊ သို့မဟုတ် စာအုပ်ကို ထည့်သွင်းရပေမည်။ ထို့ကြောင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဂူဗိမာန်တွင် စာအုပ်ကို သင်္ကေတအဖြစ် ထည့်သွင်းထားသောကြောင့် ဆရာတာရာ၏ ဂူဗိမာန်တွင် သင်္ကေတအဖြစ် ကလောင်တစ်ချောင်း ထည့်သွင်းဖို့ ကျွန်တော်တို့ ကော်မီတီက ဆုံးဖြတ်လိုက်ပါသည်။

စတုတ္ထ သင်္ကေတကိုလည်း ကျွန်တော်တို့ စဉ်းစားခဲ့ကြပါသည်။ ဘိုသင်္ကေတမှာ ဆရာဒဂုန်တာရာသည် အမျိုးကို ချစ်သော၊ မျိုးချစ်စိတ်လည်း ထင့်သန်သော၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတွင်လည်း ပါဝင်ခဲ့သော

အမျိုးသားယဉ်ကျေးမှုကိုလည်း အလွန်ချစ်ခင်သောသူ ဖြစ်သည်။ သူသည် စာပေပညာရှင်သာမက အနုပညာကိုလည်း မြတ်နိုးသူဖြစ်၏။ ကမ္ဘာ့အခမ်းအနား တစ်ခုတွင် သူ၏စန္ဒရား လက်သံမှာ ခန်းမတစ်ခုလုံးကို လွှမ်းခြုံသွားသည်။ သူ၏ အနုပညာကို မသိသေးသော ဆရာကြီး ရွှေဥဒေါင်းသည်ပင် လျှင် ဆရာတာရာ၏ စန္ဒရားသံကို ကြားရသောအခါ ပါးစပ် အဟောင်းသား ဖြစ်သွားသည်။ အခမ်းအနားပြီးချိန်တွင် ဆရာတာရာကို ချီးကျူးခဲ့လေသည်။ ထို့ကြောင့် အမျိုးသားသင်္ကေတတစ်ခုအဖြစ် ဒေါင်းရုပ်ကိုထည့်ဖို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်ကြပါသည်။ ဂူဗိမာန်တွင် သူ့သင်္ကေတများဖြစ်သော ထို လိုဂို လေးခုကို ဂူဗိမာန်အဝင်မျက်နှာစာတွင် ထားရှိရန်လည်း ဆုံးဖြတ်သည်။ အထဲဝင်လိုက်သည့်အခါတွင် ဝင်ဝင်ချင်း နောက်ဘက်က ကွန်ကရစ်နံရံရှေ့၌ သူ့ရုပ်ပုံကိုယ်တစ်ပိုင်း ကြေးရုပ် ထားရှိပေမည်။ ကြေးရုပ်အောက်တွင် သူ့နာမည်၊ သူမွေးသည့်နှစ်နှင့် ကွယ်လွန်သည့်နှစ်ကို ရေးထိုးထားမည်။ ထိုကြေးရုပ်အောက်တွင် သူ့အရိုးအိုးကို ထားရှိပေမည်။

နောက် ဆရာတာရာ၏ အမှတ်ရဖွယ် ထင်ရှားသော သူ့သဘောထား၊ သူ့အမြင်၊ သူ့ဩဝါဒနှင့် သူ၏ပြောင်မြောက်သော အနုပညာဖန်တီးမှုကိုလည်း ဂူဗိမာန်တွင် ထားချင်ပါသည်။ သူ နောက်ဆုံးအထိ ကိုင်စွဲသွားသော အမျိုးသား ရင်ကြားစေ့ရေး ဆောင်ပုဒ်မှာ "ရန်သူ မရှိ၊ မိတ်ဆွေသာ ရှိ၊ မုန်းသူ မရှိ၊ ချစ်သူသာ ရှိ၊ နိုင်ငံရေးလုပ်တာဟာ ရန်သူကို မိတ်ဆွေဖြစ်အောင် လုပ်တာဖြစ်တယ်"ဖြစ်သည်။ လူသိများ ထင်ရှားသော ဩဝါဒလည်း ဖြစ်၏။ ထိုစာတန်းကို ဂူဗိမာန်အတွင်း တစ်ဘက်ခြမ်းတွင် မြန်မာလိုရော၊ အင်္ဂလိပ်လိုပါ ရေးထိုးမည်။ နောက်တစ်ဘက်နံရံတွင် သူ၏ ထင်ရှားသော 'အို မိုးကုပ် ကုပ်ဝယ်' အစချီသည့် မတ်လတော်လှန်ရေး ကဗျာကို မြန်မာလိုရော၊ အင်္ဂလိပ်လိုပါ ရေးထိုးထားမည်ဟု ကော်မတီက ဆုံးဖြတ်လိုက်သည်။ ဂူ ဗိမာန်များတွင် စာတန်းများ၊ စာအုပ်များ၊ ရုပ်ပုံများဖြင့် ပြွတ်သိပ်ပြီး အနု ပညာသမားကြီးအား အနုပညာ မဆန်သော အခင်အကျင်း မဖြစ်စေချင်ပေ။ ငြိမ်းချမ်းစွာ လဲလျောင်းစေချင်သည်။ ဂူဗိမာန် အလှူရှင်ဖြစ်သူ ဆရာကို အလွန်ချစ်ပြီး သူ့အဘိုးလိုပင် အတူနေ၊ အတူကြီးပြင်းခဲ့ရသည့် သန္တာနေဝင်းက ထိုဂူဗိမာန်အား သူမ ဆောက်ပေးသည်ကို မသိစေချင်။ ကြွားသလို

လည်း မဖြစ်ချင်သလို ထင်ပေါ်အောင်လည်း မလုပ်ချင်၍ သူမ နာမည် မထည့်ပါနှင့်ဟု မေတ္တာရပ်ခံသော်လည်း သမိုင်းစာမျက်နှာတွင် ထိုဂူဗိမာန်ကို လှူဒါန်း ဆောက်လုပ်ခဲ့သည့် အလှူရှင်ကိုကား ချန်ရစ်၍ မဖြစ်နိုင်ပေ။ ထိုလုပ်ရပ်သည် ကြွားဝါသည်လည်း မဟုတ်။ လူသိစေချင်၍လည်း မဟုတ်ပေ။ သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတစ်ဦး၏ ဂူဗိမာန်ကို သူ့ကို ချစ်ခင်သူများက ဂုဏ်ပြုသည့်၊ လှူဒါန်းသည့်အဖြစ်မှန်ကိုကား မှတ်တမ်းတင်ထားသင့်သည်ဟု ယူဆကာ အလှူရှင်၏ နာမည်ကို ဂူဗိမာန်တွင် ရေးထိုးထားပါရစေဟု မေတ္တာရပ်ခံခဲ့လေသည်။

သူ့အတ္ထုပ္ပတ္တိအကျဉ်းကိုမူ ဂူဗိမာန်အတွင်းတွင် စာတန်း ရေးထိုး မထားဘဲ စာရွက်ထဲတွင်ရိုက်ထားပြီး ထို အတ္ထုပ္ပတ္တိအကျဉ်း စာရွက်များကို ဂူဗိမာန်ကော်မတီနှင့် စောင့်ရှောက်ကြည့်ရှုသူများက လာရောက်သူများကို ဝေငှမည် ဖြစ်ပါသည်။ ဂူဗိမာန်အပြင်နံရံနှင့် တိုင်များ မျက်နှာပြင်တွင် ဆိုက်သင့်သော သူရေးခဲ့သည့် စာများကို လိုအပ်လျှင် ရေးထိုး ဖော်ပြမည် ဖြစ်သည်။ ကော်မတီကမူ ယခုအထိ ရွေးချယ်ထားသော စာများ မရှိသေးပေ။ ဧပြီလ ၁၀ ရက်နေ့အထိ သူ့ဂူဗိမာန်မှ တိုင်ကြီးများကို တည်ဆောက်ပြီးပြီ။ ခုတ်မြစ်လည်း ချပြီးပြီ။ အကာ ကာဖို့၊ အမိုး မိုးဖို့၊ အောက်ခံကြွေပြားများ ခင်းဖို့သာ လုပ်ရတော့မည်။ ရန်ကုန်တွင် နောက်ဆုံး အစည်းအဝေး ထိုင်ခဲ့ သည့်က ဂူဗိမာန် အစည်းအဝေးသို့ မတက်ရောက်နိုင်သော ဥက္ကဋ္ဌဖြစ်သူ ဆရာ အံ့မောင်က အစည်းအဝေးတွင် ကျွန်တော့်ကို သဘာပတိ လုပ်စေ ကာ ကျွန်တော့်ကို မှာစရာရှိတာတွေကို မှာလေသည်။ ထိုမှာကြားချက်မှာ ဆရာဒဂုန်တာရာ၏ ဂူဗိမာကို အဝေးကမြင်နိုင်သော သင်္ကေတတစ်ခု လုပ် ပေးပါဆိုသော မေတ္တာရပ်ခံချက်ဖြစ်၏။ နေ့ရော၊ ညပါ အဝေးက မြင်နိုင် သည့် ကြယ်နီကြီးတစ်လုံး ထားရှိရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် အလှူရှင်နှင့် တိုင်ပင်ကာ ဂူနှင့် ခပ်လှမ်းလှမ်းတွင် လေးထောင့် ကွန်ကရစ် တိုင်ကြီး ထူမည်။ ထိုတိုင်မှာ ပေ ၃၀ ခန့်မြင့်ရမည်ဖြစ်ပြီး ထို တိုင်ထိပ်တွင် ကြယ်နီကြီးတစ်လုံး ထားရှိကာ ညဘက်တွင်လည်း မီးထွန်းထားမည်ဟု ဆုံးဖြတ်ခဲ့ကာ ညီညီညွတ်ညွတ် ဆောင်ရွက်ခဲ့ကြပါတော့သည်။

❋

# ဆရာဦးဝင်းတင်လိုလူမျိုး

တစ်နေ့ကပင် ထိုင်းနိုင်ငံ၌ စစ်တပ်က အာဏာသိမ်းပြန်သည်။ လွန်ခဲ့သော လေး၊ ငါး၊ ခြောက်လလောက်ကတည်းက ဘယ်တော့ အာဏာသိမ်းမလဲဟု အာဏာသိမ်း ရက်ကို စောင့်စားနေခဲ့သည်မှာ ယခုတော့ စောင့်စားသည်အတိုင်း အကောင်အထည်ဖော်သွားလေသည်။ အတိုက်အခံများက အာဏာသိမ်းဖို့ပင် မျှော်လင့်နေသည်ဟု ဆို၏။ အစိုးရဆန့်ကျင်ရေးသမားများက ထိမ်းမနိုင် သိမ်းမရ နိုင်ငံတော်တည်ငြိမ်မှုကို ပျောက်ပျက်အောင်လုပ်ကြသည်ဟု အစိုးရက ယူဆသလို အစိုးရထောက်ခံသူများကလည်း တန်ပြန်ဆန္ဒပြကြလေသည်။ ဖျန်ဖြေ၍ မရ။ နားချ၍ မရဘဲ အခြေအနေ အရပ်ရပ်မှာ တင်းမာနေပြီ။ အစိုးရက ဝင်ရောက် စွက်ဖက်ကာ ယခုလို အာဏာသိမ်းသည့် အခြေအနေမျိုး ရောက်ရှိခဲ့လေသည်။ ထိုကဲ့သို့ ဆန္ဒပြပွဲများ၊ မငြိမ်မသက်မှုများ ဖြစ်ပွားနေသည့်အချိန်တွင် အာဏာ မသိမ်းမီ တစ်ရက်က စစ်တပ်အနေဖြင့် အာဏာကို ဝင်ထိန်းသည်ဟုဆိုကာ ဘန်ကောက်မြို့တွင် စစ်သားများ သံချပ်ကာကားများကို ချထားလိုက်ကာ မာရှယ်လော စစ်အုပ်ချုပ်ရေးကို ကြေညာခဲ့သည်။ ထိုအချိန်အထိ စစ်တပ်က အာဏာသိမ်းခြင်း မဟုတ်ပါဟု ကြေညာထားသည်။ နောက်တစ်ရက်တွင် အတိုက်အခံခေါင်းဆောင်များရော နိုင်ငံရေးခေါင်းဆောင်များကိုပါ ခေါ်ဆောင်ကာ စစ်တပ်က ဖမ်းဆီးထိန်းသိမ်းလိုက်သည်။ ဖွဲ့စည်းပုံကို ဖျက်သိမ်းကာ စစ်တပ်က အာဏာသိမ်းသည်

ကြေညာလိုက်၏။ ထိုင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက သူ့ကိုယ်သူ ဝန်ကြီးချုပ်ကြီးအဖြစ် ကြေညာကာ ထိုင်းနိုင်ငံ တည်ငြိမ်ရေးအတွက် တပ်မတော်က အာဏာကို ထိန်းသိမ်းလိုက်ကြောင်း ကြေညာသည်။

ထိုင်းအာဏာသိမ်းပွဲနှင့် ပတ်သက်ပြီး တချို့သတင်းစာ၊ ဂျာနယ်များက ကျွန်တော့်အား မေးမြန်းရာတွင် ကျွန်တော်အနေဖြင့် မည်သည့်အာဏာသိမ်းခြင်းမဆို လက်မခံနိုင်ကြောင်း၊ စစ်တပ်က အာဏာသိမ်းခြင်းဆိုလျှင် ပို၍ ဆန့်ကျင်ကြောင်း၊ ပြည်သူများက ရွေးချယ် တင်မြှောက်ခြင်း မဟုတ်ဘဲ လက်နက်အားကိုး၊ စစ်တပ် အားကိုးဖြင့် အာဏာသိမ်းခြင်းမှာ အာဏာရူးခြင်းဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်ရေးအတွက် အာဏာကို ထိန်းသိမ်းခြင်းဆိုသည်မှာ အာဏာရူးခြင်းကို ဖုံးကွယ်ထားသော စကားလုံးဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။ ထိုင်းအာဏာသိမ်းပွဲ ဂယက်သည် အိမ်နီးချင်းနိုင်ငံအတော်များများကို ကြီးကြီးမားမား ရိုက်ခတ်ခြင်း မရှိပေ။ အာဆီယံနိုင်ငံအများစုမှာ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး တည်ငြိမ်သောနိုင်ငံများ ဖြစ်နေ၍ ရိုက်ခတ်မှု နည်းသည်။ မြန်မာနိုင်ငံမှာမူ တခြားနိုင်ငံများထက် စာလျှင် ရိုက်ခတ်မှုကြီးသည်ဟု ဆိုရမည်။ နယ်မြေချင်းလည်း ဆက်စပ်နေသလို အခြား အာဆီယံနိုင်ငံများလို မတည်ငြိမ်သေးပေ။ ယခုဆိုလျှင် ဖွဲ့စည်းပုံပြင်ဆင်ရေးအတွက် အတိုက်အခံ ပါတီကြီးနှင့် ၈၈ ကျောင်းသား ခေါင်းဆောင်များက လက်တွဲကာ ကြိုးပမ်းနေချိန်ဖြစ်သည်။ အာဏာရပြည်ခိုင်ဖြိုးပါတီနှင့် ဘစည ပါတီတို့မှာ ယခင် အစိုးရ၏ ငယ်မွေးခြံပေါက်များဖြစ်၍ ၂၀၀၈ ဖွဲ့စည်းပုံကို မပြင်ချင်ကြပေ။ သူတို့သည် စစ်တပ် အားကိုး၊ လက်နက်အားကိုး ဖြင့်သာ မောက်မာ ရဲနေကြသည်။ ပြည်သူလူထု၏ထောက်ခံမှုဆိုသည်ကို နားမလည်ကြပေ။ အဘယ်ကြောင့်ဆိုသော် ပြည်သူလူထု၏ ထောက်ခံမှုဆိုသည်ကို သူတို့ တစ်ကြိမ်တစ်ခါမှ မရရှိခဲ့သောကြောင့် ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံကို အတင်းအဓမ္မ အတည်ပြုကာ ၂၀၁၀ ရွေးကောက် ပွဲတွင်လည်း ကလိမ် မဲခိုးမှုများဖြင့် အနိုင်ရခဲ့ခြင်းသာဖြစ်သည်။ ထို့ကြောင့် ထိုင်းနိုင်ငံတွင် စစ်တပ်ကအာဏာသိမ်းလိုက်သလို မြန်မာနိုင်ငံတွင်လည်း စစ်တပ် ကအာဏာ သိမ်းနိုင်သလားဟု မေးစရာဖြစ်လာပါသည်။ ကျွန်တော့်အနေနှင့်မူ စစ်တပ်က

အာဏာ သိမ်းနိုင်သည်ဟု ယူဆသည်။ အဘယ်ကြောင့်ဆိုသော် ထိုင်းနိုင်ငံတွင် ဖွဲ့စည်းပုံ၌ စစ်တပ်က အာဏာသိမ်းနိုင်ခွင့်ရှိသည်ဟု ထည့်သွင်းမထားသော်လည်း မြန်မာနိုင်ငံဖွဲ့စည်းပုံ၌ 'စစ်တပ်က အာဏာသိမ်းပိုင်ခွင့်ရှိသည်' ဟု ဥပဒေ ထည့်သွင်းထားသောကြောင့်ပင်။ စစ်ဗိုလ်ချုပ်များသည် သူတို့ရှိမှ တိုင်းပြည် လူတစ်လုံး သူတစ်လုံးဖြစ်မည်ဟု သဘောထားနေကြပုံရလေသည်။

ထို့ကြောင့် ထစ်ခနဲ ရှိလာလျှင် အာဏာသိမ်းဖို့ လက်မတွန့်ကြတော့ပေ။ ထိုင်းနိုင်ငံ ယခုကဲ့သို့ အာဏာသိမ်းခြင်းမှာ ၁၉ ကြိမ်မြောက်ဖြစ်သည်။ မြန်မာနိုင်ငံထက် အများကြီး သာပါသည်။ မြန်မာနိုင်ငံမှာ ၃ ကြိမ်သာ ရှိသေးသည်။ သို့သော် ထိုင်းနိုင်ငံမှာ တစ်ခါ အာဏာသိမ်းလျှင် ကျောက်ချပြီး ရာဇပလ္လင်ပေါ်မှ ခြေတွဲလောင်းချဖို့ပင် စိတ်မကူးပေ။ ထိုင်းစစ်တပ်ကမူ အာဏာကို ရေရှည်ထိန်းထားခြင်း မရှိပေ။ တိုင်းပြည် ဆူဆူပူပူအဖြစ်မှ ကာကွယ်နိုင်အောင် ထိန်းခြင်းသာ ဖြစ်သည်ဟု ဆို၏။ သူတို့သည် တိုင်းပြည် အာဏာယူပြီး သူတို့အကျိုးစီးပွားကို အမြတ်အစွန်း ကြီးကြီးမားမားရအောင် လုပ်သူများ မဟုတ်ပေ။ ထို့ကြောင့် မကြာခင်မှာပင် အရပ်သားအစိုးရလက်ထဲ အာဏာ ပြန်ပေးနိုင်လေသည်။

မြန်မာနိုင်ငံ၏ ယနေ့ဖြစ်ပေါ်မှုများအရဆိုလျှင် သမ္မတနှင့်ကာ ကွယ်ရေး ဦးစီးချုပ်တို့၏ အပြောအဆိုများ၊ ကြံ့ဖွံ့နှင့် တစည ပါတီတို့၏ အပြောအဆိုများမှာ ၂၀၀၈ ဖွဲ့စည်းပုံကို လူထု လက်ခံလာသည်အထိ ပြင်ဆင်ပေးဖို့ သဘောထား မရှိပေ။ အတိုက်အခံများက ၂၀၀၈ ဖွဲ့စည်းပုံမှာ ဒီမိုကရေစီနည်းမကျသော ဖွဲ့စည်းပုံဟု ယူဆကာ ဖွဲ့စည်းပုံပြင်ရေးအတွက် လူထုတစ်ရပ်လုံး ပါဝင်အောင် လှုပ်ရှား စည်းရုံးလျက်ရှိပါသည်။

လူထုကလည်း အတိုက်အခံများ မျှော်မှန်းသလို ပါဝင်လာကြ၏။ ထိုအခြေအနေကို သမ္မတကရော၊ ကာချုပ်ကပါ လက်မခံနိုင်ကြပေ။ တိုင်းပြည် တည်ငြိမ်ရေးအတွက် စိုးရိမ်စရာဖြစ်လာသည်ဟု ပြောလိုပြော၊ ပြင်၍မရနိုင်သော အခန်း ၁၂ နှင့် ပြင်မှ ပြင်ခွင့်ပေးမည်ဟု ဆိုလိုဆို၊ ၂၀၀၈ ဖွဲ့စည်းပုံသည် ပြင်မရသော ဖွဲ့စည်းပုံအဖြစ် သဘောထားအပြတ်ပြောနေကြ၏။ ထို့ကြောင့် မြန်မာနိုင်ငံတွင် စစ်တပ်က အချိန်မရွေး အာဏာသိမ်းနိုင်

ပါသည်။ နောက်ကြောင်း ပြန်သည်၊ ရှေ့ကြောင်းပြန်သည်ဟုပင် ပြောစရာ မလို။ စစ်တပ်က အာဏာ သိမ်းပိုင်းခွင့်ရှိသည်ဟု ပါနေသဖြင့် မြန်မာနိုင်ငံ တွင် အာဏာသိမ်းခြင်းမှာ မွေးရာပါ အခွင့်အရေးလို ဖြစ်နေပါသည်။ ရွေး ကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ကိုယ်တိုင်ကပင် တပ်မတော်အား ၂၅ ရာခိုင်နှုန်း ကို လွှတ်တော်ထဲ ထည့်သွင်းထားတာဟာ စစ်တပ်က အာဏာသိမ်းမိမှာ စိုးလို့ဟု ပြောင်ပြောင်တင်းတင်း ပြောဆိုခြင်းက အာဏာသိမ်းဖို့ လက်ရှိ သိမ်းမည် မဟုတ်ကြောင်း ကြေညာလိုက်ခြင်းပင် ဖြစ်ပါသည်။

ယခုနှစ် ဆရာ ဒဂုန်တာရာမွေးနေ့က အောင်ပန်းသို့ စာရေးဆရာ အတော်များများနှင့်အတူ ကျွန်တော်လည်း ရောက်သွား၏။ မွေးနေ့အထိမ်း အမှတ် စာတမ်းဖတ်ပွဲပြုလုပ်သည်။ နောက်နေ့များတွင် အင်းလေးဒေသသို့ ရောက်သည်။ ဟိုပုံးသို့ ရောက်သည်။ ရွှေညောင်ကအစ အောင်ပန်းတွင် သည်း နိုင်ငံရေးမိတ်ဆွေ၊ စာပေမိတ်ဆွေများနှင့် စကားပြောဖြစ်သည်။ အထူးသဖြင့် ဆရာဦးဝင်းတင်လို လူပုဂ္ဂိုလ်မျိုးကို တမ်းတသော၊ ဆရာ ဦးဝင်းတင်လို အမှန်အတိုင်း ကွက်ကွက်ကွင်းကွင်း ရေးရဲသောသူကို စာဖတ် ပရိသတ်က တမ်းတကြပါသည်။ အင်းလေးတွင် မိတ်ဆွေဟောင်း၊ နိုင်ငံရေး အမြင်တူ၊ သဘောထားတူသော ဒေါက်တာထွန်းလှိုင်အိမ်တွင် တစ်ညအိပ် ပြီး စကားအများကြီး ပြောဖြစ်ပါသည်။ ယခုလို တိုင်းပြည်တွင် ဒီမိုကရေစီ ဆောင်းဆိုနေသည့်အချိန်၊ ၂၀၀၈ ဖွဲ့စည်းပုံကိုပြင်ဖို့ စည်းရုံးရေး လှုပ်ရှားနေ သည့်အချိန်တွင် ဆရာဦးဝင်းတင် သာရှိလျှင် ဒိုးဒိုးဒေါက်ဒေါက်ပြောဆို နေသားလိမ့်မည်ဟု ကျွန်တော်တို့ တစ်သံတည်း ပြောဖြစ်သည်။ ထိုအခါ ဆရာဦးဝင်းတင် နေရာ ဝင်ပြီး ရေးရဲပြောရဲသူကိုလည်း မျှော်လင့်ကြပါသည်ဟု မိတ်ဆွေများက တိုက်တွန်း ပြောဆိုကြပါသည်။ ဒေါက်တာထွန်းလှိုင်သာ မက ဟိုပုံးမြို့ ရောက်သောအခါ ဟိုပုံးမြို့နယ် NLD ရုံးကို ဝင်ပြီး ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေး၊ ၂၀၁၅ ရွေးကောက်ပွဲ အနိုင်ရရေးတို့ကို ပြောဆို ခဲ့ပါသည်။ သူတို့အမြင်နှင့် ကျွန်တော့်အမြင်မှာ ထပ်တူကျပါသည်။ ဒေါ်အောင်ဆန်းစုကြည်လို ခေါင်းဆောင်အောက်တွင် စည်းလုံးညီညွတ်စွာ ဆက်ကြိုးပမ်း၍ ဒီမိုကရေစီ ရရှိရေးကို တက်တက်ကြွကြွ လုပ်ဆောင်ရမည်ဆို သည့် အကြောင်း ဆွေးနွေးဖြစ်၏။ ထိုအခါ ဆရာဦးဝင်းတင်လို ရေးရဲ၊

ပြောရဲ၊ ရင်ဆိုင်ရဲသော လူမျိုးများကိုလည်း တမ်းတမိကြကြောင်း ပြောဆိုဖြစ်လေသည်။

မြန်မာနိုင်ငံ၏အခြေအနေမှာ ယခုအချိန်၌ စိုးရိမ်စရာ မရှိပါ။ ဆူဆူပူပူလည်း မဖြစ်ပါ။ စည်းနှင့်ကမ်းနှင့်ရေးကြ၊ ပြောကြ၊ ဆန္ဒပြကြ တောင်းဆိုကြသည်သာ ရှိသည်။ ပရမ်းပတာ လူအုပ်ကြီးများနှင့် လူထုတိုက်ပွဲများ မရှိသေးပေ။ ထို့ကြောင့် ယခုအချိန် မြန်မာနိုင်ငံတွင် အာဏာသိမ်းနိုင်သလား ဆိုသည်ကို ဒုတိယ ဗိုလ်ချုပ်ကြီးဝေလွင်က မရှိပါဟု အာဆီယံနိုင်ငံတစ်နိုင်ငံတွင် အခြေအနေမှန်ကို ပြောဆိုသွားပါသည်။ သို့သော် အာဏာ မသိမ်းနိုင်ဘူးလား ဆိုသည်ကိုမူ မသိမ်းပါဘူးဟု အာမခံ ပြောဆိုမည့်ဗိုလ်ချုပ်ရှိမည်မထင်ပေ။ ဆိုလိုသည်မှာ မိမိတို့၏အကျိုးစီးပွားကို မထိခိုက်လာသရွေ့၊ မိမိတို့၏ အာဏာ တည်မြဲရေးကို မထိခိုက်လာသရွေ့၊ ကာလုံကလည်း အာဏာမသိမ်းသလို၊ သိမ်းဖို့လည်း စစ်တပ်ကို ပြောလိမ့်မည် မထင်ပေ။ ထိုသို့မဟုတ်ဘဲ စစ်တပ်၏ အာဏာကို ထိခိုက်လာလျှင်ကား ၂၀၀၈ ဖွဲ့စည်းပုံကြီးကို မဖြစ်မနေ ပြင်ရမည်ဟု လူထုကြီးက အုံကြွတောင်းဆိုလာလျှင်ကား အာဏာမသိမ်းနိုင်ပါဟု မည်သူကမျှ အာမခံနိုင်မည်မဟုတ်။ တစ်နည်းယူဆရလျှင် အာဏာသိမ်းကို သိမ်းပေလိမ့်မည်။ ထိုသို့ အခြေအနေတွင် ဆရာဦးဝင်းတင်လို စာရေးဆရာမျိုး၊ ကလောင်မျိုး၊ နိုင်ငံရေး အကဲဖြတ်သူမျိုး၊ စစ်အာဏာရှင် စနစ်ကို ပြတ်ပြတ်သားသား တိုက်ခိုက်ရေးသားရဲသူမျိုး အများအပြား လိုအပ်လာလေသည်။ ယခုလို လွတ်လပ်စွာ ရေးချင်တာရေးခွင့်ရှိနေခဲ့သည့်အချိန် မျိုးတွင် နိုင်ငံရေးအကဲဖြတ်သူများမှာ တစ်ဦးထက်တစ်ဦး အားမနာ ပါးမနာ ရေးသားလာကြသည်။ ပင်တိုင်ဆောင်းပါးရှင်အဖြစ် ခပ်မော့မော့ ရေးသားလာကြ၏။ ထိုသည်မှာ ကောင်းပါသည်။ သို့သော် ပုဂ္ဂိုလ်ရေးအရသော်လည်းကောင်း၊ သူဖြတ်သန်းလာသော မကျေနပ်ချက်များကိုအခြေခံ၍ တစ်ဦးနှင့် တစ်ဦး အိုးမည်းသုတ်သော အရေးအသားများ ရေးသားသည်များကိုပင် တွေ့ရ၏။ စိတ်မကောင်းစရာပင်။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များရော၊ အစိုးရရော ပင်ပင်ပန်းပန်းဆွေးနွေး ညှိနှိုင်းနေသည့်အချိန်တွင် တချို့ကလောင်ရှင်များက ထိုအခြေအနေကို ထိန်းသိမ်းရမည့်အစား ထိပါးပုတ်ခတ်သော

အရေးအသားများ ရေးသားလာသည်ကို ဆင်ခြင်သင့်သည်ဟု ယူဆပါသည်။ သူတို့သည် ဆရာဦးဝင်းတင် လို ပြည်သူလူထုဘက်မှနေ၍ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့၊ ဒီမိုကရေစီ ရရှိဖို့ ရေးရဲသူများ မဟုတ်ကြပေ။ မကျေနပ်သော ပုဂ္ဂလိကခံစားချက်များကို ထိပ်တင်ပြီး နိုင်ငံရေးသုံးသပ်သူ လုပ်နေ၍ မရပေ။ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ တင်းမာလာလျှင် စေ့စပ်ညှိနှိုင်းမှုများကို မလုပ်ဘဲ တွေ့ဆုံ ဆွေးနွေးရေးကို ငြင်းပယ်၍ မိမိတို့ တစ်ဖက်သတ်အမြင်ကိုသာ စိုက်ထူ၍ လုပ်ဆောင်နေမည်ဆိုလျှင် အခြေအနေ အရပ်ရပ်မှာ အေးချမ်းနေမည်ဟု အာမခံနိုင်ပေ။ ထိုအခါ စစ်တပ်က အာဏာ သိမ်းလာပေမည်။

နိုင်ငံတော်အာဏာ တပ်မတော်၏လက်ထဲ ရောက်သည်နှင့် လွန်ခဲ့သော အနှစ် ၂၀ ကျော် ကာလလို၊ လွန်ခဲ့သော အနှစ်ငါးဆယ်ကျော် ကာလကလို သေနတ်သံများ ကြားလာရပေတော့မည်။ ထိုအခါ ထိုင်းနိုင်ငံမှ အချို့ သတ်ကာ နိုင်ငံရေးသမားများကို ဖမ်းသည်ထက် ပိုဆိုးရွားသော ပွဲကြမ်းမှုများ ဖြင့် ပေါ်လာနိုင်ပါသည်။ မြန်မာနိုင်ငံ၏စစ်တပ်က အာဏာသိမ်းပွဲများတွင် အချိုသတ် ဖမ်းဆီးခြင်းမျိုးကား ရှား၏။ ထိုင်းနိုင်ငံတွင်လည်း ထိုသို့အချိုသတ် ဖမ်းဆီးမှုမှာ ယခုမှသာ ကြားရ၏။ ယခင်က ခပ်ကြမ်းကြမ်းခပ်ရမ်းရမ်းပင် ဖမ်းဆီးလေသည်။ စစ်တပ်က အာဏာသိမ်းသည်နှင့် စစ်တပ်ကို ဝေဖန်သော၊ ထောက်ပြသော ဆောင်းပါးရှင်များမှာ အဖမ်းခံရသည်ဆိုလျှင် အထုပ်ကိုသာ ပြင်ထားကြပေတော့။ ထိုအခြေအနေမျိုး ရောက်လာနိုင်သည်ဆိုသည်ကို သည်း နှလုံးသွင်းထားဖို့ လိုပါသည်။ ယနေ့အခြေအနေမှာ အာမခံချက် ဘာမှ မရှိပေ။ ကျွန်တော်တို့မှာ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ရပြီးပြီ၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ရပြီးပြီ . . . အထုပ်အပိုးကို ပြင်ထားခဲ့ရသလို ယခုလည်း ပြင်ထားဆဲဖြစ် ပါသည်။ ဟိုကွေ့ရောက် ဟိုတက်နှင့်လှော်၊ ဒီကွေ့ရောက် ဒီတက်နှင့်လှော် ဘာ၊ တက် ပြောင်းသူများလို မဟုတ်၍ ဘယ် အခြေအနေမဆို ရင်ဆိုင်ရဲလေ သည်။ ကျွန်တော်တို့ စံထားသော ဆရာဦးဝင်းတင်လို လူမျိုး ဖြစ်ချင်သည်ကား အမှန်ပင် . . .။

*

## ဒီမိုကရေစီသူရဲကောင်း(သို့မဟုတ်) ဆရာကြီးဟံသာဝတီဦးဝင်းတင်

သူထောင်ထဲ မဝင်ခင်က သူ့နာမည်ကိုသာ ကြားဖူးပြီး လူကိုယ်တိုင် တစ်ခါမျှ မကြုံဖူးခဲ့ပေ။ သူ့စာဖတ်ပရိသတ်တော့ ဖြစ်ခဲ့သည်။ သူ့သတင်းစာ ပညာကို လေးစားခဲ့သည်။ သူ ထောင်ထဲရောက်သောအခါ သူ၏ စွန့်လွှတ်မှုကို ပို၍ လေးစားခဲ့ရပါသည်။ ထိုစဉ်က သူတင်သွင်းခဲ့သည့်··· **မတရားသော အမိန့်အာဏာမှန်သမျှ တာဝန်အရ ဖီဆန်ကြ**ဆိုသော သဘောထားကို လည်း လုံးဝထောက်ခံခဲ့ပါသည်။ ထောင်ထဲ ကျွန်တော်တို့ အကြိမ်ကြိမ် ရောက်ခဲ့သော်လည်း သူနှင့် မဆုံခဲ့ဖူးပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် တို့ထောင်ထဲရောက်စဉ်က ဧဧ အရေးတော်ပုံ မဖြစ်ပေါ်သေးပေ။ ကျွန်တော် တို့သည် စစ်အာဏာရှင် စနစ်ကို ၆၂ ခုနှစ် စစ်အစိုးရ တက်ကတည်းက ဆန့်ကျင်ခဲ့ခြင်း ဖြစ်သည်။ သူနှင့် စတင် ရင်းနှီးခဲ့သည်မှာ ကျွန်တော်တို့ မိတ်ဆွေ ကိုမောင်မောင်ခင်ကြောင့် ဖြစ်သည်။ ကိုမောင်မောင်ခင်သည် ဆရာဦးဝင်းတင်ထောင်ထဲနေခဲ့သည့် နှစ်ပေါင်း ၂၀ ကျော် ကာလတစ်လျှောက် မပျက်မကွက်၊ မညည်းမညူ ထောင်ဝင်စာ တွေ့ခဲ့သူ ဖြစ်သည်။ ကျွန်တော်တို့ ရဲဘော်ကြီး လူထုစိန်ဝင်းကလည်း ဆရာဦးဝင်းတင် ဖတ်ဖို့ Time News week Economistစသည့် နိုင်ငံခြားမဂ္ဂဇင်းများကို ပို့ပေးခဲ့သူ ဖြစ်သည်။

ထို့ပြင် မြန်မာဘာသာနှင့် ထုတ်ဝေသော မဂ္ဂဇင်း၊ ဂျာနယ်များကိုလည်း ကိုမောင်မောင်ခင်က သူ့ကိုပို့ပေးလေသည်။ မဂ္ဂဇင်းတစ်စောင်တွင် ကျွန်တော် ဘာသာပြန်နေသော အီလျာအာရင်ဘာ့ဂ်၏ လူများ၊ သက္ကရာဇ်များ၊ ဘဝ မမေ့နိုင်သော နေ့ရက်များဆိုသည့် ဘာသာပြန်ဆောင်းပါးများကို သူ ဖတ်ရှုခွင့်ရခဲ့ပါသည်။ ထိုစာအုပ်မှာ အာရင်ဘာ့ဂ်၏ Memoirs ဖြစ်သည်။ အာရင့်ဘာ့ဂ်က ၆ အုပ် (အင်္ဂလိပ်ဘာသာ)ရေးခဲ့သည်။ ဆရာမြသန်းတင့်က ၅ အုပ်တိတိ ဘာသာပြန်ဆိုခဲ့ပြီးပြီ။ ၆ အုပ်မြောက် ဘာသာပြန်ဆိုနေချိန်တွင် ဆရာမြသန်းတင့် ကွယ်လွန်သွားခဲ့၏။ ထို့ကြောင့် ကျွန်တော်က ၆ အုပ်မြောက်ကို ဘာသာပြန်ဆိုနေခြင်း ဖြစ်ပါသည်။

ထောင်ထဲတွင် ကျွန်တော့် ဘာသာပြန်များကို ဖတ်နေရသော ဆရာဦးဝင်းတင်က ထောင်ဝင်စာ သွားတွေ့သော ကိုမောင်မောင်ခင်ကို 'ကိုထက်မြက်ကို ပြောလိုက်စမ်းပါဗျာ… သူပြန်တဲ့ အာရင်ဘာ့ဂ်စာအုပ်ကို ကျွန်တော်အမြဲ ဖတ်တယ်။ ကိုမြသန်းရဲ့လက်ရာကိုလည်း မီတယ်လို့ ပြောပါ။ ဒါပေမယ့် ကဗျာတွေကိုတော့ စကားပြေလို မပြန်စေချင်ဘူး။ ကဗျာလိုပဲ ပြန်ပါလို့ ပြောလိုက်ပါ' ဟု ဆရာက မှာလေသည်။ ဆရာ့အမှာကို ကြားရသောအခါ ကျွန်တော် ဝမ်းမြောက်သွားမိ၏။ မိမိကိုယ်ကိုလည်း ဂုဏ်ယူမိသည်။ ဆရာ့လို ပုဂ္ဂိုလ်ကြီးက အားပေးသည်အတွက် ဝမ်းသာမိသလို ဆရာမြ လက်ရာကို မီတယ်ဟု ဆိုသည့်အတွက် နေမထိ ထိုင်မသာဖြစ်သွားသည်။ သို့သော် ဝမ်းသာမိသည်ကား အမှန်ပင်။

ဆရာ ထောင်မှ ထွက်လာသောအခါ ကျွန်တော်တို့ ကျင်းပလေ့ရှိသော ဇန်နဝါရီ (၄) ရက်နေ့ လွတ်လပ်ရေး ညစာ စားပွဲနှင့် နှစ်သစ် အကြိုပွဲ စာရေးဆရာများ စုဝေးသည့်နေရာသို့ သူ့ကိုလည်း ဖိတ်ကြား၍ သူ့ရောက်လာခဲ့ပါသည်။ ထိုအချိန်ရောက်မှ သူ့ကို ကိုယ်တိုင်ကိုယ်ကျ မြင်ဖူးလေသည်။ လေးစား အားကျသော ပုဂ္ဂိုလ်ကြီးနှင့် တွေ့ရ၍ ကျေနပ်အားရလည်း ဖြစ်မိပါသည်။ ဆရာ ဟံသာဝတီဦးဝင်းတင်သည်လည်း အနေရိုးသား၍ နှိမ့်ချသူဖြစ်၏။ သူ့အကြောင်းကို ဘယ်တော့မှ လူ အထင်ကြီးအောင် ပြောလေမရှိ။ 'ငါ' ဗဟိုပြု၍ ပြောတတ်သူလည်း မဟုတ်ပေ။ ထောင်ထဲ ဖိနှိပ်ခံရသည့် အကြောင်းပြောသည့်အခါ သူတစ်ယောက်တည်း ဖိနှိပ်ခံရ

သည်ကို ထည့်မပြော၊ အကျဉ်းသားအားလုံး၊ နိုင်ငံရေးအကျဉ်းသား အားလုံး နှိပ်စက်ခံရသည်ကိုသာ ပြောလေ့ရှိလေသည်။ သူ့တွင် မာန်မာန မရှိ၊ သူ တော်သည် တတ်သည်ဟု ဂုဏ်တင် ပြောလေ့ မရှိပေ။ ကြီးသည်၊ ငယ်သည် မရှိ လူအားလုံးကို လေးလေးစားစား ပြောတတ်သူ ဖြစ်၏။ သူ့ခေါင်းထဲတွင် စစ်အာဏာရှင်စနစ် ဖယ်ရှားရေးနှင့် ဒီမိုကရေစီ ရရှိရေးအတွက်သာ ရှိသည်။ နိုင်ငံရေးအကျဉ်းသားများနေ့ ကျင်းပဖို့ နိုင်ငံရေးအကျဉ်းသားဟောင်းများ ဆွေးနွေးတတ်သည့်အခါ ဘယ်နိုင်ငံရေး အကျဉ်းသား သေဆုံးခဲ့သည့်နေ့ကို လုပ်သင့်သည်။ မလုပ်သင့်ဟု အချေအတင်ဖြစ်တတ်သည်များ ရှိ၏။ ဆရာဦးဝင်းတင်ကမူ "နိုင်ငံရေးအကျဉ်းသားများ နေ့ကို သတ်မှတ်မယ်ဆိုရင် ၁၉၆၂ ခု၊ မတ်လ (၂) ရက်နေ့ကို သတ်မှတ်လိုက်တာ ကောင်းမယ်ထင်ပါတယ်။ စစ်တပ်က အာဏာသိမ်းလိုက်တဲ့ မတ်လ (၂) ရက်နေ့ဟာ… တစ်နိုင်ငံလုံး အကျဉ်းထောင်ထဲရောက်သွားသလို ဖြစ်ခဲ့တာ မဟုတ်လား။ လူ့အခွင့်အရေးလည်း ဘာမှ မရှိတော့ဘူး။ ဒီမိုကရေစီ အခွင့်အရေးလည်း မရှိတော့ဘူး။ အဲ့ဒီနေ့က တစ်နိုင်ငံလုံး အမှောင်ကျတဲ့နေ့၊ တစ်နိုင်ငံလုံး ထောင်ထဲရောက်တဲ့ နေ့ပဲ မဟုတ်လား" ဟု ပြောခဲ့သည်။ ထို့ကြောင့် ဆရာဦးဝင်းတင်သည် သူထောင်က လွတ်သည့်အခါ ကိုယ်ပိုင် အဝတ်အစားမရှိ။ ထောင်အင်္ကျီဖြင့်သာ လွတ်လာခဲ့လေသည်။ ဆရာသည် သူ သေသည်အထိ ထိုအင်္ကျီအပြာကို ဝတ်သွားခဲ့လေသည်။

ဆရာဦးဝင်းတင်သည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ပုံကိုင်တစ်ဦး ဖြစ်သလို စတင် တည်ထောင်သူ Founder တစ်ဦးလည်း ဖြစ်လေသည်။ NLDချိတက်နိုင်အောင် တည့်မတ်ပေးသူလည်း ဖြစ်၏။ သူ၊ ဒေါ်အောင်ဆန်းစုကြည် နှင့် ဦးတင်ဦးတို့သည် NLD ၏ ဦးနှောက်များဖြစ်သည်ဆိုလျှင် မှားမည် မထင်ပေ။ ကျွန်တော်တို့သည် ဆရာဦးဝင်းတင်နှင့် သဘောထား တူကြလေသည်။ ပြည်သူလူထု၏စိတ်ရင်းအမှန် သဘောထားအမှန်ကိုလည်း ထင်ဟပ်ပြသနေ၏။ လွန်ခဲ့သောနှစ်က ၈၈ ဒီမိုကရေစီ အရေးတော်ပုံ ငွေရတုအခမ်းအနားကို ရန်ကုန်၌ ကျင်းပသလို မန္တလေး၌လည်း ကျင်းပလေ့သည်။ မန္တလေးရဲဘော်များက တဖွဖွ မှာလွန်းသဖြင့် ကျွန်တော်တို့ရောက်သွား၏။ ဆရာဦးဝင်းတင်လည်း ရောက်နေပါသည်။ အခမ်းအနားပြီးသော

အခါ ကျွန်တော်၊ ဦးလှရွှေ၊ ဆရာဦးဝင်းတင်တို့ မန္တလေး၊ အမရပူရ စသော နေရာများသို့ ကားတစ်စီးတွင် ၃ ယောက် အတူစီးကာ သွားရင်း တစ်နေကုန် စကားပြောဖြစ်ကြ၏။ သူ၏နိုင်ငံရေး အမြင်များ၊ သဘောထားများပြောဖြစ် သလို၊ သူ၏ကျန်းမာရေးအခြေအနေအတွက်လည်း ပြောဖြစ်ပါသည်။ သူက သူ့ကျန်းမာရေးကို ဂရုမထားသလို သူယုံကြည်ရာကို မနားမနေ လုပ်၏။ အိပ်ဖို့၊ အနားယူဖို့ကို အလေး မထားပေ။ နှလုံးရောဂါရှိသော်လည်း ဝက်သား ကို စားချင်စားသည်။ လမ်းမလျှောက်၊ နှလုံးရောဂါသမားဖြစ်၍ မိုဘိုင်းဖုန်း ကို အင်္ကျီအိတ်ထဲ မထားရန် ဆရာဝန်များက အကြံပေးသော်လည်း သူက ထားသည်။ ညဘက် အိပ်ချင်မှ အိပ်သည်။ သူ့အတွက် စာဖတ်နေဖို့က အရေးကြီးသည်။ ယမန့်နေ့က သူနှင့်အတူ လည်ပတ်ခဲ့သည်ကို ယနေ့တိုင် မေ့မရနိုင်ပေ။ သူက မြန်မာနိုင်ငံစာရေးဆရာများ သမဂ္ဂ၏ ဂုဏ်ထူးဆောင် နာယကအဖြစ် ကျွန်တော်တို့က အလေးထားခဲ့သည်ကို သူကလည်း ကျေနပ် အားရပါသည်။ ကျွန်တော်တို့ သမဂ္ဂက ကျင်းပသော စုံညီ အစည်းအဝေးကို လည်း သူ မရမကကြိုးစားကာ တက်ရောက် စကားပြောသည်။ နာယကများ ကန်တော့ပွဲသို့လည်း လာရောက်ပေး၏။ သူက သမဂ္ဂမှ အခမ်းအနားများတွင် စကားပြောရာ၌ "၈၈ တုန်းက ကျွန်တော်တို့ မြန်မာနိုင်ငံ စာရေးဆရာများ သမဂ္ဂကို ဖွဲ့ခဲ့သေးတယ်။ အဲ့ဒီမှာ ကျွန်တော်က ဥက္ကဋ္ဌပေါ့။ ဒါကို လုံးဝ မမေ့သေးဘူး။ ခုခင်ဗျားတို့က သမဂ္ဂဖွဲ့လိုက်တော့ ဂုဏ်လည်း ယူတယ်။ ခင်ဗျားတို့ကို လိုအပ်တာ အကူအညီပေးဖို့လည်း ဆုံးဖြတ်ထားတယ်" ဟု အားရပါးရပြောခဲ့သည်။ သူသည် ဒီမိုကရေစီ သူရဲကောင်းကြီး ဖြစ်ပါသည်။ နိုင်ငံရေးသမားများ၊ စာပေသမားများ အားလုံး ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏ စွန့်လွှတ်အနစ်နာခံခဲ့မှုတို့ကို နာမူနာယူကာ ငြိမ်းချမ်းရေးရရှိ ရေး၊ ဒီမိုကရေစီရရှိရေးအတွက် လျှောက်လှမ်းကြပါစို့။

❋

# ဘာကြောင့် ဆရာဦးဝင်းတင်ကို ပြည်သူလူထုက နှမြောတသ ကြေကွဲကြရပါသလဲ

ဆရာဦးဝင်းတင် ကွယ်လွန်ပြီး တစ်ပတ်မြောက်သည့်နေ့၊ ရက်လည် ဆွမ်းကျွေးနေ့၌ ဆရာ နေထိုင်ခဲ့ရာ ဘောက်ထော်တွင် ဆွမ်းကျွေးသလို NLDပါတီရုံးချုပ်တွင်ရော၊ ဆရာ့သူငယ်ချင်းအိမ်တွင်ပါ အမျှဝေလေသည်။ NLD မှ မိတ်ဆွေများက အဖွဲ့ချုပ်ရုံးသို့ သွားကြသလို စာပေသမားအများ စုမှာမူ ကျောက်ကုန်းသို့ ရောက်လာကြလေသည်။ တစ်ပတ်ရှိသော်လည်း ဆရာ့ကို အလွမ်းမပြေနိုင်ကြသေးပေ။ ဆရာ့ကို ချစ်ခင်စိတ်၊ ကြည်ညိုစိတ်၊ ယုံကြည်အားထားစိတ်များကြောင့် ဆရာ ကွယ်လွန်သွားသည်ဟု ခေါင်းထဲ နည်းနည်းမှ မထည့်ထားပေ။ ဆရာ ရှိစဉ်ကတည်းက ဆရာ့ ကျန်းမာရေးကို သတိထားမိပြီး တွေ့တိုင်း သတိပေး၏။ ဆရာကမူ ခပ်ပြုံးပြုံးပင်။ သူ့ကိုယ် ကျိုးကို ဆံခြည်တစ်မျှင်မျှ အလေးထားသူ မဟုတ်၍ သူ့ကျန်းမာရေးကို ဂရုစိုက်ပါဆိုသည့်စကားမှာ သူ့အတွက် အထူးပြုစကားဟု စဉ်းစားပုံ မရ ပေ။ ၁၉၈၈ ဒီမိုကရေစီအရေး တော်ပုံမှနေ ၂၆ နှစ်တိုင်တိုင် ဆရာသည် မိမိကိုယ်ကျိုးကို မြှုပ်နှံသဂြိုဟ်ကာ ပြည်သူအတွက် စတေးခဲ့သူတစ်ယောက် ဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ကတည်းက သူသေမှာကိုလည်း စိုးရိမ်ပုံ မရ။ ထောင်ထဲတွင် ဒီမိုကရေစီ အရေးတော်ပုံအတွက် စွန့်လွှတ်ခဲ့

သည်ကို သူနှင့် ထောင်အတူကျသူများက ဟံသာဝတီ ဦးဝင်းတင်မှာ ဘယ်လို လူစားလဲဟု သိကြလေသည်။ သာမန်နိုင်ငံရေးသမားတစ်ယောက် ဒူးတုပ်သွားစေနိုင်သော လုပ်ရပ်များကိုလည်း စစ်ထောက်လှမ်းရေးက လုပ်ဆောင်ခဲ့သည်။ သူ့ကို စစ်ထောက်လှမ်း က လွတ်ပြီဟုဆိုကာ အထုပ်များယူစေကာ ထောင် အမှုထမ်းများက ထောင်ဝလိုက်ပို့ကြရာ ထိုအချိန်ကြမှ မလွတ်သေးဟုဆိုကာ ပြန်ဖမ်းလေသည်။ သာမန် လူသာဆိုလျှင် ရူးသွားနိုင်လောက်သည်။ လွတ်ကြောင်ဖြစ်သွားနိုင်၏။ လွတ်ပြီ ထင်ရာမှနေ မလွတ်သေးသဖြင့် ကြောင်သွားတတ်ကြပါသည်။ မိမိကိုယ်သာ မဏ္ဍိုင်ထားသောသူများသည် ထိုသို့ အကျပ်အတည်းမျိုးကို မခံစားနိုင်ကြပေ။ ဆိုလိုသည်မှာ ငါသာလျှင် ခေါင်းဆောင်၊ ငါသာလျှင် အခရာကျသူ၊ ငါ့လောက်တော်သူမရှိ။ ငါလွတ်ရမှ၊ ငါးစားရမှ။ ငါရမှဆို သည့် ငါ ဇဟိုပြုပြီး ငါအတွက်သာ အဓိကထားသူများအဖို့ လွတ်ချင်စိတ်များလာသောအခါတွင် ထိုအခြေအနေကြုံပါက ကြောင်သွားနိုင်သည်။ ဆရာ ဦးဝင်းတင်မှာမူ ဘဝတူနိုင်ငံရေးသမားများ၊ သူ မစားရနေ၊ သူတို့စားရလျှင် ကျေနပ်သော သူတော်စင်စိတ်ဓာတ်ရှိသူတစ်ဦးဖြစ်ပါသည်။

ကျွန်တော်သည် နိုင်ငံရေးသမားအတော်များများနှင့် ကြုံခဲ့ဖူးသည်။ အထူးသဖြင့် ထောင်ထဲတွင် ဆုံခဲ့ခြင်း ဖြစ်၏။ ဗကပ ခေါင်းဆောင်များ၊ အလံနီ ခေါင်းဆောင်များ၊ မလညပ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ရပါသည်။ ခွန့်လွှတ်အနစ်နာခံခဲ့သူများချည်း ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း သူတို့နှင့်အတူ ဆယ်စုနှစ်တိုင်အောင် ပါဝင် တိုက်ပွဲဝင်ခဲ့ပါသည်။ မိမိကိုယ်ကို ပဓာနထားသူများလည်း ပါသည်။ သူတို့နှင့် တွေ့ဆုံခဲ့သလို ဆရာဦးဝင်းတင်နှင့်လည်း အရေအတွက် အတော်များများ ဆုံခဲ့ဖူး၏။ မန္တလေး၌ ဆုံခဲ့ဉ်က ဆရာက သူ၏အမြင်ကို ပွင့်ပွင့်လင်းလင်း ပြောပြပါသည်။ ဆရာသည် စွန့်လွှတ်အနစ်နာခံသော နိုင်ငံရေးသမားစစ်စစ်တစ်ယောက်၏ အရည်အချင်းရှိသူ ဖြစ်သည်။ ထိုသို့ပြောသည်မှာ ဆရာ ကွယ်လွန်သွားမှ ပြောခြင်းမဟုတ်။ အရင်ကတည်းက ပြောခဲ့ဖူးသည်။ ဆရာ့ကို အရှိတရားအတိုင်း ပြောခြင်း ဖြစ်ပါသည်။ ဆရာသည် လူတစ်ယောက်၏ ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းသူ ဖြစ်သည်။ နိုင်ငံရေးသမားတစ်ယောက်၏ ကိုယ့်ကျင့်သိက္ခာ၊

သစ္စာတို့ကို ထိန်းသိမ်းသူဖြစ်ကြောင်း သူနှင့် တွေ့ဆုံခဲ့မှု၊ သူ၏သဘောတရား ကို ရေးသား ပြောဆိုသည့်အခါတွင်လည်း သူ့ သဘောထားကို ကျွန်တော်တို့ အထင်းသား တွေ့ရှိနိုင်လေသည်။

ရက်လည်နေ့ ဧပြီလ ၂၇ ရက်နေ့၊ ကျွန်တော်တို့သည် ကဗျာဆရာမ သန့်စင်အေး၏ အိမ်၌ပြုလုပ်သော ဆွမ်းကျွေးသို့ ဆက်လက်သွားရောက် ခဲ့သည်။ ထိုနေ့ နေ့လယ်ပိုင်းမှာပင် ဆရာဦးဝင်းတင်အတွက် အမှတ်ရစရာ များကို စာရေးဆရာများ၊ ကဗျာဆရာများက ကဗျာရွတ်ဆိုကြ၊ ဆွေးနွေးကြ ပါသည်။ ထိုပွဲတွင် ဆရာဦးဝင်းတင်နှင့်ပတ်သက်ပြီး ကျွန်တော်က သမိုင်း ကောင်းအောင် ဘယ်လိုနေမလဲဆိုသော သမိုင်းကို ဖြတ်သန်းခဲ့သည့် နိုင်ငံ ရေးသမားများ၊ ခေါင်းဆောင်များ၊ စာရေးဆရာများအကြောင်းကို နှိုင်းယှဉ် ပြောဆိုခဲ့သည်။ ထိုသို့ပြောဆိုရာတွင် ကျွန်တော် တွေ့ဆုံခဲ့ရသော စာရေးဆရာ များ၊ နိုင်ငံရေးသမားများ၏ ဈာပနအကြောင်းလည်းပါ၏။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဈာပန၊ နိုင်ငံအနှံ့မှ စာရေးဆရာများ၊ ကဗျာဆရာ များ၊ နိုင်ငံရေးသမားများ၊ ပြည်သူများ ရောက်ရှိလာကာ တိုးမပေါက်လောက် အောင်များ၏။ စမ်းချောင်း၊ ပဒုမ္မာကွင်းထဲ၌ ဆရာကြီး၏ ရုပ်ကလာပ်ကိုထား ကာ နေ့စဉ်မပြတ်လာရောက် ဂါရဝပြုသူများနှင့် စည်ကားလှ၏။ နောက် ဆရာဇနီးမော်တင်အောင်၏ ဈာပန၊ ဆရာမြသန်းတင့်၏ ဈာပန၊ လေထီး ဗိုလ်အုန်းမောင်၏ ဈာပန၊ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၏ ဈာပန၊ ယခု ဆရာ ဦးဝင်းတင်၏ ဈာပနတို့ ဖြစ်သည်။ ဘာကြောင့် ပြည်သူလူထုက သူတို့၏ဈာပနကို လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတနည်းနှင့် အလုံးအရင်းလိုက် လိုက်ပို့ ကြသလဲ။ ရှင်းပါသည်။ သူတို့သည် ပြည်သူဘက်မှ ရပ်တည်ခဲ့သော ကြောင့် ဖြစ်သည်။

ဦးသန့် ဈာပနဆိုလျှင် အရေးအခင်းကြီးတစ်ခုလိုပင် ဖြစ်ခဲ့ပါသည်။ ဈာပန ကျင်းပဖို့၊ ဈာပန ဂုဏ်မာန်ထားရှိဖို့အတွက် ပြည်သူလူထုက တိုက်ပွဲ ဆင် တောင်းယူခဲ့ကြသည်။ ဈာပနကြောင့် ကမ္ဘာကျော်သွားသော လူထုတိုက် ပွဲကြီး ဖြစ်ပါသည်။ သူတို့ ခမ်းနားကြီးကျယ်သော ဈာပနကြီးများ ဘာကြောင့် ဖြစ်ရသလဲဆိုလျှင် ထိုပုဂ္ဂိုလ်များကို ပြည်သူက ချစ်ခြင်း၊ လေးစားခြင်း၊ ကြည်ညိုခြင်းတို့ကြောင့်ပဲ ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်များသည် စစ်အာဏာရှင်

စနစ်ကို ဆန့်ကျင်ခဲ့ခြင်း၊ ပြည်သူဘက်မှ ရပ်တည်ခဲ့ခြင်း၊ စွန့်လွှတ်အနစ်နာခံသူများဖြစ်ခြင်းတို့ကြောင့် ပြည်သူက လှိုက်လှိုက်လှဲလှဲ လိုက်ပို့ဆောင်ကြ၏။ ဗိုလ်ချုပ်အောင်ဆန်း ရှာပနတွင် နေ့စဉ်ရက်ဆက် ပြည်သူက ဂါရဝပြုသွားရောက် ငိုကြွေးကြသလို ရှာပနအခမ်းအနားတွင်လည်း အလောင်းကို မမြင်ရတော့လောက်အောင် လူပင်လယ်ကြီး ဖြစ်သွားရသည်။ ဂျူနိုဦးစော၏ ရှာပနမှာမူ လူ မသိသူမသိနှင့် သူ့မိသားစုက တိတ်တိတ် သင်္ဂြိုဟ်ခဲ့ကြသည်။ ထို့ကြောင့် သမိုင်းကြောင်း ကောင်းအောင် ဘယ်လိုရေးခွဲမလဲ။ သမိုင်းသည် သူ့တာဝန်ကို သူကျေပွန်စွာ မှတ်တမ်းတင်သွား၏။ ပြည်သူဘက်မှာရှိသော ပြည်သူ့ဘက်သားများကို သမိုင်းက အမွန်ကန်ဆုံး ရွေးချယ်ပြသွားသလို ပြည်သူ့ဆန့်ကျင်ရေးသမားများကိုလည်း သမိုင်းက နင်းခြေကာ သမိုင်းအမှိုက်ခြင်းထဲ စွန့်ပစ်ခဲ့ကြလေသည်။

နာမည်ဆိုးသော မြန်မာနိုင်ငံအုပ်စိုးသူများ၏ နောက်ဆုံးခရီးကိုကြည့်လျှင် သိသာနိုင်ပါသည်။ ပြည်သူအတွက် အနစ်နာခံသူ၊ ပြည်သူ့ဘက်၌ ရှိသူများကို ပြည်သူက ချီးကျူးထောမနာ ပြုကြသည်။ အလေးထားကြသည်။ ထို့နေ့က ကျွန်တော်တို့သည် တစ်နေကုန်လိုလို ဆရာဦးဝင်းတင်အား အမှတ်တရ ဂုဏ်ပြုကြသည်။ ဆရာဦးဝင်းတင်၏ စာအုပ်များ၊ နိုင်ငံရေးဘဝ၊ ထောင်တွင်း ဖြတ်သန်းမှုများကို ပြောဆိုကာ လွမ်းဆွတ်နေခဲ့ကြသည်။ ညနေစောင်းမှ ကျွန်တော်တို့ လူစုခွဲခဲ့ကြပါသည်။ နိုင်ငံအသီးသီးတွင် ထိုသို့ ပြည်သူကို ဖိနှိပ်သူများ၊ ရက်စက် ရမ်းကားသူများ၏ သမိုင်းမှာ မြန်မာနိုင်ငံမှ ပြည်သူကို ဖိနှိပ်ရမ်းကားသူများ၏ သမိုင်းအတိုင်းပင် ဖြစ်ပါသည်။ ဟစ်တလာ၊ မူဆိုလီနီတို့၏ သမိုင်းကြောင်းမှာ မကောင်းလှပေ။ နူရင်ဘော့ဂ်စစ်ခုံရုံးတွင် စစ်ရာဇဝတ်ကောင်များအဖြစ် ပြစ်ဒဏ် စီရင်ခံရသော ဖက်ဆစ်နာဇီတို့၏ ဘဝ နေဝင်ချိန်မှာ တရားသံဝေဂရစရာ ကောင်းလေသည်။ လူတစ်ယောက်၏ ဘဝသည် လူ့လောကတွင် ရှိနေစဉ် ချမ်းသာကြွယ်ဝစွာ၊ အာဏာ ဂုဏ်ရှိစွာဖြင့် ဖြတ်သန်းရသည်မှာ သမိုင်းကြောင်းကောင်းလှသည် မဟုတ်ပေ။ အစားကောင်းကောင်း၊ အဝတ်ကောင်းကောင်းဖြင့် ဖြတ်သန်းချင် ဖြတ်သန်းရပေမည်။ သို့သော် သူတစ်ပါး၏ အကျိုးစီးပွားကို ထိခိုက်အောင်၊ သူတစ်ပါး လည်ပင်းထဲမှ ထမင်းကို ကော်ထုတ်ကာ

ဘ၀ကို ရပ်တည်ခဲ့လျှင် ထိုသူ၏ သမိုင်းကြောင်းမှာ ကောင်းလှမည် မဟုတ်ပေ။သို့သော် အများအတွက် စွန့်လွှတ် အနစ်နာခံသောသူများမှာ နည်း၏။ ရှားလည်း ရှားသည်။ ထို့ကြောင့် သူတို့က အာဇာနည်များ၊ သူရဲကောင်းများ အဖြစ် ပြည်သူက ဂုဏ်တင်ထားခြင်း ဖြစ်ပါသည်။ မြန်မာ့လွတ်လပ်ရေးအတွက် အသက်စတေး သွားခဲ့သော သူရဲကောင်းများအကြောင်းမှာ သမိုင်းတွင် ဂုဏ်တင်စရာဖြစ် ခဲ့သည်။ သူတို့၏ သမိုင်းသည် ဘယ်တော့မှ မပျောက်ပျက်နိုင်တော့ပေ။ ထိုသို့ မပျောက်ပျက်သော သမိုင်းတွင် ဆရာဦးဝင်းတင်လည်း ပါလေသည်။ ဆရာ ဦးဝင်းတင်အကြောင်းပြောလျှင် သူနှင့် အရင်းနီးဆုံး သူများကလည်း တမ်းတမ်းတတ ပြောကြသည်။ သူသည် ထိုကဲ့သို့ ပြောရလောက်အောင် ဂုဏ်ရှိသူ၊ အနစ်နာခံစွန့်လွှတ်သူ ဖြစ်လေသည်။ ထို့ကြောင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်အကြောင်း ပြောဆိုရသည်မှာ ကျွန်တော်တို့အတွက် မင်္ဂလာ ဖြစ်ပါသည်။ ထိုသို့သော သူနှင့် ကျွန်တော်တို့ တွေ့ဆုံသိကျွမ်းခဲ့ရသည်မှာ တန်ဖိုးမဖြတ်နိုင်သော ဂုဏ်သိက္ခာတစ်ရပ်ပဲ ဖြစ်ပါတော့သည်။

☐

# သမိုင်း ကောင်းသူ၊ သမိုင်း မကောင်းသူ

ဆရာဦးဝင်းတင် ကွယ်လွန်သွားသည်မှာ ယခုဆို တစ်လကျော်လာပေပြီ။ တစ်လပြည့် ဆွမ်းကျွေးကို မဟာစည်သာသနာ့ရိပ်သာတွင် ပြုလုပ်လေသည်။ ဆွမ်း မကျွေးခင် တစ်ရက် မေလ (၂၀) ရက်နေ့ကလည်း တော်ဝင်နှင်းဆီခန်းမတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကလည်း တစ်လပြည့် အခမ်းအနားကျင်းပ၏။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ဦးဝင်းတင် အမှတ်တရ စကားပြောသွားခဲ့လေသည်။ ဆရာဦးဝင်းတင်သည် ယခင်က စာရေးဆရာ၊ သတင်းစာဆရာအဖြစ် မဆလခေတ်ကို ဖြတ်သန်းခဲ့ပါသည်။ မဆလပါတီနှင့်လည်း မဆက်စပ်၊ တခြား မြေအောက်ပါတီများနှင့်လည်း ဆက်ဆံခြင်း မရှိခဲ့ပေ။သတင်းစာသမားစစ်စစ်၊ လွတ်လပ်သော သတင်းစာသမားစစ်စစ် ဖြစ်လိုသူတစ်ဦးပင်။ ထိုအချိန်က မဆလအစိုးရ လက်အောက်တွင် သတင်းစာဆရာအဖြစ် အလုပ်လုပ်ကိုင်ခဲ့သော်လည်း ဆရာဦးဝင်းတင်သည် ရိုးသား ဖြောင့်မတ်ကာသူ့ကိုယ်ကျိုးအတွက် လုပ်ဆောင်ခဲ့သူမဟုတ်ပေ။ ပထမ ကြေးမုံသတင်းစာတွင် အယ်ဒီတာခန့်ကာ မန္တလေးသို့ လွှတ်လိုက်လေသည်။ မန္တလေးရောက်သောအခါ ဦးဝင်းတင်မှာ စူဠလိပ် ရေထဲလွှတ်သလို ဖြစ်သွားလေသည်။ အစိုးရ၏ စောင့်ကြည့်စာရင်း၊ မလိုလားသောသူများ စာရင်း၌ပါဝင်သော လူထုဦးလှလို၊ လူထုဒေါ်အမာလို ပုဂ္ဂိုလ်များနှင့် ဆက်သွယ်မိ၏။ နောက် ကဗျာဆရာ မောင်စွမ်းရည်လို၊ ပါမောက္ခဦးကျော်ရင်

လို၊ ဒေါက်တာ သန်းထွန်းလို လူများများနှင့်လည်း ဆက်သွယ်မိလေသည်။ ထိုအခါ အစိုးရက မဆလလမ်းစဉ်များ ဖြန့်ချိစေချင်သော ဟံသာဝတီသတင်းစာမှာ သတင်းစာပီသသော သတင်းစာ ဖြစ်သွားလေသည်။ စနေစာပေဝိုင်းကို အပတ်စဉ် ထည့်လေသည်။

မဆလခေတ်က စာပေလုပ်ငန်း၊ စာနယ်ဇင်းလုပ်ငန်း၊ သတင်းစာလုပ်ငန်းကို လုပ်မည်ဆိုလျှင် မဆလ အစိုးရထိန်းချုပ်ကွပ်ကဲသော သတင်းစာများတွင်သာ လုပ်ရလေသည်။ သတင်းစာလောက ရောက်သွားသူတိုင်း မဆလခေတ်က ထုတ်ဝေသည့် ကြေးမုံ၊ ဗိုလ်တထောင်၊ Guardian၊ Working People Daily၊ ရှေ့သို့ဂျာ Forward Journal စသော မဆလပိုင် စာနယ်ဇင်းများတွင်သာ လုပ်ခွင့်ရှိသည်။ တချို့ သတင်းစာဆရာများမှာ မဆလ သတင်းစာများတွင်လုပ်ရင်း နာမည်ဆိုးဖြင့် ကျော်ကြားခဲ့ပါသည်။ စစ်အစိုးရခေတ်တွင်လည်း လိုသည်ထက် ပိုပြီး ပြည်သူကို တိုက်ခိုက်သော စာများ ရေးသားခဲ့၍ နာမည်ဆိုးဖြင့် ထင်ရှားပါသည်။ မဆလက တောတွင်းမှ လက်နက် ချလာသော ဗကပပျက်များကိုလည်း သူတို့၏ဝါဒဖြန့်ချိရေးတွင် အသုံးချခဲ့ပါသည်။ တချို့သည် မဆလ၏ ငယ်မွေးခြံပေါက်များအဖြစ် ပြည်သူကိုဆန့်ကျင်သော မဆလဆန့်ကျင်ရေးသမားများကို ဖိနှိပ်သော စာပေသမားများပင်ဖြစ်လာခဲ့လေသည်။ သို့သော် ဆရာဦးဝင်းတင်က သူ၏ သတင်းစာအလုပ်ကို ရိုးရိုးသားသား သာလုပ်သည်။ ကြေးမုံတွင် လုပ်ခဲ့၍၊ ဟံသာဝတီ သတင်းစာတွင်လုပ်ခဲ့၍ သူ့တွင် ဘာနာမည်ဆိုးမှ မရှိပေ။ သူ့နိုင်ငံရေးဘဝမှာ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးမှာ စတင်ခဲ့လေသည်။ မန္တလေးတွင် ဟံသာဝတီလုပ်စဉ်က စစ်အာဏာရှင်များ မျက်မုန်းကျိုးသည့် သတင်းစာ သမားများ၊ စာပေသမားများနှင့် လည်းပင်းဖက်နေထိုင်ခဲ့သောကြောင့် ဟံသာဝတီကိုလည်း ပိတ်၊ သူ့ကိုလည်း အနား ပေးလိုက်လေသည်။ ထို့အတွက် သူ နောင်တ မရခဲ့ပေ။ စစ်အာဏာရှင်တို့၏ အကျင့်စရိုက်ကိုကား သူ နားလည်သွားလေသည်။ ၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ရှေ့ဆုံးမှ ပါဝင်တိုက်ခိုက်တော့သည်။ လွတ်လပ်သော စာရေးဆရာ သမဂ္ဂကို ဆရာမောင်သော်ကနှင့် အတူ ဖွဲ့စည်းခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းလိုက်သည်နှင့် တတ်သိ ပညာရှင်များတွင် သူလည်း ပါဝင်လာ၏။

သူသည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဖွဲ့စည်းလိုက်သည်နှင့် တတ်သိပညာရှင်များတွင် သူလည်း ပါဝင်လာ၏။ သူသည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို စတင် တည်ထောင်ပေးသူတစ်ဦးလည်း ဖြစ်လေသည်။

ထိုအချိန်မှစ၍ ပြည်သူလူထု၏ လွတ်လပ်မှု၊ ဒီမိုကရေစီရရှိမှု၊ လူ့အခွင့်ရေးရရှိမှုတို့မှာ သတင်းစာဆရာတစ်ဦးအနေဖြင့် လုပ်ဆောင်ရသည်ထက် နိုင်ငံရေးသမားတစ်ဦး၊ နိုင်ငံရေးပါတီတစ်ခု အနေဖြင့်သာ လူထုကို စည်းရုံးလှုံ့ဆော် တိုက်ပွဲဝင်ရင်း နိုင်ငံရေးလုပ်နိုင်ကြောင်း ဆရာဦးဝင်းတင် အခိုင်အမာ ယုံကြည်ကာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင်တစ်ဦး၊ ဒီမိုကရေစီရေး တောင်းဆိုသူအဖြစ် သူ့ဘဝကို မြှုပ်နှံလိုက်သည်။ ထောင်ထဲတွင် အနှစ် ၂၀ ကျော် စွန့်လွှတ် အနစ်နာခံခဲ့ခြင်းကြောင့် ယနေ့ခေတ်တွင် ပြည်သူ့ဘက်တော်သားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရပါတော့သည်။

ဆရာဦးဝင်းတင်သည် နိုင်ငံရေးသမားတစ်ဦးအဖြစ် သူ့ရပ်တည်ချက်ကို အခိုင်အမာ ဆုပ်ကိုင်ထားသူဖြစ်ပါသည်။ သူသည် သတ္တိလည်း ကောင်း၏။ သူ့ခေါင်းထဲတွင် နိုင်ငံရေးအမြင် ရှင်းနေ၍ သူ့လုပ်ရပ်များမှာလည်း ရှင်းလင်းပြတ်သားနေ၏။ အတွေးရှင်းနေသူဖြစ်သောကြောင့် ထောင်မှ ထွက်လာပြီး ရေးသော သူ့စာများမှာလည်း ပြတ်သား ရှင်းလင်းနေပါတော့သည်။ ရေဒီယိုတွင် ပြောသော စကားများ၊ ဒီလှိုင်းဂျာနယ်တွင် ရေးသော သူ့စာများမှာ ပြတ်သား ရှင်းလင်းလှပါသည်။ ပြည်သူများကို မျက်စိဖွင့်ပေးသော စာများလည်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း သူ ကွယ်လွန်သွားသည့်တိုင် သူ့သမိုင်းမှာ ပြောင်မြောက်လှ၏။ သမိုင်းကောင်းသူ ဖြစ်ပါသည်။ လူသေသော်လည်း နာမည် မသေသော ဒီမိုကရေစီ သူရဲကောင်းတစ်ဦးအဖြစ် ကျွန်တော်တို့အမြဲ ဂုဏ်ယူ သတိရနေမည်သာ ဖြစ်ပါသည်။

လွန်ခဲ့သောနှစ် ဩဂုတ်လ ရှစ်လေးလုံး ငွေရတု အခမ်းအနားကြီးကို ရန်ကုန်တွင်ရော၊ မန္တလေးတွင်ရော အကြီးအကျယ် ကျင်းပခဲ့သည်။ ကျွန်တော်မှာ မန္တလေးမှ ဖိတ်ကြား၍ သွားရောက်ခဲ့သည်။ မန္တလေးတွင် ဆရာ ဦးဝင်းတင်နှင့် အေးအေးဆေးဆေး စကားပြောဖြစ်ပါသည်။ သူနှင့် စကားပြောရာတွင် အမျိုးသားစည်းလုံး ညီညွတ်ရေးအကြောင်း အများဆုံးပြော

ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးကိုလည်း ပြောဖြစ်ပါသည်။ ထိုသို့ ပြင်ဆင်ရာတွင် NLD တစ်ခုတည်း မဟုတ်ဘဲ တခြား အဖွဲ့အစည်းများ၊ တခြား ပါတီများပါ လက်တွဲပါဝင်သင့်ကြောင်း၊ အထူးသဖြင့် ၈၈ မျိုးဆက်များအနေဖြင့် NLD နှင့် လက်တွဲသင့်ကြောင်း ကျွန်တော်က ပြောဆိုရာတွင် ဆရာဦးဝင်းတင်က . . .

'မင်းကိုနိုင်တို့ လွတ်လာတုန်းက မင်းကိုနိုင်တို့နဲ့ ကျွန်တော် စကားပြောဖြစ်တယ်။ ကျွန်တော်က သူ့တို့ကို ဒေါ်စုကို ဝန်းရံဖို့နဲ့ NLD နဲ့ လက်တွဲဖို့ ပြောခဲ့ဖူးပါတယ်။ NLD ရဲ့အားနဲ့ ပူးပေါင်းပြီး ဒီမိုကရေစီရအောင်တိုက်ဖို့ ပြောခဲ့တယ်။ ကျွန်တော်တို့မှာ ညီညွတ်ရေးရမှ၊ တိုက်နိုင်မှ စစ်အာဏာရှင်စနစ်ကို ဖြိုချနိုင်မှာဖြစ်လို့ လေးလေးနက်နက်ကို တိုက်တွန်းခဲ့တာပါ'

ထိုနေ့က တစ်နေကုန်လိုလို အမရပူရတစ်ဝိုက်တွင် ဆရာဦးဝင်းတင်နှင့် စကားပြော ဖြစ်၊ အတူ ထမင်းစားဖြစ်ခဲ့ကြသည်။ တောင်လေးလုံးဆရာတော် ဦးပညာကိုလည်း သွားရောက်ဖူးမြော်ခဲ့သည်။ မှတ်ဉာဏ်အားနည်းနေသော ဆရာတော် ဦးပညာအား ဦးဝင်းတင် . . . ပါဟု ပြောသောအခါ . . . 'ဩော် ကိုဝင်းတင်လား၊ ကိုဝင်းတင်လား' ဟု . . . ထပ်ခါထပ်ခါပြောကာ သူ့လက်ကို ဆွဲကိုင်ထားလေသည်။ ဆရာနှင့် တရင်းတနှီး ဤတစ်ကြိမ်တွင် ပထမဆုံး စကားပြောဖြစ်၏။ သူ၏ ရိုးသားမှု၊ တည်ကြည်မှု၊ နှိမ့်ချမှုများကို ဆရာနှင့် ဆက်ဆံကြည့်သည့်အခါ ကောင်းစွာ သိရသည်။ သူ့အကြောင်းကို ဘယ်တော့မှ စနီးတင်မပြောတတ်။ ပုဂ္ဂိုလ်ရေးအကြောင်းများကို ရှောင်ရှားကာ စာအကြောင်း ပေအကြောင်းသာ ပြောတတ်၏။ ရန်ကုန်တက္ကသိုလ်တွင် ဆရာမြသန်းတင့်၊ ဆရာကျော်အောင်တို့နှင့် ရင်းနှီးခဲ့သည့်အကြောင်းများ ပြောပြ၏။ စင်စစ်အားဖြင့် ဆရာဦးဝင်းတင်သည် ကွယ်လွန်သွားသည့်အချိန်၌ မြန်မာ့ဒီမိုကရေစီ သူရဲကောင်းဖြစ်ခဲ့သော်လည်း သူ၏ငယ်ဘဝမှာ စာသမား၊ ပေသမားအဖြစ် စာပေကိုအလေးထားခဲ့သူသာ ဖြစ်ပါသည်။ ထောင်ထဲတွင် စာစောင်များ ထုတ်ဝေခဲ့ပုံမှာ သူနှင့်အတူ နေခဲ့သောသူများ ပြောပြ၍ အလွန် စိတ်ဝင်စားစရာကောင်းပါသည်။ အသက်ရှင်စဉ်က မြင့်မြတ်ခဲ့သလို သေဆုံးသည့်အခါလည်း မြတ်သောသေခြင်းအဖြစ် သမိုင်းကောင်းသူတစ်ဦး၏ ဘဝမှာ စံနမူနာ ညွှန်ပြရမည့် လူချွန်တစ်ဦးဖြစ်လေ

သည်။ သို့သော် ဆရာဦးဝင်းတင်နှင့် ဆက်စပ်ပြီး သမိုင်းမကောင်းသူများကို လည်း သတိရမိလေသည်။ ထိုသူမှာ စစ်ထောက်လှမ်းရေး၏ သတင်းပေးဖြစ် လေသည်။ ဆရာ တစ်လပြည့် ဆွမ်းကျွေးသည့်နေ့က ဆရာဦးဝင်းတင်နှင့် အလွန် ရင်းနှီးခင်မင်သော မေတ္တာမိုး ပုံနှိပ်တိုက်ပိုင်ရှင် ဦးစိုးနိုင်ဆိုတာ ရှိခဲ့ပါသည်။ ဦးစိုးနိုင်တွင် မောင်မောင်နိုင်ဆိုသည့် သားတစ်ယောက်ရှိပြီး ကျွန်တော်တို့ မေတ္တာမိုးပုံနှိပ်တိုက်တွင် ဂျာနယ်ထုတ်ဝေစဉ်က မောင်မောင် နိုင်မှာ ၇ တန်းသာ ရှိသေးသည်။ တစ်ဦးတည်းသော သားဖြစ်ကာ စာကြိုးစား ပြီး ရည်မွန်သူတစ်ဦး ဖြစ်၏။ မောင်မောင်နိုင် ကျောင်းအားလျှင် ကျွန်တော် တို့ကြားထဲရောက်ပြီး သူ့ကို စနောက်နေကြလေသည်။ ထိုစဉ်က မေတ္တာမိုး ပုံနှိပ်တိုက်တွင် စာပြင်သမားတစ်ဦးရှိခဲ့ပြီး မောင်မောင်နိုင်နှင့်လည်း ရင်းနှီး ၏။ နောက်တော့ ထိုသူသည် တောခိုသွားပြီး လက်နက်ချလေသည်။ နောက် စစ်ထောက်လှမ်းရေး၏ သတင်းပေးသူအဆင့် ဖြစ်သွားလေ၏။ ထိုနေ့က ကျွန်တော်နှင့် မောင်မောင်နိုင်မှာ ထိုလူအကြောင်း ပြောဖြစ်သည်။ သို့သော် သူ့သမိုင်းသည် သတင်းပေးတစ်ယောက်အဖြစ် အပေါင်းအသင်းဟောင်း။ မိတ်ဆွေဟောင်းများကြားထဲ ဝင်ဆန့်ခြင်းမရှိသူအဖြစ် စာတ်သိမ်းသွားလေ သည်။

ဂါးဒီယန်းဦးစိန်ဝင်း ကွယ်လွန်စဉ်က ဆရာဦးဝင်းတင်သည် အသုဘ မေး ရောက်သွား၏။ ထိုစဉ်က ဆရာ့ကိုဖမ်းဆီးခဲ့သော ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်နှင့်လည်း တွေ့ခဲ့ရသည်ဟု သိရသည်။ ဗိုလ်ခင်ညွန့်က ဆရာ ဦးဝင်းတင်ကို လာရောက် နှုတ်ဆက်ကာ... 'ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ၊ အာဃာတတွေလည်း မထားပါနဲ့တော့' ဟု ပြောခဲ့သည်ဟု ဆိုသည်။ ဗိုလ်ခင်ညွန့်က တောင်းပန်သည်လည်း မဟုတ်၊ လာရောက်ဝန်ချသည်လည်း မဟုတ်။ 'ပြီးခဲ့တာတွေ မေ့ပစ်လိုက်ပေါ့ဗျာ' ဆိုသည့်သဘောဖြင့် ဝတ်ကျေ ဝတ်တန်း ပွဲပြီးမီးသေစကား ပြောခဲ့ခြင်း ဖြစ်ပါသည်။ စစ်ထောက်လှမ်းရေး ကို တာဝန်ယူခဲ့သော ဗိုလ်ချုပ်ကြီး ခင်ညွန့်မှာ စစ်အစိုးရခေတ်က ထိပ်တန်း ဗိုလ်ချုပ်တစ်ယောက် ဖြစ်၏။ အပြောမှား၊ အနေမှားသည်နှင့် စစ်တပ်ထဲ တွင်ရော၊ ပြည်သူများထဲတွင်ရော အဖမ်းခံ၊ အနှိပ်စက်ခံရမှာ သေချာပါသည်။ မန္တလေးမှ ဦးမောင်ကို၊ ရန်ကုန်မှာ ဦးမောင်ကို စာသော နိုင်ငံရေးသမားများမှာ

စစ်ကြောရေးတွင် အသက်ပေးသွားခဲ့ရသည်။ စစ်ထောက်လှမ်းရေးမှာ သမိုင်းတွင် နာမည်ဆိုးခဲ့ပါသည်။ အထူးသဖြင့် မျက်မှန် တင်ဦး (ခေါ်) ဗိုလ်ချုပ်တင်ဦး၏ စစ်ထောက်လှမ်းရေး၊ ဗိုလ်ခင်ညွန့်၏ စစ်ထောက်လှမ်းရေးတို့မှာ အဆိုးဝါးဆုံး၊ အရက်စက်ဆုံး ဖြစ်လေသည်။ ယခုအခါ ဗိုလ်ခင်ညွန့်သည် ဘာသာရေးသမားတစ်ဦးအဖြစ် သူ့ဘဝနေဝင်ချိန်များကို ကုန်ဆုံးစေတော့မည်ဟု ဆိုသည်။ သို့သော် သူ့သမိုင်းမှာ အဂတိလိုက်စား၍ တစ်ဖွဲ့လုံး ဖျက်သိမ်းခဲ့ရသော စစ်ထောက်လှမ်းရေး၏ ခေါင်းဆောင်အဖြစ် နာမည်ဆိုးကျန်ရစ်နေမှာကတော့ သေချာသည်။ စစ်ထောက်လှမ်းရေးဆိုသည်နှင့် လူတိုင်းက ရွံ့ကြောက်ဖြစ်နေကြသည်။ သူတို့ကို လက်မရွံ့များဟုသာ လူတိုင်းက မြင်နေ၏။ ထို့ကြောင့် သမိုင်းဆိုသည်မှာ လူတစ်ယောက် သူဖြတ်သန်းခဲ့ရသော ဘဝနှင့် လုပ်ရပ်အပေါ်သာ မူတည်သည်။ ဆရာဦးဝင်းတင်၏ သမိုင်းသည် ဂုဏ်ရောင်ပြောင်ပြီး သမိုင်းကောင်းကို ဖန်တီးခဲ့သော်လည်း သူနှင့် သိက္ခမ်းဝင် ပတ်သက်ခဲ့သူများ၏ သမိုင်းမှာကား . . .

*

# သူ့ကိုလွမ်းလျှင်သူ့လမ်းကိုလျှောက်ကြစို့

(ဆရာဦးဝင်းတင်ကို ဦးညွှတ် အလေးပြုခြင်း)

ထောင်ထဲ၌ အနှစ် ၂၀ ကြာ နေခဲ့ရသော ဆရာဦးဝင်းတင် အကြောင်း ပြောသည့်အခါတွင် တောင်အာဖရိက အမျိုးသား ခေါင်းဆောင်ကြီး နယ်လ်ဆင်မင်ဒဲလားနှင့် နှိုင်းယှဉ်ပြီး ပြောတတ်ကြသည်။ မင်ဒဲလားသည် တောင်အာဖရိက လူဖြူအစိုးရက တစ်ကျွန်းပို့ကာ ထောင်ထဲတွင် ၂၇ နှစ်ကြာ ဖမ်းဆီးခံခဲ့ရသူဖြစ်၏။ မြန်မာနိုင်ငံမှ စစ်အာဏာရှင်များနှင့် တောင်အာဖရိကမှ အသားအရောင် ခွဲခြားသော လူဖြူ အစိုးရတို့ကို နှိုင်းယှဉ်ပြီး ပြောဆိုရာတွင် ပြည်သူ့ဖကို သေနတ်ဖြင့် ပစ်ခတ်ဖြိုခွင်းခြင်း၊ နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခြင်းတို့ဖြင့် နှိုင်းယှဉ်ပြီး ပြောလေသည်။ မင်ဒဲလားနှင့် ဦးဝင်းတင်မှာလည်း ဦးဝင်းတင်က ထောင်ဒဏ် အနှစ် ၂၀၊ မင်ဒဲလားက ၂၇ နှစ် ဖြစ်သည်။ သို့သော တောင်အာဖရိကမှ လူဖြူအစိုးရက မင်ဒဲလားကို ထောင်ဝင်စာ တွေ့ခွင့်ပေးသည်။ ရုပ်မြင်သံကြား ကြည့်ခွင့်ရသည်။ စာဖတ်ခွင့်လည်း ပေးပါသည်။ ဆရာ ဦးဝင်းတင်မှာ သတင်းစာဆရာဖြစ်ပြီး သူ့အတွက် စာရေး၊ စာဖတ်ခြင်းမှာ အသက်တမျှ အရေးကြီးပါသည်။ သူသည် အတွေ့အကြုံများသော သတင်းစာဆရာ၊ စာရေးဆရာကြီး ဖြစ်ပါသည်။ တိုင်းပြည်တွင် ဒီမိုကရေစီသာရမည်ဆိုပါက ဆရာဦးဝင်းတင်သည် နိုင်ငံရေးသမား

တစ်ယောက်ထက် စာများသာရေးသော သတင်းစာဆရာ စာရေးဆရာတစ်ယောက်သာ ဖြစ်နေပေလိမ့်မည်။ သူ ရေးခဲ့သော 'ဘာလဲဟဲ့ လူ့ငရဲ' စာအုပ်ထဲတွင် ဖော်ပြထား၏။ မင်ဒဲလားထက် အဆပေါင်း များစွာ လူအခွင့်အရေးများ ဆုံးရှုံးခဲ့၏။ တောင်အာဖရိကထက်ပင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ခံခဲ့ရသည်။ လူများနှင့် အဆက်အသွယ်မရှိသော တိုက်ခန်းကျဉ်းလေးထဲတွင် အနှစ် ၂၀ လုံးလုံး နေထိုင်ခဲ့ရပါသည်။

ဒီမိုကရေစီ အရေးတော်ပုံမှာ အဖမ်းခံခဲ့ရသော ဆရာဦးဝင်းတင်၏ ထောင်ထဲ၌ အနှိပ်စက်၊ အညှဉ်းပန်းခံခဲ့ရပုံကို ထွေထွေထူးထူး ပြောဆိုနေသည်ထက် ဆရာ ထောင်ထဲ၌ ရေးသားခဲ့သော 'ကျားရဲငါ' ကဗျာကို ဖတ်ရှုရုံဖြင့် သိနိုင်ပါသည်။ တစ်ချိန်တည်းတွင် ထိုကဗျာကပင် သူ၏ပိုင်းဖြတ်မှု၊ သူ၏ရဲရင့်မှုနှင့် သူ၏ခွဲသတ္တိတို့ကို ပေါ်လွင်စေပါတော့သည်။

"နေပြင်းရင်၊ နှင်းမှုန်ရင်
ဆွေ့ဆွေ့ခုန် အိုက်လိုအိုက်
ခိုက်ခိုက်တုန် ချမ်းလိုချမ်း

အခန်းကျဉ်းကျဉ်း
အလင်း မဝင်၊ လေ မဝင်
နေမမြင်၊ လမမြင်
ထိုင်လျှင် ထိုင်၊ မထိုင်လျှင် ငေး
အိပ်လျှင် အိပ်၊ မအိပ်လျှင် တွေး

သတင်းမေးဖို့ ဝေးရော
သီချင်းလေးမှ မဆိုရ
စာဖတ်ဖို့ ဝေးရော
ကဗျာလေးမှ မစပ်ရ
တရားဟောဖို့ ဝေးရော
စကားလေးမှ မပြောရ
အဟောသိက သံသရာ

ငါ့ကမ္ဘာ ပိစိကွေး
အခန်းကျဉ်းလေး ပတ်လျှောက်လိုက်
သံတံခါး၀ ရပ်လိုက်
တမတ်တတ်တတ် တစ်နေကုန်

မနေ့ကလည်း တစ်နေကုန်
ဒီနေ့လည်း တစ်နေကုန်
နက်ဖြန်လည်း ကုန်ဦးမယ်

ကုန်ကုန်ကုန်
ကုန်ချင်သလောက် ကုန်စမ်း
တစ်ရက် ကုန်မလား
တစ်သက် ကုန်မလား
တစ်လ ကုန်မလား
တစ်ဘ၀ ကုန်မလား
တစ်နှစ် ကုန်မလား
တစ်ခေတ် ကုန်မလား
အားမလျှော့ဘူး၊ မပျော့ဘူး
ပေဖြစ်တော့ ခံမယ်
တူဖြစ်တာ နှံမယ်

အမှန်တရား တို့ဘက်မှာရှိသည်
ပြည်သူအများ တို့ဘက်မှာရှိသည်
ကာလယန္တရား တို့ဘက်မှာရှိသည်
ရှင်တော်ဘုရား တို့ဘက်မှာရှိသည်
သိကြရဲ့လား ဟားဟားဟားဟား

တိရစ္ဆာန်ရုံက ကျားလို
လှောင်အိမ်ထဲမှာ တလွန့်လွန့်နဲ့
ကျားညွန့်တုံးတွေ ထင်သလား
မှားလိုက်တဲ့အမြင်

ဟားတိုက်လို ရယ်ချင်စရာ
မှတ်ထားဟော့
အဝါပေါ်မှာ အနက်စင်း
မပျက်မယွင်း ကွက်ကွက်ကွင်း
အရှင်းသား မလွဲမရွေ့
အထင်းသားစွဲသရွေ့
ကျားရဲဟာ ကျားရဲ
ငါလည်း အဲဒီလိုပဲကွဟော့''

သူ့ကဗျာအတိုင်းပင် သူလည်း ကျားရဲတစ်ကောင်လိုပင် စစ်အာဏာရှင်စနစ်ကို ပြတ်ပြတ်သားသား၊ ရဲရဲရင့်ရင့်၊ အရှုံး မပေးစတမ်း တိုက်ခိုက်သွားလေသည်။ ထောင်မှထွက်ကတည်းက မြန်မာနိုင်ငံတွင် ဒီမိုကရေစီမရသရွေ့ ထောင်အင်္ကျီအပြာကိုသာ အမြဲတစေ ဝတ်ဆင်ခဲ့သူဖြစ်သည်။ သူ့ရပ်တည်ချက်ကို တစ်စွန်းတစ်စမှ မယိမ်းစေဘဲ အခိုင်အမာရပ်တည်ခဲ့သည်။ NLD အနေဖြင့် သူက ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေး လူထုလှုပ်ရှားမှုများ ပြုလုပ်ချိန်တွင် သူက ၂၀၀၈ ဖွဲ့စည်းပုံတစ်စုလုံးကို ဖျက်ကာ အသစ်ရေးဆွဲဖို့ တင်သွားခဲ့သူဖြစ်၏။ NLD ခေါင်းဆောင်များကြား ၂၀၀၈ ဖွဲ့စည်း ပုံ ပြင်မလား၊ အသစ် ရေးဆွဲမလားဆိုရာတွင် သူတစ်ယောက်တည်း အသစ် ရေးဆွဲဖို့ တင်သွင်းခဲ့သူဖြစ်ပါသည်။ ဦးဝင်းတင်လို ပုဂ္ဂိုလ်မျိုးမှာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်လည်း အလွန် ရှားလေသည်။

ဆရာဟံသာဝတီဦးဝင်းတင်သည် ၁၉၈၈ ခုနှစ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို စတင် ထူထောင်ခဲ့သူများအနက် ယခုအခါ ကျန်ရှိသူ၊ အဖွဲ့ချုပ်ထဲ တာဝန်ထမ်းဆောင်လျက်ရှိသူ သုံးဦးတွင် တစ်ဦး အပါအဝင်ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးဝင်းတင် တို့သာကျန်ရစ်ခဲ့သည်။ ယခု ဦးဝင်းတင်က ရုပ်ဝတ္ထုအရ ထွက်ခွာသွားလေပြီ။ သူ၏ဒီမိုကရေစီအတွက် ရပ်တည်ချက်မှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တွင် ထာဝရရှင်သန်နေလိမ့်မည်။ ဆရာဦးဝင်းတင်သည် ဒီမိုကရေစီ တိုက်ပွဲတွင် ကျဆုံးသွားသော ဒီမိုကရေစီသူရဲကောင်းကြီး ဖြစ်သည်။ NLD ပါတီဥက္ကဋ္ဌကြီး

ဒေါ်အောင်ဆန်းစုကြည်က "သူလိုပုဂ္ဂိုလ်မျိုးတွေရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေကြောင့် ဒီမိုကရေစီဟာ အရင်ကထက် နီးလာတယ်လို့ ပြောရပါလိမ့်မယ်" ဟု ပြောဆိုသွားချက်မှာ အလွန် မှန်ကန်ပြီး အလွန်မှတ်သားဖို့ ကောင်းပါသည်။ ဆရာဦးဝင်းတင်သည် သူ့လိုဘဝတူ နိုင်ငံရေးအကျဉ်းသားများအတွက် ဦးဝင်းတင် ဖောင်ဒေးရှင်းကို ထူထောင်ခဲ့သူဖြစ်၏။ နိုင်ငံတကာမှ သူ ရရှိခဲ့သော ဆုကြေးများ၊ အလှူရှင်များ၏ အလှူငွေများဖြင့် နိုင်ငံရေးအကျဉ်းသားထောင်ပေါင်းများစွာနှင့် သူတို့၏မိသားစုများကို ကူညီ ထောက်ပံ့ပေးနိုင်ခဲ့သည်။ သမိုင်းတွင် နိုင်ငံရေးအကျဉ်းသား ထောက်ပံ့ခြင်းလုပ်ငန်းကို အတွင်ကျယ်ဆုံး လုပ်နိုင်သည်မှာ ဦးဝင်းတင် ဖောင်ဒေးရှင်းတစ်ခုတည်းသာ ရှိလေသည်။ ယခု သူမရှိတော့သော်လည်း လူ့အခွင့်အရေးရရှိရေး စသည့်တို့အတွက် NLD သာမက အားလုံးက ပါဝင်ကာ အောင်ပွဲရသည်အထိ တိုက်ပွဲဝင်ကြရမည်။ သူ ထူထောင်ခဲ့သော ဦးဝင်းတင် ဖောင်ဒေးရှင်းကိုလည်း ဆက်လက် ကူညီနိုင်အောင် နောင်လာနောင်သားများက ပိုင်းဝန်းကာ ဆက်လက် လုပ်ဆောင်ရပေလိမ့်မည်။

*

# သခင်သိန်းမောင် (ဝါးခယ်မ)

စက်တင်ဘာလ (၂၇) ရက်နေ့က ဝါရင့် နိုင်ငံရေးသမားဟောင်းကြီးလည်းဖြစ်၊ မာ့က္ကလီနင်ဝါဒကို ကွယ်လွန်သည်အထိ လက်ခံ ယုံကြည်ခဲ့သူလည်းဖြစ်၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် ဒီမိုကရေစီရေးကို နိုင်ငံရေးလောကရောက်ကတည်းက တောင်းဆိုခဲ့သူလည်းဖြစ်သော သခင်သိန်းမောင် (ဝါးခယ်မ) ကွယ်လွန်သွားခဲ့လေသည်။ သူသည် နိုင်ငံရေးယုံကြည်ချက် ရှင်းလင်းပြတ်သားသူဖြစ်၏။ သို့သော် အလွန်သိမ်မွေ့ပြီး အလွန် စာနာစိတ်ကြီးမားသော လူသားဆန်သည့် ပုဂ္ဂိုလ်လည်း ဖြစ်ပါသည်။ ၁၉၁၉ ခုဖွားသူတို့အုပ်စုထဲတွင် အန်ကယ်ဦးသိန်းမောင်သည် လူ့လောကမှ နောက်ဆုံးထွက်ခွာသွားသူ ဖြစ်သည်။ ၁၉၁၉ ခုဖွားသူတို့မှာ လုပ်ဖော်ကိုင်ဖက်များလည်းဖြစ် အလွန် ရင်းနှီးကြသော မိတ်ဆွေများမှာ လေထီးဗိုလ်အုန်းမောင်၊ ဒဂုန်တာရာ၊ သခင်သိန်းမောင် (ဝါးခယ်မ) တို့ဖြစ်သည်။ သူတို့နှင့်တွဲသော သခင်အုန်းမြင့်မှာ ၁၉၁၈ ခုဖွားဖြစ်၍ သူတို့ထက် ၁ နှစ်ကြီး၏။ အန်ကယ်ဦးသိန်းမောင်သည် ကျွန်တော်တို့နှင့်လည်း ခရီးအတူသွား၊ အတူလာနှင့် ဗမာနိုင်ငံရေး အခြေအနေ၊ ကမ္ဘာ့နိုင်ငံရေး အခြေအနေများကိုအမြဲ ဆွေးနွေးလေ့ရှိပါသည်။ အသက်အရွယ်တူ ရဲဘော်များကြားတွင် ပထမဆုံး ထွက်ခွာသွားသူမှာ လေထီးဗိုလ် အုန်းမောင် ဖြစ်၏။ လွန်ခဲ့သော ၁၄ နှစ်ကတည်းက ကင်ဆာ

ရောဂါဖြင့် ကွယ်လွန်ခဲ့ပြီး ဒုတိယ ထွက်ခွာသွားသူမှာ သခင်အုန်းမြင့် ဖြစ်ပါသည်။ ဆရာဒဂုန်တာရာမှာမူ လွန်ခဲ့သော နှစ်က သူနှင့်ရွယ်တူ သူ့ရဲဘော် သခင်သိန်းမောင် (ဝါးခယ်မ) ကို ထားရစ်ပြီး ထွက်ခွာသွားပြန်သည်။ ဆရာတာရာနှင့် ၁ နှစ် နှင့် ၁ လ ကွာကာ အန်ကယ် ဦးသိန်းမောင် ကွယ်လွန်ခဲ့လေသည်။ မကွယ်လွန်မီ နောက်ဆုံးအချိန်၌ပင် သူသည် ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်းတွင် နာယက၊ သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေး ... ထိန်းသိမ်းရေး ကော်မတီတွင် နာယကအဖြစ် လှူငယ်များကို နည်းပြကာ လုပ်ကိုင်ခဲ့လေသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးများတွင် ၁၇ နှစ်သားကတည်းက ပါဝင် လှုပ်ရှားခဲ့သူဖြစ်သည်။ ဗိုလ်အောင်ကျော် ကျဆုံးသော အတွင်းဝန်ရုံးကို ဝိုင်းဝန်းဆန္ဒပြကတည်းက ဦးကြည်မောင် (အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်ခဲ့သူ ဗိုလ်မှူးကြီးကြည်မောင်)၊ ဦးငွေမြိုင် (ဒဂုန်တာရာ) တို့နှင့်အတူ တိုက်ပွဲဝင်ခဲ့သည်။ အန်ကယ် ဦးသိန်းမောင်သည် ငယ်စဉ်ကတည်းက မာ့က္စ်လီနင်ဝါဒကို ယုံကြည်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီတွင် ပါဝင်ခဲ့သူ ဖြစ်ပါသည်။ ၁၉၄၈ ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုသွားချိန်၌ သူ အဖမ်းခံခဲ့ရ၏။ ထောင်ထဲတွင် ၂ နှစ်ကြာအောင် နိုင်ငံရေးပုဒ်မဖြင့် ထောင်ကျခဲ့သည်။

ကျွန်တော်တို့အရွယ် ၇၀ တန်းများနှင့် ပေါင်းသင်းခဲ့သည့် အရင်းနှီးဆုံး ဝါရင့်နိုင်ငံရေး ပုဂ္ဂိုလ်များ၊ အယူဝါဒချင်းတူညီသော သခင်ကြီးများနှင့် နိုင်ငံရေးခေါင်းဆောင်များထဲတွင် ကျွန်တော်တို့ကို နောက်ဆုံးခွဲခွာသွားသူမှာ အန်ကယ် ဦးသိန်းမောင် ဖြစ်၏။ ကျွန်တော့်အတွက် အမှတ်အရဆုံးမှာ လေထီး ဗိုလ်အုန်းမောင်၊ သူနှင့် ကျွန်တော်တို့ ပုဂံတွင် တစ်ပတ်ခန့် သွားရောက်လည်ပတ်ခဲ့ခြင်း ဖြစ်ပါသည်။ နေ့တိုင်းလိုလို ပုဂံဘုရားအစုံကို သွားရောက်ဖူးကြ၏။ တန့်ကြည်တောင်၊ တူရင်းတောင်၊ လောကနန္ဒာ၊ ရွှေစည်းခုံ စသော တန်ခိုးကြီးဘုရား အားလုံးကိုလည်း ကျွန်တော်တို့ မလွတ်ခဲ့ပေ။ ညဦးပိုင်းတွင် လောကနန္ဒာဘုရားသို့ ကျွန်တော်တို့နှင့်အတူ ဘုရားပေါ်အမြဲ တက်လေ့ ရှိသည်။ ဧရာဝတီမြစ်ကမ်းဘေးမှ တန့်ကြည်တောင်ကို မျှော်ကြည့်လိုက်လျှင် အလွန် ကြည်နူးစရာကောင်းပြီး အလွန် စိတ်ထားကောင်းသော အန်ကယ် ဦးသိန်းမောင်ကိုလည်း သတိရမိပါသည်။

ကိုလိုနီ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် အလွန် ပြင်းထန်သည်။ ဒီမို ကရေစီပန်းတိုင်ကို သူ ကွယ်လွန်သည်အထိ မမြင်တွေ့ခဲ့ရပါ။ ယခင် စစ် အစိုးရလက်ထက်က ကျွန်တော်တို့သည် စာစောင်၊ စာတမ်းများရလျှင် ယုံ ကြည် စိတ်ချရသူ အချင်းချင်းသာ တိတ်တဆိတ် လက်ဆင့်ကမ်းပေးကာ ဖတ်လေ့ရှိသည်။ အင်တာနက်မှ စာတမ်းများ၊ ဝီကီပီးဒီးယားမှ စစ်အာဏာ ရှင်စနစ် ဆန့်ကျင်ရေး ဆောင်းပါးများ ရရှိတိုင်း ကျွန်တော်တို့သည် အန်ကယ် ဦးသိန်းမောင် လက်ထဲ တိတ်တဆိတ် ထည့်လေ့ရှိသည်။ သူ့နား တိုးတိုးကပ် ကာ စာတမ်းနာမည် ပြောလိုက်တိုင်း သူက ခေါင်းအုံးအောက်သို့ ဖွက်လိုက် ၏။ တစ်ပတ်လောက်နေလျှင် မွေ့ရာအောက်မှ ထိုစာတမ်းကကို လူ မသိ အောင် ကျွန်တော့်လက်ထဲ ထည့်ပေးလေသည်။ ထို စာတမ်းကို စာအိတ်နှင့် ထည့်ထားလေသည်။ သူပြောတတ်သော စကားတစ်ခွန်းမှာ…

'လျှို့ဝှက်လုပ်ငန်း ယူဂျီ လုပ်တဲ့အခါမှာ ကိုယ်လုပ်တာကို ဘယ်သူ မှ မသိဖို့လိုတယ်။ ပြောရရင် မိဘလည်း မသိစေနဲ့။ ကိုယ့်မိန်းမလည်း မသိစေနဲ့။ ဘယ်သူမှမသိလေ… ကိုယ့်လုံခြုံမှုပိုရှိလေပဲ။ အဲ့ဒါမှတ်ထား' ဟု ကျွန်တော့်ကို ပြောဖူးပါသည်။ နယ်ချဲ့နိုင်ငံများနှင့် ပတ်သက်၍လည်း သူသည် အာဖဂန်စစ်ပွဲ၊ အီရတ်စစ်ပွဲတို့ကို ဆန့်ကျင်ခဲ့သူ ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီကို အမြဲ ထောက်ခံ အားပေးခဲ့သူ ဖြစ်လေသည်။ ရဲဘော်များထဲမှ ချို့တဲ့သူများ၊ ဆင်းရဲနွမ်းပါးသူများကို ငွေကြေးကအစ အကူအညီပေး၏။ ကျွန်တော့်အဖို့ မှတ်မှတ်ရရရှိနေခဲ့သည်မှာ နိုဝင်ဘာလ ရောက်တိုင်း လူထုဒေါ်အမာ မွေးနေ့သို့ ရထားဖြင့် သွားရောက် ခဲ့ခြင်းဖြစ်သည်။ နှစ်စဉ် ဝတ်မပျက်သွားရောက်ခဲ့သည်မှာ လူထုဒေါ်အမာမွေး နေ့ပွဲနှင့် မေလတွင်လုပ်လေ့ရှိသော ဆရာတာရာ၏ မွေးနေ့ပွဲတို့ ဖြစ်ပါသည်။ ဆရာတာရာ၏ မွေးနေ့ပွဲကို တောင်ပေါ်တွင် လုပ်လေ့ရှိသောကြောင့် ရထား ဖြင့် ကျွန်တော်တို့ သွားလေ့ရှိပါသည်။ သခင်သိန်းမောင်၊ လေထီး ဦးအုန်း မောင်၊ သခင်အုန်းမြင့်၊ ဦးမောင်မောင်ခင်၊ ဦးအုန်းမောင်(ဘဏ်)၊ ဦးစိုးမြင့် (သဘော်အရာရှိ)၊ ဖျာပုံနီလုံဦး၊ သခင်သိန်းမောင်၏ သားဖြစ်သူ ကိုဇော်သိန်း နှင့် ကျွန်တော်တို့မှာ နှစ်စဉ်လိုလို အောင်ပန်းခရီးသွားလေ့ရှိသူများဖြစ်ပါ သည်။ ဆရာ ကွယ်လွန်ခါနီးနှစ်များတွင် သူတို့အဖွဲ့ထဲမှ တစ်ယောက်တည်း

သာ ကျန်တော့သော အန်ကယ်ဦးသိန်းမောင်လည်း မလိုက်ပါနိုင်တော့။ သို့သော် သူက အမြဲ သဝဏ်လွှာပါးလေ့ရှိသည်။ သူ ကွယ်လွန်သွားသည်မှာ အမျိုးသား စည်းလုံးညီညွတ်ရေး ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးများအတွက် ဆုံးရှုံးမှုတစ်ခုပင် ဖြစ်ပါတော့သည်။

❐

# ကျွန်တော်တို့ရှေ့က နောက်ဆုံးမျိုးဆက်

ကျွန်တော်တို့ရှေ့မှ နိုင်ငံရေးမျိုးဆက် အတော်များများသည် နိုင်ငံရေးလောကကိုရော၊ တိုင်းပြည်ကိုရော၊ မိသားစုဘဝကိုရော စွန့်ခွာသွားကြပေပြီ။ ယခုဆိုလျှင် လက်ချိုး ရေလောက်သည့် မျိုးဆက်ဟောင်းကြီးများ အနည်းငယ်သာ ရှိပေတော့သည်။ ထို့အတူ ကျွန်တော်တို့နှင့် စာပေအရရော နိုင်ငံရေးအရပါ ရှေ့နောက်သာရှိသည့် စာပေမျိုးဆက်၊ နိုင်ငံရေးမျိုးဆက်တို့မှာ သိပ် မရှိတော့ပေ။ ရှားပါးနေပေပြီ။ မျိုးဆက်ဟောင်းကြီးများဆိုလျှင် အချို့ အနည်းငယ်သာ နေရတော့မည့် အခြေအနေ ဖြစ်ပါသည်။ ၈၀၊ ၉၀၊ ၉၃၊ ၉၆ စသည်စသည်ဖြင့် လူ့ဘဝသက်တမ်း၏ အရှည်ကြာဆုံးကာလများတွင် နေထိုင်သွားကြသဖြင့် သူတို့ကို ကျေးဇူးတင်ရပေမည်။ ကျွန်တော်တို့နှင့် တန်းတူ မတိမ်းမယိမ်းရှိသော မျိုးဆက်များမှာ ကျန်းမာရေး ချို့တဲ့သူများဆိုလျှင် ရှေ့ ၃ နှစ်၊ ၅ နှစ်လောက် နေရဦးမည်ဆိုလျှင် ကံကောင်းသည်ဟု ဆိုရပေမည်။ ၁၀ နှစ်ခန့် အထိ ရှိနေဦးမည်ဆိုလျှင်ကား အလွန်ကုသိုလ်ကံထူးသူများဟု ကောက်ချက် ချရပေမည်။

သခင်သိန်းမောင် (ဝါးခယ်မ) သည် ကျွန်တော်တို့ ရှေ့မှ မျိုးဆက်ဟောင်းကြီး ဖြစ်ပါသည်။ ဝါးခယ်မသည် စက်တင်ဘာလ (၂၇) ရက်နေ့က ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံတွင် ကွယ်လွန်သွားခဲ့ပါပြီ။ ကျွန်တော်တို့နှင့် အရင်းနှီးဆုံး၊ အလေးစား အချစ်ခင်ဆုံး ပုဂ္ဂိုလ်များထဲတွင် ဝါးခယ်မ

သခင်သိန်းမောင်မှာ ထိပ်ဆုံး၌ ပါဝင်သူတစ်ဦးဖြစ်၏။ ကျွန်တော်တို့အရွယ်များကြားတွင် ကျွန်တော်သည် အန်ကယ်ဦးသိန်းမောင်နှင့် အတွဲဆုံး၊ အန်ကယ်ဦးသိန်းမောင်နှင့် ခရီး အသွားရဆုံး လူတစ်ယောက်ဖြစ်ပေသည်။ သို့သော် အန်ကယ်ဦးသိန်းမောင် အကြောင်းအသိဆုံး လူတစ်ယောက်ကား မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အန်ကယ်ဦးသိန်းမောင်သည် စကားနည်းပြီး အချေအတင် စကားပြောဆိုမှု အနည်းဆုံးဖြစ်သောကြောင့်ပင်။ ကျွန်တော်တို့နှင့် စကားအချေအတင် အပြောဆုံးမှာ သခင်အုန်းမြင့် ဖြစ်၏။ အန်ကယ်ဦးအုန်းမြင့်ကို ကျွန်တော်တို့က လစ်ဘရယ် မကျသူဟု ခေါ်ကြသည်။ သူက သူမှန်သည်ထင်သည့်အတိုင်းအမြဲ ပြောဆိုတတ်သူ ဖြစ်သည်။ သူက လူငယ်များကို ရှင်းပြတတ်သလို လူကြီးများကိုလည်း အကျိုးနှင့်အကြောင်းနှင့် ဒိုးဒိုးဒေါက်ဒေါက်ပြောတတ်သူဖြစ်၏။ အန်ကယ်ဦးသိန်းမောင်မှာမူ ထိုသို့ မဟုတ်။ သူနှင့် အယူအဆ မတူလျှင်လည်း တစ်ဖက်သူ ပြောစကားကို အလေးအနက် နားထောင်တတ်သည်။ ဆွေးနွေး ငြင်းခုံခြင်း မလုပ်တတ်ပေ။ သို့သော် သူ့ယုံကြည်ချက်နှင့် သူ့အယူအဆကိုမူ ခိုင်ခိုင်မာမာ၊ လေးလေးနက်နက် တင်ပြတတ်ပါသည်။

ကျွန်တော်တို့ရှေ့က မျိုးဆက်များတွင် ကျွန်တော်တို့နှင့် အရင်းနှီးဆုံးသော ယခု တစ်ဦးတစ်ယောက်မှ မကျန်တော့သော မျိုးဆက်များမှာ… ဆရာ ဗန်းမော်တင်အောင်၊ ဆရာ မြသန်းတင့်၊ ဆရာ ရာဂျုန်၊ ဒေါ်ဒေါ် ဒေါ်ကြည်ကြည်၊ ဒေါ်ဒေါ် လူထုဒေါ်အမာ၊ လေထီး ဗိုလ်အုန်းမောင်၊ ဆရာ တိုက်စိုး၊ ဆရာ ပါရဂူ၊ ဆရာ ဒဂုန်တာရာ၊ ဝတ်လုံဦးထွန်းခင်၊ သခင် အုန်းမြင့်နှင့် သခင် သိန်းမောင်တို့ ဖြစ်လေသည်။ အရင်းနှီးဆုံးနှင့် အချစ်ဆုံး မျိုးဆက်ကြီးများဟုလည်း ပြောနိုင်ပါသည်။ သခင် သိန်းမောင်သည် ကွယ်လွန်သည်အထိ ကွန်မြူနစ်ဝါဒ (မာ့က္ကလီနင်ဝါဒ) ကို အခိုင်အမာ ယုံကြည်ခဲ့သူတစ်ဦး ဖြစ်သည်။ တစ်ချိန်တည်းတွင် သူသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဆိုရှယ်လစ်ရေး၊ ဒီမိုကရေစီရေးများ အတွက် အသက် ၁၇ နှစ်သားကတည်းက အသက် ၉၆ နှစ် သူကွယ်လွန်သည် အထိ ဆောင်ရွက်ခဲ့သူဖြစ်သည်။ ငြိမ်းချမ်းရေးကွန်ရက်၊ ဆရာကြီးသခင် ကိုယ်တော်မှိုင်းဂုဏ်ဗိမာန် စောင့်ရှောက်ရေး ကော်မတီနာယကများအဖြစ်

ကူညီပါဝင် ပံ့ပိုးခဲ့ သူဖြစ်ပါသည်။ ကျွန်တော်တို့ ခင်မင်ရင်းနှီးခဲ့သော မျိုးဆက်ဟောင်းကြီး များတွင် ကျွန်တော်တို့ကို နောက်ဆုံးစွန့်ခွာသွားသူမှာလည်း သခင်သိန်းမောင် (ဝါးခယ်မ) ဖြစ်လေသည်။

ပထမဆုံး အန်ကယ်ဦးသိန်းမောင်နှင့် ကျွန်တော်တို့ သွားဖြစ်သော ခရီးမှာ ပုဂံခရီးဖြစ်၏။ ပုဂံ ခရီးကို မန္တလေး လူထုဒေါ်အမာ မွေးနေ့မှဆက်ပြီး ပုဂံသို့ ကျွန်တော်တို့ သွားခဲ့ခြင်းဖြစ်သည်။ အန်ကယ်ဦးသိန်းမောင်နှင့် လေထီးဗိုလ်အုန်းမောင်တို့မှာ ကားဖြင့် အရင် သွားနှင့်သည်။ ကျွန်တော်က လေထီး ဗိုလ်အုန်းမောင်၏ မိုးဂျာနယ်တွင် လစဉ်ရေးသားခဲ့သော 'နှစ်ပေါင်း ၅၀ ကြာသောအခါ' စာအုပ်ကို ထုတ်ဝေဖို့ ကိုထွန်းဦးနှင့် မန္တလေးတွင် စကားပြောရန် ကျန်ရှိခဲ့ပါသည်။ နောက်တစ်နေ့ရောက်မှ ကျောက်ပန်းတောင်းရှိ ဒေါက်တာစောယုစိန်နှင့်အတူ ရထားဖြင့် လာခဲ့ကြသည်။ ထိုခရီးတုန်းက သခင်အုန်းမြင့် ပါမလာခဲ့ပေ။ မနက် ၄ နာရီခန့်တွင် ပုဂံဘူတာသို့ ရထားဆိုက်သည်။ ကျောက်ပန်းတောင်းသွားသော လိုင်းကားဖြင့် ကျွန်တော်တို့စီးခဲ့ခြင်းဖြစ်၏။ ကျွန်တော့်ကို ညောင်ဦးတွင် ချပေးပြီး စောယုစိန်က ကျောက်ပန်းတောင်းကို ဆက်တက်ဖို့လည်း ဒေါက်တာစောယုစိန်နှင့် ချိန်းဆိုထားခဲ့ကြပါသည်။ ပုဂံမြို့သစ်ဘက်တွင် အန်ကယ်ဦးသိန်းမောင်တို့က တည်းခိုခန်းငှား ထားကြသည်။ သူတို့အကြောင်းကြားထားသည့်အတိုင်း ကျွန်တော်လည်း တည်းခိုခန်းသို့ တန်းတန်းမတ်မတ် ရောက်သွားပါတော့သည်။ ကျွန်တော်တို့ ၃ ယောက်သည် ပုဂံဘုရားပေါင်းစုံကို ဖူးဖြစ်ကြပါသည်။ စွယ်တော်လေးဆူကို ဖူးဖြစ်သလို အေးအေးဆေးဆေး နေကြရသဖြင့် လောကနန္ဒာ ဘုရားကို ညတိုင်း ကျွန်တော်တို့ ၃ ယောက်စလုံး တက်ဖြစ်၏။ နေ့ခင်းဘက်ဆိုလျှင် ကျန် ဘုရားများကို တစ်ဆူပြီးတစ်ဆူ မြင်းလှည်းဖြင့် သွားရောက်ကြလေသည်။ ကျွန်တော်နှင့် လေထီးဗိုလ်အုန်းမောင် ဘုရားသွားဖူးနေလျှင် အန်ကယ်ဦးသိန်းမောင်က မြင်းလှည်းပေါ်မှ စောင့်နေတတ်သည်။ ညနေတိုင်း ၃ ယောက်သား တည်းခိုခန်းရှေ့ ကုလားထိုင်ပေါ်ထိုင်ကာ သူတို့ ဖြတ်သန်းခဲ့သော အကြောင်းများနှင့် လက်ရှိနိုင်ငံရေး အခြေအနေများကို ပြောဖြစ်ကြလေသည်။ ပုဂံတွင် ကျေနပ်လောက်အောင် ဘုရားဖူးပြီးသည့်အချိန်တွင် ကျွန်တော်တို့ ကျောက်ပန်းတောင်းသို့ ထွက်လာခဲ့၏။ ကျောက်

ပန်းတောင်းသို့ ထွက်လာခဲ့၏။ ကျောက်ပန်းတောင်းတွင် တစ်ညအိပ်သည်။ နောက်နေ့ မနက် လက်ဖက်ရည်သောက်၊ မုန့်စားပြီးသည့်အခါ သူတို့နှစ်ယောက်က ချောက်သို့ ခရီးဆက်ခဲ့လေသည်။ ကျွန်တော်က မန္တလေးသို့ လေထီးဗိုလ်အုန်းမောင် စာအုပ်အတွက် ကိုထွန်းဦးနှင့် ထပ်မံ တွေ့ဆုံစီစဉ်ရန် မန္တလေးသို့ ထွက်လာခဲ့ပါသည်။ ထိုခရီးကား မှတ်မှတ်ရရ ဖြစ်သည်။ ပုဂံလောကနန္ဒာဘုရားအနီး တည်းခိုခန်းတွင် တစ်ပတ်ခန့် ကျွန်တော်တို့ တည်းခဲ့ကြ၏။ အန်ကယ် ဦးသိန်းမောင်မှာ ညနေဘက် ထမင်းစားလေ့ မရှိပေ။ ပုဂံတွင်ရှိစဉ်က ရေနွေးကြမ်းနှင့် အကြော်သာ သူတို့နှစ်ယောက် စားကြ၏။ ကျွန်တော်တို့က ထမင်းစားကြပါသည်။ ပထမတစ်ရက်တွင် ကိုကျော်အောင်၊ ကိုဌေးအောင်တို့ တစ်ညတည်းခဲ့ကြပြီး နောက် ကိုသိန်းဟန်နှင့် ကျွန်တော် ကျန်ခဲ့ပါသည်။ အဖိုးကြီး နှစ်ယောက်နှင့် ကျွန်တော်တို့ အေးအေးဆေးဆေး ဒီဇင်ဘာညများတွင် အနားယူခဲ့ကြသည်ကို အမှတ်ရနေမိပါသည်။ နောင်လည်း နှစ်တိုင်းတစ်နှစ်လျှင် နှစ်ကြိမ် ခရီးအတူသွားကြ၏။ မေလတွင် ဒဂုန်တာရာ မွေးနေ့သို့ ရထားဖြင့်သွားလေ့ရှိသလို နိုဝင်ဘာလတွင် လူထုဒေါ်အမာ မွေးနေ့သို့ သွားတတ်ကြ၏။ နှစ်တိုင်းနိုင်ငံရေးသမား၊ စာပေသမားများ နှစ်စဉ်ရောက်လာလေ့ရှိသောကြောင့် အားလုံးဆုံသောပွဲဟု ဆိုပေမည်။ မန္တလေးပွဲတွင် လူထုစိန်ဝင်း၊ ဒေါက်တာသန်းထွန်း၊ လေးလေး ထွန်းဝေ (ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေ) တို့နှင့် ဆုံကာညပိုင်း သူတို့ရှိရာဆီသွားပြီး စကားပြောဖြစ်သည်မှာလည်း အမှတ်ရစရာ ဖြစ်ပါသည်။ အန်ကယ် ဦးသိန်းမောင်မှာ ပြည်တွင်းနိုင်ငံရေး အခြေအနေ၊ ကမ္ဘာ့နိုင်ငံရေး အခြေအနေများနှင့် ကင်းကွာသည် မရှိပေ။ နေ့တိုင်း ရေဒီယို နားထောင်သည်။ DVB, CNN. BBC အစရှိသော သတင်းလိုင်းများကို အမြဲကြည့်သည်။ ဆိုရှယ်လစ်ဝါဒကို လေးလေးနက်နက် ယုံကြည်လက်ခံသူလည်း ဖြစ်ပါသည်။ သခင်သိန်းမောင်သည် ကွယ်လွန်သူ ဦးကြည်မောင်နှင့် အလွန် ရင်းနှီးသော မိတ်ဆွေများ ဖြစ်ပါသည်။ ဦးကြည်မောင် ရှိစဉ်က အမြဲလိုလို အန်ကယ့်ထံ လာလေ့ရှိ၏။ ငယ်သူချင်းများလည်း ဖြစ်လိမ့်မည် ထင်သည်။ သို့သော် သူတို့ နှစ်ယောက်၏ နိုင်ငံရေး အယူအဆမှာ ဒေါ်းတစ်လမ်း၊ သံတစ်လမ်း။ အန်ကယ် ဦးသိန်းမောင်က မော်ကွဝါဒ၊

ဦးကြည်မောင် က လစ်ဘရယ် ဒီမိုကရေစီသမား။ တစ်ဦးက အရင်းရှင်စနစ်ကို နှစ်နှစ်ကာကာ လက်ခံ ယုံကြည်လေသည်။ သို့သော် သူတို့ နှစ်ဦးမှာ ရင်းနှီး ခင်မင်ကြသည်။ သူတို့ကို ကြည့်ပြီး လေထီးဗိုလ်အုန်းမောင်နှင့် ဆရာတိုက်စိုးတို့၏ ခင်မင်ရင်းနှီးမှုကိုလည်း သွားသတိရမိသသည်။ ယခု သူ့တို့အားလုံး မရှိကြတော့ပေ။ သူတို့ရပ်တည်သလို ရပ်တည်ဖို့၊ ယုံကြည်သလို ယုံကြည်ဖို့ကို ကျွန်တော်တို့၏ သတိတရားများက အမြဲတပ်လှန့်နေပါတော့သည်။

*

# နေဝင်ချိန်

ကျွန်တော်တို့နှင့် ဦးလေးအရင်းလို အတူသွား၊ အတူလာကာ နိုင်ငံရေးသဘောတရားချင်းလည်း တူ၊ အယူဝါဒချင်းလည်း တူ၊ ကျွန်တော်တို့ကို နိုင်ငံရေးအရ၊ အယူဝါဒရေးအရ ပြောဆိုတတ်သူများတွင် ဝါးခယ်မ သခင်သိန်းမောင်လည်း ပါဝင်ပါသည်။ ကျွန်တော်တို့ အရင်းနှီးဆုံးသော သူများထဲတွင် သက်ရှိထင်ရှား ကျန်ရစ်သူမှာ သခင်သိန်းမောင်သာ ရှိတော့သည်။ ကျွန်တော်တို့က သူ့ကို အန်ကယ်သိန်းမောင် ဟုခေါ်၏။ ယခု အသက် ၉၆ နှစ် ရှိပေပြီ။ သက်တမ်း ၁၀၀ သတ်မှတ်ထားသော လူသားများ၏ဘဝတွင် အန်ကယ် ဦးသိန်းမောင်မှာ သက်တမ်းစေ့ နေရသောသူဟု ဆိုရပေမည်။ သူတို့ သက်တမ်း မတိမ်းမယိမ်းရှိခဲ့သော သူများတွင် သူတစ်ဦးတည်းသာ ရှိတော့သည်။ သူတို့အုပ်စုထဲတွင် ပထမဆုံး ကွယ်လွန်သွားသူမှာ လေထီး ဗိုလ်အုန်းမောင် ဖြစ်သည်။ သူတို့ထဲတွင် ၈၀ ကျော်ဖြင့် ကွယ်လွန်သွားသူ ဖြစ်၏။ နောက်တစ်ဦးမှာ သခင်အုန်းမြင့်။ သခင်အုန်းမြင့်မှာမူ ၉၀ ကျော် အထိ နေရသည်။ နောက်တစ်ဦးမှာ ဒဂုန်တာရာ ဖြစ်၏။ ဆရာက ၉၅ နှစ် အထိနေသွားရပါသည်။ ထိုပုဂ္ဂိုလ်အားလုံးမှာ ကျွန်တော်တို့ မော့ကြည့်ခဲ့သူများ၊ ကျွန်တော် လေးစားကြည်ညိုခဲ့ရသူများဖြစ်သည်။ သူတို့သည် ဆန်ကုန် မြေလေး ဘဝဖြင့် နေခဲ့သူများ မဟုတ်ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်အနစ် နာခံခဲ့သူများ၊ ကိုယ်ကျိုးစွန့်ခဲ့သူများ၊ ပြည်သူအတွက် စာပေဖြင့် အလုပ်

အကျွေးပြုခဲ့သူများဖြစ်သောကြောင့် သူတို့ကို မရှိသော သူများကို လွမ်းဆွတ်နေခြင်း ဖြစ်ပါသည်။

ယခုအသက် ၉၆ နှစ် ရှိပြီး ဖြစ်သော သခင်သိန်းမောင်ကို အာရှတော်ဝင် ဆေးရုံတွင် ထားရှိသဖြင့် တစ်နေ့က ကျွန်တော်တို့ အန်ကယ်ဦးသိန်းမောင်ထံရောက်သွားဖြစ်ပါသည်။ အန်ကယ်သည် အိမ်မှာရှိနေချိန်တွင်ရော၊ ဆေးရုံရောက်နေစဉ်တွင်ပါ သတိ အလွန်ကောင်း၏။ သူ့ဆီ ရောက်လာသူများကို ကောင်းကောင်း မှတ်မိသည်။ ကျွန်တော်တို့ ရောက်လာစဉ်ရော၊ ပြန်ခါနီးတွင်ပါ အန်ကယ့် လက်ကို ဆုပ်နယ်ပြီး နှုတ်ဆက်ရာ သူကလည်း ပြန်နှုတ်ဆက်သည်။ စကားလည်း အတတ်နိုင်ဆုံး ပြန်ပြောလေသည်။ အန်ကယ်ကို ကြည့်ရသည်မှာ အသက်ကြီးသော ဝေဒနာကို ခံစားနေရပုံ မရပေ။ အသက်ကြီးပြီး အိုသည့် ရုပ်လက္ခဏာရှိသော်လည်း အိုပြီး နာသည့် ဝေဒနာခံစားရပုံ မတွေ့ရသည့်အတွက် ကျွန်တော်တို့ ဝမ်းသာမိ၏။ ဆေးရုံတွင် အသက်ရှူကျပ်လျှင် အောက်ဆီဂျင် ပေးနိုင်သည်။ ချွဲကျပ်နေလျှင်လည်း ချွဲစုပ်စက်ရှိ၏။ နောက်ဆုံးအချိန်ထိ ရောဂါဝေဒနာကို တိုက်ခိုက်သွားရသော လေထီးဗိုလ်အုန်းမောင်လို မဟုတ်ပေ။ လေထီးဗိုလ်အုန်းမောင်တုန်းကဆိုလျှင် သူ့ဘဝနောက်ဆုံးအချိန်၌ သူ့တွင် စွဲကပ်နေသော ကင်ဆာရောဂါကို အပြင်းအထန်တိုက်ပွဲဝင်သွားခဲ့ရရှာလေသည်။ ဗိုလ်အုန်းမောင်၏ ဘဝမှာ တိုက်ပွဲဖြစ်ပါသည်။ သူ့ငယ်ဘဝတွင်လည်း အပြင်းအထန် ရုန်းကန်ခဲ့ရသည်။ သားကျောင်းနေဖို့၊ သားဘဝ ရပ်တည်နိုင်ဖို့အတွက် အမေက ဈေးရောင်းပြီး ရှာဖွေ ကျွေးမွေးခဲ့သည်။ ထိုအချိန်တွင် သူ့ဘဝတွင် သူ့ဘဝကို ရုန်းကန်းခဲ့ရသလို နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲအတွက်လည်း ထိုအချိန်ကတည်းက စတင်ခဲ့သောကြောင့် ဗိုလ်အုန်းမောင်၏ဘဝမှာ တိုက်ပွဲနှင့်စတင်ခဲ့သည်ဟု ဆိုရမည်။ ဖက်ဆစ်ဂျပန်ကို တော်လှန်ရေးဘဝ၊ ဖဆပလ အစိုးရကို ဆန့်ကျင်တော်လှန်သောဘဝ၊ စစ် အစိုးရကို ဆန့်ကျင်တော်လှန်သည့် ဘဝတို့ဖြင့် ဗိုလ်အုန်းမောင်မှာ နောက်ဆုံးတွင် ကင်ဆာရောဂါကို တိုက်ပွဲဝင်ခဲ့ရလေသည်။ နောက်ဆုံးအချိန်တွင် အေးအေးချမ်းချမ်း အဆုံးမသတ်ခဲ့ရသည်မှာ အလွန်ကြေကွဲဝမ်းနည်းစရာ ကောင်းလှပါသည်။ ဗန်းမော်တင်အောင်၏ နောက်ဆုံးဘဝ၊ လေထီး ဗိုလ်အုန်းမောင်၏ နောက်ဆုံးထွက်သက်တို့ကို မြင်ရသည်မှာ

အလွန် ရင်နာစရာ ကောင်းလှပါသည်။ သူတို့၏ကိုယ်ကျိုးစွန့် မှုနှင့် သူတို့၏ ရိုးသား ဖြောင့်မတ်မှုများကို သိလေလေ… သူတို့အတွက် ကြေကွဲစရာ ကောင်းလေလေ ဖြစ်၏။ သူတို့၏ ဘဝကူးပြောင်းချိန်တွင် အေးချမ်းစွာ ကူးပြောင်းနိုင်ပါက ဘယ်လောက် ကောင်းလိမ့်မလဲဟု စိတ်ကူးယဉ်မိပါသည်။ အသက်အရွယ်ကြီးရင့်သူများ၏ နောက်ဆုံးအချိန်ကို သက်သောင့် သက်သာနှင့် ဖြတ်သန်းသွားဖို့ လိုပါသည်။ ထိုသို့လည်း ဖြတ်သန်းသွား စေချင်၏။ ရုတ်တရက် မထင်မှတ်ဘဲ မတော်တဆမှုဖြင့် သေဆုံးကြရသော သက်ကြီးရွယ်အိုများ၏ဘဝကို မြင်ရသောအခါ ရောဂါဖိစီးမှုကြောင့် ဝေဒနာ ခံစားနေရသည့် မြင်ကွင်းမှာ အလွန် စိတ်မကောင်းခြင်း ဖြစ်ရလေသည်။ ရင်နှီးခင်မင်မှု ကြီးမားလေလေ စိတ်မကောင်းခြင်းပို၍ ဖြစ်ရလေလေ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ သက်ကြီးရွယ်အိုများအပေါ် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပတ်သက်သည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်ခဲ့ရပါသည်။

'နောက်ဆုံး နေ့ရက်တွေကို ဘယ်နေရာမှာ ကုန်ဆုံးချင်ကြသလဲလို့ မေးတဲ့အခါ အမေရိကန်တွေကတော့ အိမ်မှာပဲကုန်ချင်တယ်လို့ ပြောကြတယ်။ အိမ်မှာဆိုရင် မြေးတွေ၊ မြစ်တွေ၊ ဆွေမျိုးသားချင်းတွေနဲ့ ဝိုင်းဝိုင်းလည်ပြီး ကိုယ်ချစ်တဲ့သူတွေနဲ့နေရင်း အဆုံးသတ်ချင်တယ်လို့ ဆိုကြတယ်။ အမေရိကန် ၅ ယောက်မှာ ၁ ယောက်က အဲဒီလို ဆန္ဒရှိပါတယ်။ အမေရိကန်မှာ နေဝင်ချိန်ရောက်တဲ့ သူ ၃၀ %ဟာ သူတို့ဘဝကို စောင့်ရှောက်ရေးဂေဟာတွေမှာပဲ ဆုံးသွားကြတယ်။ အထူးကြပ်မတ်ဆောင်တွေမှာလည်း အသက်ဆုံးရတာ ရှိတယ်။ နောက်ဆုံးချိန်ရောက်နေတဲ့ အဘိုး၊ အဘွားတွေဟာ အသက်ကယ် အုပ်ဆောင်းတွေ၊ အောက်ဆီဂျင်ဘူးတွေနဲ့အတူ ဆရာဝန်တွေက ကုရင်းနဲ့ နောက်ဆုံးတိုက်ပွဲမှာ ကျဆုံးသွားရတာပါပဲ'

သေခြင်းတရားကို ခက်ခဲတဲ့ အခြေအနေတစ်ရပ်အဖြစ် ဘယ်သူမဆို ရင်ဆိုင်ရတာချည်းပဲ။ အမေရိကန်တွေကတော့ အများက သေခြင်းတရားကို ကြောက်သလောက် မကြောက်ကြဘူး။ သေခြင်းတရားကို ခက်ခဲတဲ့ အခြေအနေလို့ မထင်ကြဘူး။ သေရမှာ ကြောက်တာထက် သေခါနီး ဝေဒနာခံစားရမှာကို ကြောက်တာပါပဲ။ သူတို့ဟာရောဂါဖြစ်လာရင် ရောဂါအမှန်ရှာတွေ

ပြီး အနာခံဆေးကိုက်အောင် ကုချင်ကြတယ်။ ပထမ ဆရာဝန်က ဘာရောဂါလဲဆိုတာ အသေအချာ မပြောရင်၊ ဒုတိယဆရာဝန်နဲ့ ကုသကြတယ်။ အဲ့ဒီလိုမှ စိတ်မချရသေးရင် တတိယဆရာဝန် (ဒါမှမဟုတ်) စတုတ္ထဆရာဝန်တွေရဲ့ အထင်ကို မေးမြန်းလေ့ရှိပါတယ်။ လူနာက အလွန်ကို အသည်းအသန်ဖြစ်ပြီး သေလုမျောပါး အခြေအနေရောက်နေရင် ဆရာဝန်တွေက ချက်ချင်းကြပ်မတ် ကုသတယ်။ အဲ့ဒီလို ကုသဖို့လည်း အသက်အာမခံဌာန (ဒါမှမဟုတ်)သက်ကြီးရွယ်အို ဆေးကုသရေး စီမံကိန်းအရ ကြပ်ကြပ်မတ်မတ်ကို ကုသပေးပါတယ်။ ဒါကြောင့် အမေရိကန်တွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်ဟာ ကမ္ဘာမှာ အမြင့်မားဆုံး ဖြစ်တယ်။ ကျန်းမာရေးကုသမှုအတွက် အမေရိကန်က ကမ္ဘာမှာ အများဆုံး အကုန်ကျခံပါတယ်။ တိုင်းပြည်ရဲ့ GDP မှာ ကျန်းမာရေး အသုံးစရိတ်ကို ၁၈% အထိ ထားရှိပါတယ်။

ဆိုလိုတာက အမေရိကန်တွေဟာ ကမ္ဘာမှာ အကောင်းဆုံး ကျန်းမာရေး စောင့်ရှောက်မှုခံရသူတွေ၊ ကမ္ဘာမှာ အများဆုံးကျန်းမာရေး စောင့်ရှောက်မှုစရိတ်ပေးရတဲ့ သူတွေပါပဲ။ လွန်ခဲ့တဲ့ အနှစ် ၂၀ က နယူးဟမ်ရှိုင်းယားမှာရှိတဲ့ ဒါးမောက် ကျန်းမာရေးမူဝါဒနဲ့ လက်တွေ့ ဆေးကုသရေးဌာနမှာရှိတဲ့ ဆရာဝန်တွေဟာ အမေရိကမှာ သက်ကြီးရွယ်အိုတွေကို အကောင်းဆုံးဆေးကုသပေးတဲ့ဌာန ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ ရှိတဲ့ ဆေးရုံတွေထက် နယူးဟမ်ရှိုင်းယားက ဆေးရုံတွေက ပိုဂရုတစိုက် ကုသပေးတယ်လို့ ဆိုပါတယ်။ ပြည်နယ်အစိုးရကလည်း ကျန်းမာရေးကုန်ကျစရိတ်ကို အများဆုံး အသုံးပြုခဲ့တာကြောင့်ပါပဲ။ ယခုစာအုပ်ဟာ သက်ကြီးရွယ်အိုတွေကို ဆေးကုသရေးနဲ့ ပတ်သက်ပြီး ဆရာဝန်တစ်ဦးက ရေးတာဖြစ်ပါတယ်။ စာအုပ်နာမည်က 'အကောင်းဆုံးနဲ့ အတတ်နိုင်ဆုံး စောင့်ရှောက်ရေး။ ဘဝ၏ နေဝင်ချိန်ကို ပြောင်းလဲပစ်ရေး၊ ဆရာဝန်တစ်ဦး၏ စူးစမ်းရှာဖွေမှု' The Best Care Possible, A Physician's Quest to transform care through the end of life ဖြစ်ပြီး ရေးသူကတော့ အိုင်ဒါဘိုင်မော့ဖ် ဖြစ်ပါတယ်။ စာရေးသူ အိုင်ဒါဘိုင်မော့ဖ်ဟာ ဒါးမောက် ဆေးတက္ကသိုလ်က ညွှန်ကြားရေးမှူးလည်း ဖြစ်တယ်။ ပါမောက္ခလည်း ဖြစ်ပါတယ်။ သူ့စာအုပ်မှာ ဘဝနေဝင်ချိန်ကို ရောက်လာတဲ့သူတွေရဲ့ အခြေအနေကို ဘယ်လိုပြုစုပေး

မလဲဆိုတာကို ရေးထားတာပါ။ သူဟာ ဆယ်စုနှစ် နှစ်ခုကြာအောင် အတွေ့အကြုံရှိခဲ့ပါတယ်။ နောက်ဆုံးအချိန် ရောက်လာတဲ့ သက်ကြီးရွယ်အိုတွေကို စောင့်ရှောက်ပေးတဲ့ ဆရာဝန်လည်း ဖြစ်တယ်။ အဲဒီမှာ သူက အသက်အရွယ်ကလည်း နောက်ဆုံးအချိန် ရောက်လာ၊ ရောဂါကလည်း ဘယ်လိုမှ ကုသမရဘူးဆိုရင် အဲဒီလူနာရဲ့ဆန္ဒအတိုင်း သူ့ကို ဘယ်လို အဆုံးသတ်ပေးရမလဲဆိုတာကို တင်ပြထားပါတယ်။ ဆိုလိုတာက ယူသနေးရှားခေါ်တဲ့ ကာယကံရှင်ရဲ့ ဆန္ဒအတိုင်းဘဝကို အဆုံးသတ်ပေးတဲ့ Mercy killing အကြောင်းကိုလည်း ရေးထားပါတယ်။ ဒါဟာ မိမိကိုယ်ကို သေကြောင်းကြံစည်တာကို ဆန့်ကျင်တာပါ။ သူက လူနာဟာ သက်သောင့်သက်သာ မနာကျင်ရပဲ ဘဝကူးသွားဖို့ ဖြစ်ပါတယ်။ ရောဂါအခြေအနေမှာ နောက်ဆုံးအချိန်ရောက်ပြီး အသက်ရှင်ဖို့ မဖြစ်နိုင်တော့ဘူးဆိုရင် လူနာရဲ့ဆန္ဒအရ ဘယ်လိုလုပ်ပေးရမလဲဆိုတာကို တင်ပြထားတာပါပဲ။ အဲဒီလို အခြေအနေ ရောက်လာတဲ့ အခါ လူနာအနေနဲ့ကိုယ့်ကိုယ်ကိုယ် သတ်သေတာကို ဆရာဝန်က ဆန့်ကျင်ပါတယ်။

လွန်ခဲ့တဲ့ အနှစ် ၃၀ က ကွန်ဂရက်လွှတ်တော်ကနေ သက်ကြီးရွယ်အို စောင့်ရှောက်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၆ လအတွင်း သေဆုံးမယ့် သက်ကြီးရွယ်အိုတွေကို ဘယ်လို စောင့်ရှောက်ပြုစုကြမလဲ ဆိုတာကို သက်ဆိုင်ရာ ကျန်းမာရေးဌာနက ပံ့ပိုးကူညီမှာ ဖြစ်တယ်။ ဒီသက်ကြီးရွယ်အိုရဲ့ အခြေအနေကို စမ်းသပ်ပြီး ကုသပေးဖို့ ဖြစ်ပါတယ်။ အဲဒီလိုကုသမှုကို 'ဝေဒနာသက်သာစေသော စောင့်ရှောက်မှု' လို့ ခေါ်ပါတယ်။ နာတာရှည်ဆေးရုံလို့လည်း ခေါ်ပါတယ်။ အဲဒီမှာရှိတဲ့ လူနာတွေဟာ ကွယ်လွန်ဖို့ ၂ ပတ်၊ သို့မဟုတ် ၃ ပတ်လောက် အခြေအနေကို နောက်ဆုံး အခြေအနေလို့ သတ်မှတ်ထားကြတယ်။

ကျန်းမာရေး စောင့်ရှောက်မှုဌာနကတော့ သက်ကြီးရွယ်အိုတွေကို အတတ်နိုင်ဆုံး စောင့်ရှောက်ကုသပေးဖို့ ဖြစ်တယ်။ သူတို့အသက်ရှည်နိုင်သမျှ ရှည်အောင် ကျန်းမာရေးဌာနက ငွေကြေးကုန်ကျခံ ကုသပေးနေသလို နောက်ဆုံး အခြေအနေရောက်နေရင် သက်သောင့်သက်သာနဲ့ သေဆုံးသွားဖို့ပါပဲ။ စာအုပ်ထဲမှာ စာရေးသူက HIV Positive ဖြစ် နေသူတစ်ယောက်ရဲ့

အကြောင်းလည်း ရေးထားတယ်။ ဒီလို ကုသပေးတာဟာ သက်ကြီးရွယ်အို တွေတင် မကပါဘူး။ ရောဂါကြီးတွေကိုလည်း ကုသပေးပါတယ်။ အဲ့ဒီ လူငယ်ဟာ ရောဂါ အကြီးအကျယ် ခံစားနေရသလို ကူးစက်ရောဂါတစ်မျိုး လည်း ကူးစက်ခံထားရသူပါ။ သူဟာ ဆေးရုံမှာ ၄ လကျော် နေရတယ်။ သူ့ကို အကြိမ်ပေါင်းများစွာ စမ်းသပ်ကြတယ်။ "စကင်"ရိုက်တယ်။ သူ့ ရောဂါရဲ့အခြေအနေ ဘယ်လိုရှိသလဲဆိုတာ အမြဲဂရုစိုက်နေရတယ်။ အဲ့ဒီလို ကုသနေချိန်မှာ ကုသစရိတ် ဒေါ်လာ ၁ သန်း ကျော်သွားပါပြီ။ သူဟာ သေလုမြောပါးလည်း အကြိမ်ကြိမ် ဖြစ်ခဲ့တယ်။ သူ့ကို ဆရာဝန်တွေက သေမင်းဆီကနေ အကြိမ်ကြိမ် ဆွဲလုခဲ့ရတယ်။ အခုသူဟာ ပုံမှန်ဘဝပြန်ရနေ ပြီ။ သေမင်းနဲ့ သူ ဝေးသွားပါပြီ။ ဒေါက်တာဘိုင်မော့ဖ်ရဲ့ အရေးသားဟာ တခြား ဆရာဝန်တွေ ရေးသလိုတော့ မဟုတ်ပါဘူး။ လူနာတွေရဲ့တစ်ဦးချင်း ဇာတ်လမ်းတွေ၊ သူတို့ ဝေဒနာခံစား နေရတဲ့ အသေးစိတ်ကို ရေးသားထားပါ တယ်။

*

## ဗိုလ်ချုပ်အောင်ဆန်း၏လွမ်းလောက်စရာများ

ကျွန်တော်တို့က အန်ကယ်ဦးအုန်းမြင့်ဟု တရင်းတနှီး ခေါ်လေ့ရှိသူ ဦးအုန်းမြင့်မှာ တိုးတက်ရေး သတင်းစာကို ထုတ်ခဲ့သူ သခင် အုန်းမြင့် ဖြစ်ပါသည်။ သူက ရှေ့မီနောက်မီ လူငယ်များနှင့်လည်း ရင်းနှီးသူဖြစ်သည်။ ကျွန်တော်တို့ ပြီးသည့်နောက် ကျောင်းသားသမဂ္ဂ သမိုင်းကို ရေးသားသော ကိုအောင်ထွန်းတို့နှင့်လည်း ရင်းနှီးလေသည်။ လူက ရွှတ် တတ်သည်။ မှန်သည်ဆိုလျှင် ဘာမှဂရုမစိုက်။ ပြောရဲ၊ ဆိုရဲ၊ လုပ်ရဲသူဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အရင်းနှီးဆုံးလည်း ဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်း၏ သားသမီးများဖြစ်သော ဒေါ်အောင်ဆန်းစုကြည်တို့ကိုလည်း ထိန်းခဲ့သူဖြစ်ကာ သူက ဗိုလ်ချုပ်အကြောင်းကို ကျွန်တော်တို့အား ပြောပြခဲ့ဖူးလေသည်။

'ကိုအောင်ဆန်းက ကျွန်တော်တို့ရဲ့ အစ်ကိုလိုဖြစ်သလို အလွန်ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်း၊ ရဲဘော်လည်း ဖြစ်ပါတယ်။ ပြည်တွင်းမှာ သူခရီးသွားတိုင်း ကျွန်တော် လိုက်လေ့ရှိတယ်။ အိန္ဒိယ ရမ်းဂါး ကိုသွားတုန်းကလည်း ကျွန်တော် ပါတယ်။ ဒီလူက သူ လုပ်ချင်ရင် လုပ်လိုက်တာပဲ။ တစ်ခါ ကျွန်တော်တို့ ပုသိမ်ခရီးကို သွားကြတယ်။ သူက အစိုးရအဖွဲ့မှာ ဝန်ကြီးချုပ် ဖြစ်နေပြီပေါ့။ တစ်ညနေတော့ အစည်းအဝေးတွေ ဘာတွေ အပြီးမှာ 'ဟေ့ကောင် အုန်းမြင့် . . . ငါမုန့်လုံးကြီး စားချင်တယ်ကွာ။ ကမ်းနားဘက်မှာ မုန့်ဆိုင်တွေ ရှိမှာပဲ' လို့ပြောပြီး ကျွန်တော်တို့ နှစ်ယောက်

ဘယ်သူမှမခေါ်ဘဲ။ ဘယ်သူ့ကိုမှ အသိမပေးဘဲ သွားခဲ့ဖူးတယ်' ဟု ဆိုပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဟန်ဆောင်ခြင်း မရှိ။ မဖုန်တာမလုပ်။ မမှန်တာလုပ်လျှင်လည်း သူ၏ မိခင်ကိုပင် ဝေဖန်ဖူးသူဖြစ်လေသည်။ သူ အသက် ၄ နှစ်အရွယ်က အဖြစ်ကလေးမှာ ရယ်ဖို့ကောင်းသလို သူ့အကျင့်စရိုက်ကို မှတ်သားဖို့လည်း ကောင်းလေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အမေ ဒေါ်စုမှာ အရောင်းအဝယ်လည်း လုပ်လေသည်။ တစ်နေ့ တောမှ စပါးဝယ်သူများ ရောက်လာရာ ဒေါ်စုက 'ကဲ မင်းတို့လိုချင်ရင်လည်း ယူသွားကြပေါ့။ ငါဝယ်တုန်းက ၆၀ ကျပ်ဈေးဝယ်ထားတာပဲ။ မင်းတို့လိုချင်ရင် ၅၀ ကျပ်ဈေးထားပေါ့' ဟုပြောလိုက်သည်ကို လှေကားနားတွင် ကစားနေသော အောင်ဆန်းကလေးက သူ့အမေကို မျက်စောင်းထိုးကာ 'အစ်မခင်ဗျား မဟုတ်တာတွေ ပြောရှေ့မယ်။ ဒီစပါးတွေ ၅၀ ဈေးနဲ့ ဝယ်ထားတာ ကျုပ်သိတယ်' ဟု ဝင်ပြောလိုက်ရာ စပါးလာဝယ်သူများမှာ ပွဲကျသွားကြသည်။ ဒေါ်စုက စပါးဝယ်သူများ ပြန်သွားမှာ အနားခေါ်ကာ ပေါင်တွင်းကြော လိမ်ဆွဲ၍ 'လူကြီးတွေ ပြောနေတဲ့အထဲ ဝင်မပြောရဘူး။ နောက် ဝင်မပြောနဲ့'ဟုဆိုရာ 'အစ်မက... လိမ်ပြောတာကိုးဗျ' ဟု ပြန်ပြောခဲ့လေသည်။

ကိုအောင်ဆန်းလေးသည် နောင်အခါတွင် လွတ်လပ်ရေး ဗိသုကာကြီး၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ခုနှစ်၌ နတ်မောက်မြို့တွင် မွေးဖွားခဲ့ပါသည်။ မွေးသောရက်မှာ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဖြစ်၏။ ဖခင်ဦးဖာနှင့် ဒေါ်စုတို့၏ သားသမီး ၉ ယောက်အနက် အငယ်ဆုံးဖြစ်သည်။ သူ့အမည်ရင်းမှာ ထိန်လင်း ဖြစ်သည်။ သူ့အထက် မွေးသော သူကို အောင်သန်းဟု ခေါ်၍ သူက အောင်ဆန်း ဖြစ်လာရပါသည်။ ငယ်ငယ်ကတည်းက ပညာတော်သည်။ မဟုတ်မခံ စိတ်ဓာတ်နှင့် နိုင်ငံကို ဗြိတိသျှနယ်ချဲ့သမားတို့ အုပ်ချုပ်နေမှုဘဝကို လုံးဝ မခံချင်သူ ဖြစ်၏။ ထို့ကြောင့် တက္ကသိုလ်ရောက်လာသည်နှင့် ကျောင်းသားသမဂ္ဂတွင် ပါလာသည်။ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်လာသည်။ နောက် ကျောင်းသားခေါင်းဆောင် ဖြစ်လာပါတော့သည်။ လူက ခပ်တေတေနေသလို တော်လှန်ရေးနှင့် မိမိကိုယ်မိမိ ဒုက္ခခံဖို့

အမြဲ အသင့်ပြင်ထားသူ ဖြစ်၏။ သူသည် ကျောင်းသားသမဂ္ဂ အစည်းအဝေး ကျင်းပရာ ခန်းမကြီးထဲတွင် ကြိမ်းခင်း ခုံတန်းလျားများ ရှိသည်။ ထိုခုံတန်းလျားများမှာ ကြမ်းပိုးများဖြင့် ပြည့်နှက်နေပါသည်။ ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းက ညဘက်ဆို သူ့အခန်းမပြန်တော့ဘဲ ထိုခုံတန်းလျားပေါ်တွင် လက်တန်းပေါ် ခေါင်းတင်အိပ်လျက် ရှိပါသည်။ တစ်နေ့၌ သမဂ္ဂနားရှိ လက်ဖက်ရည်ဆိုင်မှ အဒေါ်ကြီးသည် သမဂ္ဂရုံးခန်းထဲ ရောက်လာရာ ကြမ်းပိုး ကိုက်၍ ပွတ်သပ်ကာအိပ်နေသော ကိုအောင်ဆန်းကို မြင်သောအခါ 'မောင်အောင်ဆန်း . . . ဘာကြောင့် ဒီမှာ အိပ်ရသလဲကွာ၊ စောင်မရှိ၊ ခေါင်းအုံး မရှိနဲ့ ဘာလို့ ဒီလောက် အဆင်းရဲခံရသလဲကွယ်။ ကြီးကြီးတို့ကို ပြောရောပေါ့' ဟု ဆို၏။ ထိုအခါ ကိုအောင်ဆန်းက 'ကျွန်တော် တမင် သက်သက် အနုလိုနေတာပါ။ ခြင်၊ ကြမ်းပိုး ကိုက်တာလည်း သိပါတယ်။ ခြင်ထောင်၊ စောင်မရှိတာလည်း သိပါတယ်။ ဒါမှ နိုင်ငံရေးလုပ်ရင် အဆင်းရဲခံနိုင်မှာ၊ ထောင်ထဲရောက်ရင် သမံတလင်းမှာ ခေါင်းအုံး မပါ၊ စောင် မပါ၊ အိပ်ရမှာ အခုနေ ကျင့်ထားမှ ကျင့်သားရမှာပေါ့ ကြီးကြီးရ။ အခုကတည်းက ကြိုတင်ပြီး ခံနိုင်ရည်ရှိအောင် ကျင့်နေတာ။ ပွဲမဝင်ခင်က အပြင်က ကျင်းပဆိုသလိုပေါ့။ နိုင်ငံရေးလုပ်တယ်ဆို ဒါတွေ အရေထူနေမှ ထောင်ဆိုတာ နိုင်ငံရေးသမားတို့ သွားရာလမ်း၊ အနားယူရာ ဗိမာန်ဆိုပါတော့' ဟု အစွန်းကလေးဖောက် ပြောခဲ့ဖူးပါသည်။ ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းသည် ကျောင်းမှထွက်ပြီးသည်နောက် ဒို့ဗမာအစည်းအရုံးသို့ ရောက်သွား၏။ ရေကျော်ရှိ ဒို့ဗမာအစည်းအရုံး၌ပင် နေ၏။ ဖြစ်သလို စား၏။ နိုင်ငံရေးတာဝန်များကို နေ့ မအိပ်၊ ည မအိပ်ဖြင့် ထက်ထက်သန်သန် လုပ်ကိုင်ခဲ့ပါသည်။ ထိုအချိန်က ဒို့ဗမာအစည်းအရုံး၏တည်ရာမှာ အမှတ် ၇၆ ၊ ရေကျော်လမ်းတွင် ဖြစ်ပါသည်။ တစ်ညလုံးမအိပ်ဘဲ အလုပ်လုပ်တတ်သူ ဖြစ်ပါသည်။ သခင်တင်ဦးနှင့် သခင်အုန်းမြင့်မှာ သူ့ အခင်ဆုံး၊ သူ့ အချစ်ဆုံး ညီလိုဆက်ဆံသူများ ဖြစ်သည်။ သူတို့နှင့် တွေ့တိုင်း . . . 'ဟောကောင်တွေ စစ်ထဲဝင်ရမယ်' ဟု အမြဲပြောတတ်သူဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကို တပ်မတော်၏ ဖခင်ကြီးဟု ခေါ်ရသည်မှာ တပ်မတော်ကို သူ စတင် ဖွဲ့စည်းခဲ့သောကြောင့်ပင်။ ဗိုလ်ချုပ်၏အခန်းကဏ္ဍ

မှေးမှိန်အောင် ဗိုလ်ချုပ်၏ပုံများကို ဖျောက်နှင့် ဗိုလ်ချုပ်ကို နှောင်းခေတ်လူများ မသိအောင် ဖန်တီးလာကြပါသည်။ ယခင်က ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်ပုံ ထည့်သွင်းခဲ့သော်လည်း နောက်ပိုင်းတွင် မထည့်တော့ပေ။ ဗိုလ်နေဝင်းက ဗိုလ်ချုပ်အောင်ဆန်းအပေါ် အငြိုးအတေး ကြီးကြီးဖြင့် အာဃာတထားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်၏ အမိ၊ အဖသည် ပြည်သူများဖြစ်သည်ဟု အမြဲဆုံးမသည်။ ဗိုလ်ချုပ်အောင်ဆန်းက-

"စစ်ပွဲကာလအတွင်းမှာ တပ်မတော်ဟာ မိမိရဲ့တာဝန်ကို ဦးလည်မသုန် ထမ်းဆောင်ရမည်။ မိမိရဲ့ခေါင်းကိုတောင် နောက်ကို ပြန်မလှည့်ရဘူး။ ဒါဟာ ပြည်သူ့အတွက် ထမ်းဆောင်တာဖြစ်တယ်။ ပြည်သူကို သစ္စာရှိရှိနဲ့ အလုပ်အကျွေး ပြုရမယ်။ ပြည်သူ့ဆီက ဘယ်လိုလက်ဆောင်ပစ္စည်းကိုမှ မမျှော်လင့်ပဲနဲ့ ပြည်သူကို တာဝန်ကျေရမယ်။ မင်းတို့ဟာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သူတွေဖြစ်သလို လွတ်လပ်ရေးကို ကာကွယ်တဲ့ စစ်သည်တော်တွေလည်း ဖြစ်ပါတယ်။ မင်းတို့ဟာ ကြေးစား စစ်သည်တော်တွေ မဟုတ်ဘူး။ တပ်မတော်ထဲမှာ ခက်ခဲ ပင်ပန်းတာတွေ ရှိပါလိမ့်မယ်။ မင်းတို့ စစ်သင်တန်းတွေဟာ ခက်ခဲကြမ်းတမ်းပါတယ်။ ဒီခက်ခဲကြမ်းတမ်းမှုတွေအတွက် မင်းတို့ ပြင်ဆင်ချင်မှာ ပြင်ဆင်ထားလိမ့်မယ်။ မင်းတို့ စားရမယ့် အစားအသောက် ရိက္ခာတွေဟာ ကောင်းမှာ မဟုတ်ပါဘူး။ အစားအသောက်ညံ့ဖျင်းပြီး မင်းတို့စစ်ဝတ်စုံတွေဟာ စုတ်ပြဲနေလိမ့်မယ်။ ရဲဘော်တွေ ပင်ပန်းလွန်းလို့ ချွေးတလုံးလုံးနဲ့ ဆာလောင်နေပေမဲ့ အဲဒီအဖြစ်တွေကို မင်းတို့ ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းခဲ့ကြတာပဲ။ ဘာကြောင့်လဲဆိုတော့ မင်းတို့ရဲ့စိတ်ဓာတ်ဟာ အလွန်တက်ကြွပြီး မင်းတို့ရင်ထဲက လွတ်လပ်ရေးဟာ မီးတောက်သဖွယ် တောက်လောင်နေလို့ပါပဲ"


ပြည်သူတွေက မင်းတို့ရဲ့ကံကြမ္မာဟာ လွယ်လွယ်ကူကူ ဖြောင့်ဖြောင့်ဖြူးဖြူး မရှိဘူးဆိုတာ သိကြပါတယ်။ မင်းတို့ဟာ အသက်ကို ပေးဆပ်ထားတယ်ဆိုတာ သိတယ်။ ဒါကြောင့် ပြည်သူတွေက မင်းတို့ကို အမြဲချစ်ခင်လေးစားကြတယ်။ မင်းတို့လာရင် ဧည့်ဝတ်ကျေအောင် ပြုစုကြတယ်။ ဘားတိုက် အပြင်ကို ထွက်သွားတာနဲ့ သူတို့ ကာကွယ်စောင့်ရှောက်သူတွေအဖြစ် မင်းတို့ကို အမြဲလေးလေးစားစား ချစ်ချစ်ခင်ခင်နဲ့ ဆက်ဆံကြပါတယ်။

ဒါဟာ သူတို့အသည်းထဲ ရင်ထဲက ထွက်လာတဲ့ ဆန္ဒပါပဲ။ သူတို့က စိတ်မပါပဲ မင်းတို့ကို ပြုစုတာ မဟုတ်ဘူး။ ဂျပန်စစ်သားတွေက သူတို့ကို အတင်းအဓမ္မ ခိုင်းစေကြတယ်။ ပြည်သူတွေက ဂျပန်တွေကို ကြောက်ရွံ့ကြတယ်။ ဘာလို့လဲဆိုတော့ ဂျပန်စစ်သားတွေဟာ ကြမ်းတမ်းမောက်မာလွန်းတာကြောင့်ပဲ။ ဒါပေမဲ့ မင်းတို့တွေကိုတော့ ညီအစ်ကိုရင်းတွေလို ချစ်ခင်ကြပါတယ်။

ဒါကြောင့် ပြည်သူတွေ ရရှိမှာတွေကို သူတို့ကို ပြန်ပေးကြရအောင်။ ငါတို့မိတ်ဆွေတွေ ဖြစ်တဲ့အတွက်ပဲ။ သူတို့ကို ကောင်းကောင်း စောင့်ရှောက်ရမယ်။ ငါတို့ရဲ့သခင်တွေကို ကျေးကျွန်တွေက စောင့်ရှောက်သလို စောင့်ရှောက်ရမယ်။ သူတို့အတွက် ဘယ်လိုမျှော်လင့်ချက်မှ မထားဘဲ ချစ်ခင်လေးစားရမယ်။ ငါတို့ဟာ ပြည်သူတွေကို မာနထောင်လွှားတာမျိုး ပြည်သူတွေရှေ့မှာ ခြေဖျား ထောက်တာမျိုး မလုပ်ကြနဲ့။ ဂျပန်စစ်သားတွေဆီက အတု မယူကြနဲ့။ ဂျပန်တွေဆီက မင်းတို့ရမှာက သူတို့ရဲ့မာနနဲ့ မောက်မာမှုပဲ။ ဒါပေမဲ့ ပြည်သူတွေဆီက ရမှာက ကြင်နာမှုနဲ့ သနားမှုပဲ။

ဟု တပ်မတော်သားများကို ဆုံးမဩဝါဒ ပေးခဲ့ဖူးလေသည်။ စစ်အာဏာရှင်များ လက်ထက်ရောက်မှသာ ပြည်သူလူထုကို စောင့်ရှောက်ရမည့် တပ်မတော် မဟုတ်တော့ဘဲ ပြည်သူလူထုကို ရက်စက်စွာ ဖိနှိပ်သတ်ဖြတ်သော တပ်မတော်ဖြစ်သွားသည်မှာ အလွန် ရင်နာစရာကောင်းလှပါတော့သည်။

*



## ပြည်သူ့ဘက်တော်သား စာရေးဆရာကြီး ဗန်းမော်တင်အောင် ကွယ်လွန်ခြင်း ၃၆ နှစ်

ယခု အောက်တိုဘာလဆိုလျှင် ဆရာဗန်းမော်တင်အောင် ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၃၆ နှစ်ရှိပေပြီ ၁၉၇၈ ခု၊ အောက်တိုဘာလက ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ဆရာ ကွယ်လွန်ချိန်တွင် ကျွန်တော် မရှိသလို ဆရာ့ဈာပနကိုလည်း ကျွန်တော် မမှီခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ထိုနှစ် ၁၉၇၈ မှာပင် ကျွန်တော် ဒုတိယအကြိမ် အဖမ်းခံရသောကြောင့် ဆရာဆုံးသည်ကိုပင် ရက်ပေါင်း အတန်ကြာမှ သိရှိရလေသည်။ ကင်ဆာရောဂါဖြစ်နေသော ဆရာဗန်းမော်ကို ရန်ကုန်ဆေးရုံကြီးရှိ ကင်ဆာအထူးကုအဆောင်တွင် ဆရာ မကွယ်လွန်မီ ၂ လ အလိုလောက်က တွေ့ရှိခဲ့ပါသည်။ ဆရာနှင့် တစ်နေကုန်လည်း စကားပြောဖြစ်သည်။ ခပ်စိမ်းစိမ်းဖြစ်နေခဲ့သော ဆက်ဆံရေးကို ဆရာနောက်ဆုံးအချိန်၊ ကျွန်တော်အတွက်လည်း အပြင်လောကနှင့် ခေတ္တအဆက်မပြတ်သေးခင်ကာလလေးတွင် ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ခဲ့ကြပါသည်။ ထိုအချိန်ရောက်တိုင်း ဆရာ့ကိုသတိရ လွမ်းဆွေးမိသလို ဆရာနှင့် နောက်ထပ် အတူမနေရတော့သည့်အတွက်လည်း ကြေကွဲဝမ်းနည်းရပါတော့သည်။

ကျွန်တော်တို့ အလေးစားဆုံး၊ အချစ်ခင်ဆုံးနှင့် စံပြ အဖြစ်ထားရှိသော ပုဂ္ဂိုလ်မှာ ဆရာ ဗန်းမော်တင်အောင်ဖြစ်သည်။ သူ မကွယ်လွန်မီ

ပြောကြားခဲ့သော 'သမိုင်းတာဝန်ကျေရမည်' ဆိုသော စကားကလည်း နှလုံးသွင်းရမည့် အဆုံးအမပဲ ဖြစ်လေသည်။ မိမိပခုံးပေါ် ကျလာသော သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရမည်ဆိုသော အဆုံးအမမှာ အလွန် တန်ဖိုးကြီးလှ၏။ အင်းစိန်ထောင်ထဲတွင် တစ်ဆောင်တည်းနေခဲ့ရ၊ သိလိုသမျှမေးခဲ့ကြ၊ အဆုံးအမများ နာယူရနှင့် ဆရာ့ကျေးဇူးကြောင့် စာပေနယ်ထဲလည်း ဝင်ဆန့်ခဲ့ရပါသည်။ မမေ့နိုင်သော ဆရာ၏ပြောကြားချက်တွင် 'စာကို ဘယ်လိုရေးမလဲဆိုတာထက် ဘယ်သူ့အတွက် စာရေးမလဲ၊ ဘာအကြောင်းကိုရေးမလဲဆိုတာက ပိုအရေးကြီးတယ်' ဟု ပြောဖူးပါသည်။ ဆရာပန်းမော်တင်အောင်နှင့် ကျွန်တော်တို့ ကိုကိုးကျွန်းတွင် ၃ နှစ်ခန့်အတူ နေခဲ့ရသည်။ အစာငတ်ခံတိုက်ပွဲတွင်လည်း လက်ချင်းတွဲကာ အတူတိုက်ပွဲ ဝင်ခဲ့ကြပါသည်။

စာရေးဆရာများထဲတွင် ထောင်အများဆုံး ကျသော စာရေးဆရာ၊ ထောင်သက် အရှည်ဆုံး စာရေးဆရာများထဲတွင် သူလည်း အပါအဝင်ဖြစ်၏။ ဖဆပလခေတ်ကတည်းက စာရေး၍ စာအုပ်ကြောင့် ထောင်ချခံရသည်။ သူ ရေးသော လင်းယုန်သတင်းစာ၊ လင်းယုန်ဂျာနယ်ကြောင့်လည်း ထောင်ကျခံခဲ့ရသည်။ 'အမေ'၊ 'ပြည်တော်သာခင်ခင်ဦး'၊ 'မုန်တိုင်းကထန်' စသော စာအုပ်များ ရေးသားခဲ့သောကြောင့် သူ့ကို ထောင်ချခဲ့သလို သတင်းစာကြောင့်လည်း ဖဆပလအစိုးရက နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မများဖြင့် ထောင်နှစ်ရှည်ချခဲ့ခြင်း ဖြစ်ပါသည်။ ဆရာပန်းမော်တင်အောင်မှာ ပဲခူး ဇာတိ ဖြစ်၏။ သူ့မိဘများမှာ နှစ်ချင်း ခရစ်ယာန်များလည်း ဖြစ်သည်။ ဗြိတိသျှ ကိုလိုနီခေတ်က ဗြိတိသျှစစ်တပ်တွင် တာဝန်ယူခဲ့ဖူးသလို နောက်လွတ်လပ်ရေးရသောအခါ သစ်ကုန်သည် တစ်ယောက်အဖြစ် ဗန်းမော်၊ ပြည်တို့တွင် အလုပ် လုပ်ခဲ့ပါသည်။ စာပေလောကသို့ စတင် ဝင်ရောက်ချိန်တွင် ဆရာဒဂုန်တာရာနှင့် အစောဆုံး ရင်းနှီးခဲ့လေသည်။ ကွယ်လွန်သည်အထိ သူ့ အရင်းနှီးဆုံး၊ အချစ်ခင်ဆုံးမှာ ဆရာဒဂုန်တာရာ ဖြစ်လေသည်။ ဆရာဒဂုန်တာရာ အချစ်ဆုံး၊ အခင်မင်ဆုံး နှစ်ဦးတွင် သခင်ဗဟိန်း ပြီးနောက် ဆရာပန်းမော်တင်အောင်မှာ နောက်ဆုံးအချိန်ထိ လက်တွဲသွားသော ရဲဘော်ရဲဘက်များဖြစ်လေသည်။ စကားပြော သိမ်မွေ့ညင်သာပြီး အလွန် လူကြီးလူ

ကောင်းဆန်သူ ဖြစ်၏။ သူ့ကိုယ်သူလည်း နှိမ့်ချတတ်သည်။ မာန်မာန မရှိ၊ ကြွားဝါးမှုမရှိ စကားပြောရာတွင် အကျိုးအကြောင်း၊ အချက်အလက်ဖြင့် ရှင်းပြတတ်သူလည်း ဖြစ်လေသည်။ မော်ကွဝါဒကို လေးလေးနက်နက် ယုံကြည်သူဖြစ်သလို လွတ်လပ်စွာ ရေးသားပြောဆိုခွင့်အတွက် ဒီမိုကရေစီစနစ်ကို တောင့်တသူလည်း ဖြစ်ပါသည်။ ဂိုဏ်းဂဏစိတ်၊ အာဃာတစိတ်များမရှိဘဲ ခွင့်လွှတ်တတ်၏။ သို့သော် ပြည်သူလူထုကို ဖိနှိပ်သော သူများကိုမူ ရဲရဲရင့်ရင့် ရင်ဆိုင်သည်။ ပြတ်ပြတ်သားသားလည်း ပြောဆိုတတ်၏။ သူသည် စာရေးဆရာကြီး လူရှုန်း၏ ကဗျာထဲကလို-

''ငါသည် ဦးခေါင်းကို မော့၍
လက်ညှိုးပေါင်း တစ်ထောင်ကို ရင်ဆိုင်အံ့။
ငါသည် ဦးခေါင်းညွတ်၍
စေသည့် ကျွန်
ထွန်သည့် နွားကဲ့သို့
ကလေးသူငယ်များ၏
အကျိုးကို သယ်ပိုးအံ့''... ဆိုသည့်

လူမျိုး ဖြစ်ပါသည်။ လူရှုန်းက လက်ညှိုးပေါင်း တစ်ထောင်ဆိုသည်မှာ ပြည်သူ့ ရန်သူများကို ရည်ညွှန်းခြင်းဖြစ်ပြီး ကလေးသူငယ်များဆိုသည်မှာ ပြည်သူကို ရည်ညွှန်းထားခြင်းဖြစ်သည်ဟုလည်း ထိုကဗျာအဆုံး၌ ဖော်ပြရှင်းလင်းထားလေသည်။

သူနှင့်ဆေးရုံကြီးတွင် နောက်ဆုံးတွေ့စဉ်က သူ့ဘေးတွင် သခင်ကျော်စိန် ရှိ၏။ အခန်းပေါက်တွင် သူ့သားကြီး ဇဟိန်းအောင် ရှိသည်။ ဇဟိန်းအောင်ကို ထိုစဉ်ကမှာ စတင် သိကျွမ်းရခြင်းဖြစ်သလို သခင်ကျော်စိန်နှင့်လည်း ထိုအချိန်ကျမှ အနီးကပ်တွေ့ဆုံ စကားပြောရခြင်း ဖြစ်သည်။ ထိုစဉ်က သူသည် ကင်ဆာရောဂါ ဖိစီးနေမှုကြောင့် အစာစားချင်စိတ်မရှိပေ။ လူမှာလည်း ချုံးကျနေပါသည်။ မည်သို့ပင် ကျွေးကျွေး စားချင်စိတ်မရှိသောကြောင့် ဘာအစာကိုမှမစား။ ကျွန်တော်က... 'ဦးတင်အောင် ကိုကိုးကျွန်းမှာ ကျွန်တော်တို့ အစာစားချင်လျက်နဲ့ ထမင်းမစားဘဲ အစာငတ်ခံ တိုက်ပွဲဝင်ခဲ့တယ်။ အဲဒါက ကျွန်တော်တို့ရဲ့ တောင်းဆိုချက်နဲ့ ရည်မှန်းချက်

အောင်မြင်ဖို့အတွက် အစာမစားဘဲ တိုက်ပွဲဝင်ခဲ့တာပဲ။ အခု ဦးတင်အောင် တိုက်ပွဲဝင် နေရတာက ကင်ဆာရောဂါ ဝေဒနာပါ။ အဲဒီရောဂါပျောက်အောင် တိုက်ပွဲ တစ်ခုအနေနဲ့ ဦးတင်အောင် တိုက်ရမှာပေါ့။ ဒါကြောင့် ကိုကိုးကျွန်းမှာ အစာစားချင်လျက်နဲ့ အစာငတ်ခံတိုက်ပွဲဝင်ခဲ့သလို အခုလည်း အစာ မစားချင်တာကို ရောဂါပျောက်အောင် အစာ စားပြီး တိုက်ပွဲဝင်လိမ့်မယ်လို့ ထင်ပါတယ်'

ဟုပြောလိုက်သောအခါ ဆရာဖန်းမော်သည် အတန်ကြာ စဉ်းစားနေပြီးနောက်…

'ခင်ဗျားပြောတာကို ကျွန်တော် လက်ခံတယ်ဗျာ။ ဒီရောဂါကို တိုက်ပွဲတစ်ခုအဖြစ်နဲ့ တိုက်ရမှာပဲ။ ဒီတော့ ရောဂါက ကျွန်တော့် ရန်သူ၊ သူက ကျွန်တော့်ကို အစာ မစားချင်အောင် လုပ်နေတယ်။ ဒါကြောင့် ကျွန်တော်က သူ့ကို ဆန့်ကျင်ပြီး စားကို စားရတော့မှာပဲ' ဟုပြောဆိုကာ…

'ကဲ… သခင်ကျော်စိန်ရေ… ၁၉ လမ်းက ခေါက်ဆွဲပြုတ် စားမယ်ဗျာ။ ဝယ်ကျွေးပေတော့'

ဟု ပြောဆိုလိုက်သဖြင့် သခင်ကျော်စိန်မှာ ဝမ်းသာအားရဖြင့် ကျွန်တော့်ကို ပြုံးပြပြီး သူ့ရဲဘော်ကြီးကို နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။ ထိုနေ့က ကျွန်တော်နှင့် သူ တစ်နေ့ကုန်နီးပါး စကားတွေပြောဖြစ်ကြပါသည်။ ကျွန်းတွင် ကျွန်ရစ်ခဲ့သော ရဲဘော်များ အကြောင်း၊ အစာငတ်ခံဆန္ဒပြပွဲ အကြောင်း၊ နယ်အသီးသီး ရောက်နေသော ရဲဘော်များအကြောင်း၊ နိုင်ငံရေး အခြေအနေများ အကြောင်းတွေကို ပြောဖြစ်သည်။ ထိုနေ့က နိုင်ဝင်းဆွေလည်း ရောက်လာပြီး ဦးတင်အောင်နှင့် စကားပြောသွားလေသည်။

နောက်တစ်နေ့တွင် ကျွန်တော် အဖမ်းခံခဲ့ရပါသည်။ ကျွန်တော် အဖမ်း ခံရသည်မှာ ဩဂုတ်လ ဖြစ်၏။ ကျွန်တော် ထောင်ထဲရောက်ပြီး ၂ လအကြာတွင် ဆရာဖန်းမော်တင်အောင် ကွယ်လွန်သွားခဲ့လေသည်။ သူ့ ရျာပန အလွန်စည်ကားသည်ဟု နောင်အခါတွင် ကြားရသည်။ စာပေ လွတ်လပ်ခွင့်အတွက် ဖိနှိပ်သူများကို ရဲရဲရင့်ရင့် ရင်ဆိုင်ခဲ့သော စာရေးဆရာကြီး၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် ဒီမိုကရေစီရေးတို့အတွက် အဆက်

မပြတ် စာများရေးသားခဲ့သော စာရေးဆရာကြီး၊ အဖိနှိပ်ခံ၊ အလုပ်သမား၊ လယ်သမားများဘက်မှ ရပ်တည်ကာ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေး ပန်းတိုင်တို့ကို မျှော်မှန်းခဲ့သော စာရေးဆရာကြီးကား အသက် ၅၉ နှစ်တွင် ကွယ်လွန်သွားရှာပေပြီ။ သူကွယ်လွန်ပြီး ၁၀ နှစ် အကြာမှ ၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ရသည်။ ထို အရေးတော်ပုံကြီးအတွက် သူလည်း ဒီမိုကရေစီ အခွင့်အရေးများရရှိဖို့ ကျွန်းကျ၊ ထောင်ကျဖြင့် စွန့်လွှတ် အနစ်နာခံကာ ပြည်သူများဘက်မှ ရပ်တည်ခဲ့လေသည်။ ပြည်တော်သာခင်ခင်ဦးလို၊ သူပုန်ကြီးလို၊ အမေလို··· ပြည်သူလူထုအား မျက်စိဖွင့်ပေးပြီး ပြည်သူ့အခွင့်အရေးများအတွက် ရေးသားခဲ့သော စာအုပ်များကြောင့် သူလည်း ထောင်ထဲနေခဲ့ရပါသည်။ သူလို ပုဂ္ဂိုလ်မျိုး၊ သူလို စာရေးဆရာမျိုး၊ သူလို စွန့်လွှတ်အနစ်နာ ခံမှုရှိသော စာပေပညာရှင်မျိုးနှင့်အတူနေခဲ့ရ၊ အကျဉ်းစံဘဝကို အတူဖြတ်သန်းခဲ့ရသည့်အတွက် ဂုဏ်ယူမဆုံး ဖြစ်ရပါသည်။ ကျွန်တော်တို့၏ ထောင် ဘဝ၊ နိုင်ငံရေးဘဝ၊ စာပေဘဝတစ်လျှောက် သူလိုပုဂ္ဂိုလ်မျိုးနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရသည့်အတွက် ဂုဏ်ပုဒ်တစ်ခုလို ဖြစ်ခဲ့ရပါသည်။ ကျွန်တော် တို့တတွေ စာပေလောက ရောက်လာပြီး စာရေးသားရ၊ စာရေးဆရာဖြစ်လာရသည်မှာ သူတို့ကြောင့်ဟုဆိုလျှင် အလွန်မှန်ပါသည်။ ကျွန်တော်တို့၏ မြင်ဆရာ၊ ကြားဆရာများလည်း ဖြစ်၏။ ယခင်က သူ့စာအုပ်များကို ထုတ်ခွင့်မရခဲ့ပေ။ စစ်အစိုးရ၏စာပေစိစစ်ရေးဆိုသော စာပေကင်ပေတိုင်၏ ကွပ်ညှပ်မှုကြောင့် ပြည်တော်သာခင်ခင်ဦး၊ သူပုန်ကြီး၊ အမေကွပ်ညှပ် စသော စာအုပ်များကို လူငယ်များ ကြားတောင် မကြားဘူးကြပေ။ ယခုထိုစာအုပ်များကို ထုတ်ဝေခွင့်ရပြီး စာအုပ်ဆိုင်များ၌ သူ့စာအုပ်များကို တွေ့ရသောအခါ သူ့ကိုလွမ်းဆွေးမိရာက··· ယခုလို ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

□

## ဆရာနိုင်ဝင်းဆွေကို အမှတ်ရခြင်း

ကျွန်တော်နှင့် ဆရာနိုင်ဝင်းဆွေတို့ စတင် ရင်းနှီးခဲ့သည်မှာ ၁၉၇၂ ခုနှစ်၊ ကျွန်တော် ကျွန်းမှအပြန်၊ ထောင်မှအထွက် စာပေလောကသို့ ရောက်ရှိကာ အင်းစိန် စာပေသမားများနှင့် ရင်းနှီးခဲ့ရာတွင် ဆရာ နိုင်ဝင်းဆွေနှင့်ပါ ရင်းနှီးခဲ့ခြင်းဖြစ်သည်။ အင်းစိန်ဖျော့ကန်တွင် ကိုကိုးကျွန်းမှာ အတူနေခဲ့သော ရဲဘော်နီဟိန်းနှင့် ရင်းနှီးရာမှ စတင် သိကျွမ်းခဲ့သည်။ ဆရာနိုင်ဝင်းဆွေ၏ အမည်ရင်းမှာ ကိုကျော် ဖြစ်ပြီး ကျွန်တော်တို့က ကိုနိုင်ဝင်းဟု ခေါ်ကြသည်။ သူနှင့် အစောဆုံး ရင်းနှီးကျွမ်းဝင်ခဲ့သူများမှာ ဆရာကြည်နိုင်ဖြစ်သည်။ နောက် ပန်းချီဆရာယဉ်မင်းပိုက်ဖြစ်၏။ နောက် သူနှင့်အတူနေပြီး အရင်းနှီးခဲ့ဆုံးသူမှာ ဆရာဝင်းတင့်ထွန်း ဖြစ်ပါသည်။

ထိုအချိန်က ပြည်သူ့ကြယ်ဂျာနယ်တွင် ကျွန်တော်က နိုင်ငံတကာ သတင်းများကို ရေးသား တည်းဖြတ်ရသော အယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။ ဂျာနယ်မှာပင် ဝေဖန်ရေးဆောင်းပါးများကို ရေးလာ၏။ ထိုအချိန်မှာပင် နိုင်ဝင်းဆွေ၏ 'အချစ်ည' ဝတ္ထု မဂ္ဂဇင်းတွင်ပါလာသည်။ ကျွန်တော်က ထို ဝတ္ထုကို ဝေဖန်လိုက်သည်။ ကျွန်တော်၏ ဝေဖန်မှုကို သူက လုံးဝ ဘဝင်ကျလှသည် မဟုတ်။ ယေဘုယျအားဖြင့် လက်ခံလေသည်။ ထိုအချိန်တွင် သူ၏သဘောတရားများမှာလည်း ပြောင်းလဲစပြုလာလေသည်။ 'မသိန်းရှင် ဆီ ပို့ပေးပါ' ဆိုသော ဝတ္ထုများ ရေးလာပြီး အဖိနှိပ်ခံ ပြည်သူများဘဝကို

နားလည်လာသည်။ ထိုသို့ ဆရာနိုင်ဝင်းဆွေအနေဖြင့် အတွေးအခေါ် အပြောင်းအလဲဖြစ်လာပြီးနောက် ကာလတစ်ခုအရောက်တွင် ကျွန်တော်က အိုယန်ဟိုင်၏တေးသံကို ဘာသာပြန်ပြီးလေပြီ။ သူက စာမူများကို ဖတ်လိုသည် ဆို၍ ကျွန်တော်က ပေးလိုက်သည်။ အမှာကအစ လိုအပ်သမျှကို ကိုနိုင်ဝင်းက တည်းဖြတ်ပေးသည်။ ထို့ပြင် ထုတ်လုပ်သူက ဆရာ နိုင်ဝင်းဆွေ၏နာမည် ပါစေချင်သလို သူကလည်း လက်ခံသည်။ တရုတ်ပြည်သူ့ သူရဲကောင်းများစာအုပ်ကို လှဦးက ဘာသာပြန်ပြီး မင်းအောင်က တည်းဖြတ်သည်။ စာအုပ်ထုတ်ဝေသောအခါ တရုတ်ပြည်သူ့ သူရဲကောင်းများ ဘာသာပြန် မင်းအောင်နှင့် လှဦး ဖြစ်လာသည်။ နောက် နွံထဲကကြာစာအုပ်ကို ဆရာ မြသန်းတင့်က ဘာသာပြန်သည်။ (ယခင်က မြသန်းဟု ကလောင်အမည် ယူရာမှ ထိုစာအုပ်မှစ၍ သူ့အဖေနာမည် ဦးပေါ်တင့်မှ တင့်ကို ယူကာ မြသန်းတင့် ဖြစ်လာခဲ့သည်။) ဦးသိန်းဖေမြင့်က ထိုစာအုပ်ကို ရုပ်ရှင်ရိုက်မည်ဟုဆိုကာ ဇာတ်ညွှန်းခွဲဖို့တောင်းသည်။ ထို့နောက် ထိုစာအုပ်ကို တည်းဖြတ်ဖြစ်သွားကာ သိန်းဖေမြင့်နှင့် မြသန်းတင့်၏ နွံထဲကကြာ ဝတ္ထုကြီး ဖြစ်သွားပါတော့သည်။ (နွံထဲကကြာမှာ မြန်မာမှုပြုထားသော မိုငြမ်းရေးသည့် ဝတ္ထုဖြစ်ပါသည်။ မူရင်းမှာ လီယိုတောစတွိုင်း၏ Ressurection ဖြစ်ပါသည်။) ထိုကဲ့သို့ စာရေးဆရာ နှစ်ယောက် ပေါင်း၍ ဘာသာပြန်သော စာအုပ်များရှိဖူးခဲ့သလို နိုင်ဝင်းဆွေ၊ ထက်မြက်တို့၏ 'အိုယန်ဟိုင်၏ တေးသံ' စာအုပ်သည်လည်း စာပေလောကတွင် ပေါ်ထွက်လာရပါသည်။

ကျွန်တော်နှင့် ကိုနိုင်ဝင်းမှာ စာပေအရ ရင်းနှီး ခင်မင်လာသလို နိုင်ငံရေးအရလည်း အမြဲလိုလို ဆွေးနွေးတိုင်ပင်ဖြစ်သဖြင့် ပို၍ရင်းနှီးလာလေသည်။ အစောပိုင်းက သူသည် မြောက်ဥက္ကလာကျောက်ရေတွင်း၌ နေသည်။ နောက် အင်းစိန်ဖော့ကန်သို့ ပြောင်း၏။ ကျောက်ရေတွင်း၌ နေစဉ်က အောင်မြင်သော စာရေးဆရာအဖြစ် အသက်မွေးဝမ်း ကျောင်းပြုကာ တစ်ဖက်က သူ့ဝါသနာပါသော နှင်းဆီးပန်းများ စိုက်ပျိုး ရောင်းချသည့် အလုပ်ကို လည်း လုပ်လေသည်။ ထိုအချိန်က မှတ်မှတ်ရရရှိသည်မှာ သူသည် မကြာခဏ သူ့ဇာတိ တောင်ငူမှ ခြင်းကုန်းရွာသို့ ပြန်လေ့ရှိပါသည်။ ရွာမှပြန်လာလျှင် အမြဲလိုလို တောင်ငူမှ ထင်ရှားသော ရွှေနှင်းဆီး ဆေးပေါ့လိပ်ကို

ယူလာလေ့ရှိသည်။ ကျွန်တော့်အတွက် ငါးဆယ့်စည်း တစ်စည်း အမြဲပါသည်။ သူ ပြန်လာလျှင် မနက် (၂) နာရီလောက် ပြန်လာတတ်သည်။ ကျွန်တော့် အိမ်ရှေ့တွင် စာအုပ်ဆိုင်လေး ဖွင့်ထားကာ ကျွန်တော်က စာအုပ်ဆိုင်ထဲ အိပ်ပါသည်။ စာအုပ်ဆိုင်နာမည်မှာ ကြယ်နီရောင်စာပေ ဖြစ်၏။ သူရောက်လာလျှင် ဆိုင်တံခါးကို တဘုတ်ဘုတ်ပုတ်ကာ နှိုးသည်။ အရက်မူးပြီး နှိုးခြင်းတော့မဟုတ်ပေ။ ကျွန်တော်နှင့် စကားပြောချင်၍ နှိုးခြင်းဖြစ်၏။ သူ့တွင် တယောတစ်လက်ပါကာ သီချင်းများ ဆိုလေ့ရှိပါသည်။ ကျွမ်းကျွမ်း ကျင်ကျင် တီးတတ်သည်ကား မဟုတ်ပေ။ ကျွန်တော်က အိပ်ရာကလူးလဲထကာ သူ့ကို ကြိုရသည်။ သူက တီးမှုတ်ပြီးသည့်နောက် ထမင်းစားလေသည်။ သူ့အတွက် ထမင်း၊ ဟင်းကို ကျွန်တော်က အဆင်သင့်ပြင်ထားပါသည်။ သူက တောင်ငူမှပြန်လာသည်မှာ ညနေကတည်းက ရန်ကုန်ရောက်သည်။ ပထမဆုံး ၁၆ ရပ်ကွက်တွင်ရှိသော ပန်းချီဝသုန် အိမ်သွားလေသည်။ ကိုဝသုန်နှင့် ပြောကြဆိုကြ ဆွေးနွေးကြပြီးနောက် ကိုနေဝင်း (ခေါ်) မောင်မောင်နေဝင်း (ခေါ်) ဂန္ထဝင်မောင်ဝိုင်း အိမ်သို့ သွားသည်။ ကိုနိုင်ဝင်းနှင့် စိတ်တူကိုယ်တူရှိသော အနုပညာသမားဖြစ်သည်။ ကိုဝသုန်မှာ အနုပညာသမား စစ်စစ်ဖြစ်ကာ သေသည်အထိ ကလောင်ကိုင်သွားသူ ဖြစ်၏။ 'အိုယန်မှဂိုင်၏ တေးသံ' ကို မျက်နှာဖုံးပန်းချီဆွဲသူမှာ ဝသုန်ဖြစ်သည်။ ကျွန်တော်က 'ကိုဝသုန် ပန်းချီကားရဲ့ ဆွဲပုံဆွဲနည်းက တစ်မျိုးပဲနော်' ဟု မေးကြည့်ရာ ကိုဝသုန်က 'အဲဒါ ကျူဗစ်ဇင်နည်းနဲ့ ဆွဲတာပါ' ဟု ပြန်ဖြေလေသည်။ 'ဘဝစာမျက်နှာများ' စာအုပ်၏ မျက်နှာဖုံးကိုလည်း ပန်းချီ ဝသုန်ပင် ဆွဲသည်။ ကျွန်တော်တို့စုရေးသော 'မိုးကြိုးမုန်တိုင်း' စာအုပ်ကိုလည်း ကိုဝသုန်ပင် ဆွဲလေသည်။ ဂန္ထဝင်မောင်ဝိုင်းနှင့် ကိုနိုင်ဝင်းမှာ ညီအစ်ကိုလို ချစ်ကြ၏။ ကိုနိုင်ဝင်း သွားချင်သည့်အချိန်သွား၊ ပြောချင်ရာပြောသော စိတ်တူကိုယ်တူများထဲတွင် ဂန္ထဝင်မောင်ဝိုင်းလည်း ပါလေသည်။

ကျွန်တော့် အိမ်တွင် မနက် ၃ နာရီလောက်မှ အိပ်၏။ မနက် ၈ နာရီလောက်တွင် အိပ်ရာမှထ မနက်စာ စားပြီးနောက် သူ့အိမ်ရှိရာ အစောပိုင်းက ကျောက်ရေတွင်း၊ နောက် အင်းစိန်ဖော့ကန်သို့ တယောလေးကို ဆွဲကာ ထွက်သွားတော့သည်။ သူ့ခြံ ဖော့ကန်နှင်းဆီတောသို့ တစ်လတစ်ခေါက်

အမြဲ ကျွန်တော် ရောက်လေ့ရှိ၏။ တစ်ခါတစ်ရံ မိသားစုပင် ပါတတ်သည်။ ကြည်နူးစရာ၊ လွမ်းစရာနေ့ရက်များ ဖြစ်လေသည်။ ၁၉၇၈ ခုနှစ် အလွန်ကြီးမားသော လူဖမ်းပွဲကြီး ပြုလုပ်သည့်အခါတွင် ရန်ကုန်ရှိ စာပေသမားအတော်များများ အဖမ်းခံရသည်။ အထူးသဖြင့် လက်ဝဲယိမ်း စာရေးဆရာ၊ ကဗျာများ၊ နိုင်ငံရေးသမားများ၊ ထောင်ထွက်၊ ကျွန်းပြန်များ အသုတ်လိုက်အဖမ်းခံရပါသည်။ ဦးခင်မောင်မြင့်၊ လူထုစိန်ဝင်း၊ ဇော်ဝင်းကို၊ ကျွန်တော်၊ မောင်သင်းနိုင်၊ မောင်အောင်ပွင့်၊ ကြည်တင်ဦး၊ သခွပ်နီ၊ မောင်မြေနီစသည် စသည် လူအားလုံး ထောင်ထဲ အစုအပြုံလိုက် ရောက်ရှိသွားသည်။ တကယ့် ကြီးမားသော လူဖမ်းပွဲကြီး ဖြစ်သည်။ ထိုသို့ဖမ်းဆီးနေစဉ်မှာပင် ကိုနိုင်ဝင်း လည်း အသာလေး လျှိုကာ အရှေ့မြောက်ဘက်သို့ ရှောင်တိမ်းထွက်ခွာသွားလေတော့သည်။ သူ၏ သမိုင်းတစ်ဆစ်ချိုး ဖြစ်သည်။ သူ့အနေဖြင့် ထိုအချိန် က အဖမ်းခံရလျှင် စစ်ထောက်လှမ်းရေး၏ စစ်ကြောရေးကို ပင်ပန်းကြီးစွာ ခံရမည့်ဖြစ်သလို ရုံးတင် တရားစွဲဆိုခြင်း ခံရမည်ဖြစ်ပေသည်။ ယခုလို လက်နက်ကိုင်တော်လှန်ရေး ခရီးကြမ်းကို ဖြတ်သန်းရမည်ကား မဟုတ်ပေ။ 'မသိန်းရှင်ဆီ ပို့ပေးပါ' လို၊ 'နွေတစ်ည' လို၊ 'မြစ်ပယ်ရုံ' လို၊ 'ရေဆန်လမ်း' လို အနုပညာ အားကောင်းသော စာအုပ်များကိုတော့ ဆက်လက် ဖန်တီးနိုင်ပေမည်။ သို့သော် သမိုင်းတစ်ဆစ်ချိုးကွေ့တွင် ထိုသို့ အနုပညာမြောက် စာပေများ ဖန်တီးချင်မှလည်း ဖန်တီးနိုင်ပေလိမ့်မည်။ ထိုအချိန်က စာရေးဆရာများမှာ သူတို့ ယုံကြည်ရာလမ်းမှ တချို့ ဖယ်ခွာသွားကြသလို၊ ခပြောင်မြောက်သော အနုပညာကို ဖန်တီးနိုင်သူများလည်း သိပ်မရှိပေ။ တော မခိုရုံဖြင့် အနုပညာသမားစစ်စစ်အဖြစ် ရှိနေမည်ဟု မဆိုနိုင်။ ထိုစဉ်က သူ့အသက်မှာ ၄၀ ကျော်နေပေပြီ။ ကျွန်တော်နှင့် အသက်သိပ်မကွာလှပေ။ သူက မာ့က္ခဝါဒကို ယုံကြည်သလို ကျွန်တော်လည်း မာ့က္ခဝါဒကို ယုံကြည်လေသည်။ ကျွန်တော်က သူ့ကို ဖျက်ဆီးသည်ဟုဆိုလျှင် သူ့ကို နှိမ်ချ စော်ကားရာကျလေသည်။ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်နေသူတို့၏ လွတ်လပ်စွာ ယုံကြည်ခွင့်နှင့် လွတ်လပ်စွာ သဘောထားရှိခွင့်ကို စော်ကားလိုက်ခြင်းပဲ ဖြစ်ပေလိမ့်မည်။ သူ့ကို တာဝန်မဲ့စွာ ဖျက်ဆီးလိုက်ခြင်း၊ လမ်းကြောင်းပြောင်းလိုက်ခြင်း၊ စည်းရုံးလိုက်ခြင်းဟု ဆိုလျှင်

ကျွန်တော့်လောက် တာဝန်မဲ့သူ ရှိမည်တော့ မဟုတ်ပေ။ သူသည် သူ့သဘော ထား၊ သူ့ရပ်တည်ချက်ကြောင့်သာ လျှောက်လှမ်းသွားခြင်း ဖြစ်ပါသည်။

တချို့လူများသည် ထိုသဘောထားနှင့် ထို အနှစ်သာရကို သဘော ပေါက်ပုံ မရကြ။ တချို့က နိုင်ဝင်းဆွေ တော မခိုသင့်၊ နိုင်ဝင်းဆွေ တောခို သွား၍ အနုပညာရှင်တစ်ယောက် စာပေလောကမှ ပျောက်ကွယ်သွားခြင်း ဖြစ်သည်ဟု ကောက်ချက်ချကြ၏။ ထိုအမြင်ကို ကျွန်တော် သဘောမတူ ခဲ့။ ယခုလည်း သဘောမတူပေ။ ထိုလမ်းကို နိုင်ဝင်းဆွေသည် သူ့ဘာသာ ရွေးချယ်သွားခြင်းဖြစ်၏။ တစ်နိုင်ငံလုံး အဖိနှိပ်ခံနေရသော စစ်အာဏာ ရှင် စနစ်အောက်တွင် နိုင်ဝင်းဆွေသည် ပြည်သူကို ကျောခိုင်းကာ အချောင် မလိုက်လိုသော လူတစ်ယောက်ဖြစ်ပါသည်။ ထို့ကြောင့် စစ်အာဏာရှင်စနစ် ကို တော်လှန်ပြီး တော်လှန်ရေးသမားပီပီ ကျဆုံးသွားခြင်းဖြစ်၏။ သူ့အတတ် နိုင်ဆုံး အနုပညာကို ဖန်တီးခဲ့သလို သူ့ရည်ရွယ်ချက်အတွက် အသက်ပေး သွားခြင်းလည်း ဖြစ်သည်။ သူ့ကို စုပ်တသတ်သတ်နှင့် အနုပညာသမား တစ်ယောက်တော့ဖြင့် ကြွေလွင့်သွားရှာပြန်ပြီဟုဆိုပါလျှင် သူ့ကို သိက္ခာချ သည်နှင့် အတူတူပင်။ သူသည် တော်လှန်ရေးသမားပီပီ ကျဆုံးသွားသော ကြောင့် သူ့ကို စံပြတော်လှန်ရေးသမားတစ်ယောက်၊ ထူးချွန်သော အနုပညာ ရှင် စာရေးဆရာတစ်ယောက်အဖြစ် ကျွန်တော်တို့ ဦးညွှတ်ကြရပေမည်။

ထိုအချိန်က ရန်ကုန် အပါအဝင် မြို့ပြတွင် ဖြစ်ပေါ်ပြောင်းလဲမှုများ မှာ မယုံနိုင်လောက်သော အဖြစ်များနှင့် ကြုံခဲ့ရသည်။ လက်နက်ချသွား သူများ၊ သတင်းပေးများ၊ သစ္စာဖောက်များ၊ အလျှိုလျှို ပေါ်လာသည်။ ထို့ ပြင် အရှေ့မြောက်ပိုင်းတွင်လည်း လုံးဝ မမျှော်လင့်သော၊ မယုံကြည်နိုင် လောက်သော အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့၏။ မပြိုပျက်နိုင်ဟု အခိုင်အမာ ယုံကြည်ခဲ့သည့် ဗမာပြည် ကွန်မြူနစ်မှာ ပြိုပျက်သွားခဲ့သည်။ ဗဟိုဌာနချုပ် သည်လည်း အသိမ်းခံရ၏။ သိမ်းသူမှာ မဆာလစစ်တပ်က မဟုတ်ဘဲ။ မိမိတို့အခြေခံ အင်အားဖြစ်သော 'ဝ' တပ်က သိမ်းယူလိုက်ခြင်း ဖြစ်သည်။ ဗဟိုကော်မတီဝင်များမှာ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးကြရသည်။ တချို့လည်း ဗမာပြည်ကွန်မြူနစ်ပါတီ စင်ပြိုင်ပါတီ တည်ထောင်ဖို့ ကြိုးစားရင်း စစ် အာဏာရှင်တို့ လက်အောက်ခံ လှဲလိုက်ကြရသည်။ သူတို့သည် မော်စီတုန်း

အတွေးအခေါ် မှာ့က္ခဝါဒကိုယုံကြည်သည်ဟု ထိုအချိန်က ကြွေးကြော်ခဲ့သော်လည်း နောင်အခါတွင် ကွန်မြူနစ်ဝါဒသည် ကမ္ဘာပေါ်တွင် နေစရာမရှိတော့၊ ကွန်မြူနစ်ဝါဒသည် အကျိုးမရှိတော့သော ဝါဒဖြစ်ပြီး ခေတ်မီသောအတွေးအခေါ် မဟုတ်ဟု ယခုအခါ ဝိုချင်းရှည်ကြီးများဖြင့် နောင်တရနေသူများလည်း ပေါ်ထွန်းလာသည်။ ယုံကြည်ခြင်းကို အချိန်မရွေး ပြောင်းလဲနိုင်သူများဖြစ်လေသည်။ အစကတည်းက ယုံကြည်ခြင်းကို အလေးမထားပဲ ကျပ်တည်းလာသောအခါ သူတို့ယုံကြည်ခြင်းများ ပျက်ပြားသွားပုံရပါသည်။

နိုင်ဝင်းဆွေသည် ဖော်ပြပါ အပြောင်းအလဲ ရှိသွားသူများထဲ မပါဝင်ပေ။ သူသည် မှာ့က္ခဝါဒကို နောက်ဆုံးအချိန်အထိ ယုံယုံကြည်ကြည်စွဲကိုင်သွားသူဖြစ်ကြောင်း ယခုလို သူနှင့်နောက်ဆုံး အတူရှိခဲ့သူများထံမှ ကြားသိရသောအခါသူ့ကို ပို၍ လေးစား ချစ်ခင်ရလေသည်။ ကိုနိုင်ဝင်းသည် မီးရထားဌာနတွင် အမှုထမ်းတစ်ယောက်အဖြစ် လုပ်ကိုင်စဉ်က အိမ်ထောင်ကျဖူးသည်ဟု ဆိုသည်။ ကျွန်တော် အသေအချာ မသိပေ။ သမီးကလေးတစ်ယောက် ထွန်းကားခဲ့ဖူးသည်ဟုလည်း တချို့က ပြောလေသည်။ သူ၏ အပြောင်မြောက်ဆုံး အနုပညာဖန်တီးမှုဖြစ်သော 'နွေတစ်ည' ထဲမှ သူ့ချစ်သူခင်ဝေနှင့် သမီးကလေးအကြောင်း ရင်နာစွာ ရေးသားထားပုံကို သူ့မိတ်ဆွေရေးဖော်များ၊ သူ့ကို ချစ်ခင်သော စာဖတ်သူများက ဆန္ဒစွဲဖြင့် ပြောဆိုလိုက်ခြင်းလည်း ဖြစ်နိုင်ပေသည်။ အရှေ့မြောက်ဒေသတွင် ကိုနိုင်ဝင်းမှာ 'ဝ' အမျိုးသမီး မဂျုံနှင့် အိမ်ထောင်ကျခဲ့သော်လည်း သားသမီး မထွန်းကားခဲ့ပေ။ 'ဝ' ကလေးငယ်တစ်ယောက်ကို မွေးစားခဲ့သည်ဟု ကြားသိရသည်။ ယခုအခါ မဂျုံလည်း ကွယ်လွန်သွားပြီး သားလေးလည်း မရှိတော့ဟု သိရသည်။ ဝေးလံသီခေါင်သော ဒေသမှဖြစ်၍ ကျွန်တော်တို့ ဘာမှ အတိအကျ မပြောနိုင်ပေ။ ယခုမူ မြန်မာစာပေလောကတွင် ထင်ရှားခဲ့သော ပြောင်မြောက်သော အနုပညာရှင်တစ်ဦး မရှိတော့သလို မိမိဘဝကို ပြည်သူ့အကျိုးအတွက် မြုပ်နှံကာ ကျဆုံးသွားသော ရဲဘော်နိုင်ဝင်းဆွေအား ထာဝရ ဂုဏ်ယူနေမည်သာဖြစ်ပါတော့သည်။

*

# သခင် ခင်အောင်နှင့် ဦးနေဝင်း

ဂျာနယ်တစ်စောင်တွင် ကျွန်တော်တို့နှင့် အလွန်ရင်းနှီးသော ပုဂ္ဂိုလ်နှစ်ဦးအကြောင်းကို စာရေးသူတစ်ဦးက အမှတ်မှားပြီး ရေးလိုက်သည်ကို ဖတ်ရပါသည်။ အဆိုပါစာရေးသူ အမှတ်မှားခြင်းမှာ ကျွန်တော်တို့ကို ထိုပုဂ္ဂိုလ် နှစ်ဦး ပြောပြသည်နှင့် လုံးဝကွဲလွဲနေသည်အတွက် တစ်ဖက်သူများ ထိုအကြောင်း များကို နားလည်မှု လွဲသွားမည်ကိုလည်း ရှင်းပြသင့်ပါသည်။ သမိုင်းတွင် မှတ်တမ်းတင်ရမည့်အကြောင်းများ ဖြစ်နေသောကြောင့် ထိုပုဂ္ဂိုလ်များနှင့် ရင်းနှီးသူများထံ မေးကြည့်လျှင် တိကျ နိုင်လုံစွာ သိရပေမည်။ ထို့ပြင် သူ တို့၏ဖြစ်စဉ်များ၊ နိုင်ငံရေးခံယူချက်များနှင့် ဆက်စပ်ကြည့်လျှင်လည်း သိရပေမည်။

သခင် ခင်အောင်အကြောင်းကို ကျွန်တော် ရေးခဲ့ဖူးပါသည်။ သူနှင့် ထောင်ထဲတွေ့ဆုံ ထိတွေ့ခဲ့သည်မှနေ သူ မကွယ်လွန်မီအထိ ကျွန်တော်တို့ သူ့ဆီ အမြဲ ဂါရဝသွားပြုခဲ့ကြသည်ကို ရေးခဲ့ပါသည်။ ထိုသို့ ရေးခဲ့ချိန်က စစ်အစိုးရကာလဖြစ်၍ ဗိုလ်နေဝင်း၏အကြောင်းများ၊ ဗိုလ်သန်းရွှေနှင့် စစ်ကောင်စီအကြောင်းများကို ရေးခွင့် မရှိပေ။ ယခုအချိန် ထိုပုဂ္ဂိုလ်များအကြောင်းကိုရေးခွင့်ရှိသည့်ကာလတွင်လည်း လက်ရှိအာဏာပိုင်များက ကြည်ဖြူသည် မဟုတ်ပေ။ သို့သော် သမိုင်းတွင် အမှန်တကယ် ဖြစ်တည်ခဲ့သည့် အဖြစ်များကိုမူ ငြင်းကွယ်၍မရပေ။

သခင် ခင်အောင်ကို အင်းစိန်ထောင်ထဲတွင် ကျွန်တော်တို့ အတူနေခဲ့ရစဉ်က 'အန်ကယ်ကြီး' ဟု အားလုံးက ခေါ်ကြပါသည်။ အန်ကယ်ကြီးက သဘောလည်း ကောင်းသည်။ လူငယ်များနှင့်လည်း ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် နေတတ်သည်။ ထို့ကြောင့် ရှေ့မီနောက်မီ သခင်ခင်အောင်၏ ဘေးတွင် ကျွန်တော်တို့ဝိုင်းဖွဲ့နေတတ်သလို သိချင်သည်များကိုလည်း မေးကြပါသည်။ အာဇာနည် ခေါင်းဆောင်ကြီးများအကြောင်း သခင်ခင်အောင်က သူသိမီသမျှ ပြောပြတတ်ပါသည်။ သူက သာယာဝတီနယ်သားဖြစ်ပါသည်။ အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏တူလည်း ဖြစ်ပါသည်။ 'တူ' ဆိုသည်မှာလည်း 'သခင်မြ'၏ဇနီး ဒေါ်ခင်ညွန့်၏ တူအရင်းဖြစ်သည်ကို ဆိုလိုပါသည်။ သခင်မြတို့ ဇနီးမောင်နှံတွင် သားသမီး မထွန်းကားပါ။ ဒေါ်ခင်ညွန့်က သူချစ်သော သူ့တူ သခင်ခင်အောင်၏ သားသမီးများကို သူတို့မောင်နှံ၏ သားအရင်းသမီးများအဖြစ် မွေးစားထားလိုက်လေသည်။ သခင်ခင်အောင်တို့ မိသားစုမှာ သခင်မြတို့ အိမ် ဝင်ဒါမီယာတွင် နေထိုင်ခဲ့ကြသည် သခင်ခင်အောင်၏ နိုင်ငံရေးအမြင်မှာ မာ့က်စ်ဝါဒကို ယုံကြည်၏။ သူရဲဘော်များမှာ ကွန်မြူနစ်များဖြစ်နေသည်။ ဗမာပြည်ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်များနှင့်လည်း အလွန်ရင်းနှီး၏။ ကွန်မြူနစ်ပါတီတွင် တာဝန်ယူ မယူကိုကား ကျွန်တော် မသိပါ။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်အုန်းမြင့်တို့နှင့် အတူ လွတ်လပ်ရေး မရမီ အိန္ဒိယနိုင်ငံ ရန်းဂါး ညီလာခံသို့ လိုက်သွားခဲ့ဖူးသည်။ သူက ပမညတသဘာပတိအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့ဖူးပါသည်။ ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းပြီး၊ ၁၉၆၃ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ပြီးသည့်နောက် အန်ကယ်ကြီး အဖမ်းခံရပါတော့သည်။ နောက် ၁၉၆၉ ခုနှစ်၌ ထောင်တွင်းမှ နိုင်ငံရေး အကျဉ်းသားများကို ကိုကိုးကျွန်းပို့ရာ၌ သခင်ခင်အောင်မှာ ထိပ်ဆုံးမှ အပို့ခံရလေသည်။ ကိုကိုးကျွန်းတွင် ၃ နှစ်ခန့်နေရပြီး နောက် ၁၉၇၂ ခုနှစ်တွင် ကျွန်တော်တို့ ပြန်လွတ်လာကြပါသည်။

အင်းစိန်ထောင်မှ လွတ်ပြီးနောက် သခင်ခင်အောင်သည် သူ့အဒေါ် ဖြစ်သူနှင့် ဝါဒါမီယာ၊ သံလွင်လမ်းတွင် မိသားစုနှင့်အတူ နေထိုင်ပါသည်။ တစ်နေ့မနက်တိုင်း လမ်းလျှောက်နေကြအတိုင်း သခင်ခင်အောင်သည်

သံလွင်လမ်း၊ ဦးဝိစာရမှနေ မြေနီကုန်းအထိ တုတ်ကောက်တစ်ချောင်းနှင့် လျှောက်ခဲ့သည်။ မြေနီကုန်းရောက်သောအခါ သူ့မြေးများ ကြိုက်နှစ်သက်တတ်သည့် ကောက်ညှင်းပေါင်း၊ ပဲပြုတ်၊ မုန့်စိမ်းပေါင်း စသည်တို့ကို ဝယ်ယူကာ ပြန်လာခဲ့လေသည်။ ဦးဝိစာရလမ်းမှနေ သံလွင်လမ်းဘက်သို့ ချိုး ပြီး အိမ်သို့ အေးအေးဆေးဆေးလျှောက်လာခဲ့ပါသည်။ ထိုအချိန် သူ့ဘေးမှ စစ်တပ်အစောင့်ကားများဖြတ်၍ သူက လမ်းဘေးသို့ ဆင်းလိုက်သည်။ စစ်သားအပြည့် ထရပ်ကား ၂ စီးနောက်တွင် မာစီးဒီးအလုံပိတ် ကားအနက်ရောင်တစ်စီး သူ့ဘေးမှ ဖြတ်မောင်းသွားလေသည်။ နှင်းကျမှာစိုး၍ ခေါင်းပေါ်တွင် ဘယ်ရီကက်ကလေးဆောင်းပြီး ဖြည်းဖြည်းချင်း လျှောက်လာသော သခင်ခင်အောင်နှင့် မလှမ်းမကမ်းတွင် မာစီးဒီးကားမှာ ထိုးရပ်သွားသည်။ သခင် ခင်အောင်က ထိုကားရပ်လိုက်သည်ကို အလေးမထားမိပေ။ သို့သော် ထိုကားပေါ်မှာ ဗိုလ်မှူးတစ်ယောက် ဆင်းလာကာ သူ့ဆီကို ခပ်သွက်သွက် လျှောက်လာလေသည်။ သူ့ရှေ့ရောက်သည်နှင့် ဗိုလ်မှူးက ခြေစုံရပ်လိုက်ပြီး

'အန်ကယ်က… သခင် ခင်အောင် ဟုတ်ပါသလား'

'ဟုတ်ပါတယ်၊ ငါ… သခင် ခင်အောင်ပါပဲ'

'ဒီလိုဆိုရင် ကျွန်တော်နဲ့ လိုက်ခဲ့ပါ။ ဗိုလ်ချုပ်က အန်ကယ်နဲ့တွေ့ချင်လို့ ကျွန်တော့်ကို ခေါ်ခိုင်းလိုက်တာပါ။ ဟိုရှေ့က ကားမှာ စောင့်နေပါတယ်' ဟု ပြောလိုက်သဖြင့် သခင်ခင်အောင်လည်း ထို ဗိုလ်မှူးနောက်မှနေ ကောက်ညှင်းပေါင်းထုပ်ကလေးများကို ဆွဲကာ လိုက်ပါခဲ့လေသည်။ မာစီးဒီကားနက်ကြီးနား ရောက်သောအခါ ဗိုလ်မှူးက ကားနောက်ခန်းတံခါးကို ဖွင့်ပြီး 'အန်ကယ်ကြွပါ ခင်ဗျာ' ဟုပြောလိုက်လေသည်။ သခင်ခင်အောင်သည် ကားထဲသို့ကြည့်လိုက်သောအခါ သူ့ကိုပြုံးကြည့်နေသော ဗိုလ်ချုပ်ကြီး နေဝင်းကို တွေ့လိုက်ရပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက…

'သခင်ခင်အောင် လာဗျို့… ဒီမှာ လာထိုင်ပါ' ဟု ပြောကာ သူ့ဘေးနေရာကို လက်ပုတ်ပြလိုက်လေသည်။ သခင်ခင်အောင်လည်း ကောက်ညှင်းပေါင်းထုပ်များက တစ်ဖက်၊ တုတ်ကောက်တစ်ဖက်နှင့် ဗိုလ်ချုပ်ကြီး နေဝင်းဘေးတွင် ထိုင်လိုက်လေသည်။ သူထိုင်ပြီးသည်နှင့် အခြင်မှ စောင့်

နေသော ဗိုလ်မှူးက ကားတံခါးကို ပြန်ပိတ်ပေး၏။ ကားကြီးလည်း သံလွင်လမ်းအတိုင်း မောင်းထွက်လာခဲ့ပါသည်။

'အခု ဘာလုပ်နေလဲဗျ'

'ဒီလိုပါပဲဗျာ။ ထောင်ထဲ နေခဲ့ရတာကြာတော့… ကျန်းမာရေးအတွက် ဆေးစစ်၊ ဆေးကုပေါ့ဗျာ'

'ဘယ်တုန်းက ခင်ဗျား လွတ်လာသလဲ'

'ဖေဖော်ဝါရီလက လွတ်လာပါတယ်'

'အခုတော့ ခင်ဗျား ဘယ်သူနဲ့နေလဲ'

'ကျွန်တော့် အဒေါ် ဒေါ်ခင်ညွန့်နဲ့နေပါတယ်။ ကျွန်တော့်သား သမီးတွေလည်း အတူတူပါပဲ'

'သခင်ခင်အောင်… ခင်ဗျားတို့ ကျွန်တော်တို့က ဂျပန်တော်လှန်ရေးရော၊ လွတ်လပ်ရေးတိုက်ပွဲရောအတူ တိုက်ပွဲဝင်ခဲ့တဲ့သူတွေ မဟုတ်လား။ ခင်ဗျား ဘာလိုအပ်လဲ ကျွန်တော့်ကိုပြော…။ ခင်ဗျား အဆင်ပြေအောင် ကျွန်တော် လုပ်ပေးမယ်ဗျာ'

'ကျွန်တော်အတွက်တော့ ဘာမှ မလိုပါဘူး။ သားသမီးတွေက ကျွန်တော့်ကို ကောင်းကောင်း ကြည့်ကြပါတယ်'

'သခင် ခင်အောင် အားမနာနဲ့နော်။ ကျွန်တော် ခင်ဗျားကို စေတနာ သန့်သန့်နဲ့ ပြောတာနော်။ ဘာဖြစ်ဖြစ် ကျွန်တော် ကူညီနိုင်ပါတယ်'

သခင်ခင်အောင်သည် ဗိုလ်ချုပ်ကြီးနေဝင်း ပြောသည်ကို အတန်ကြာ စဉ်းစားနေပြီးသည့်နောက်…

'ကျွန်တော်က ဘာမှ မလိုအပ်ပါဘူး။ အမှန်အတိုင်းပြောတာ။ ကျွန်တော်မှာ စားဖို့နေဖို့လည်း အခက်အခဲ မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော် တစ်ခုတော့ ပြောချင်တယ်။ ကျွန်တော့် အဒေါ် ဒေါ်ခင်ညွန့်ရဲ့ အထည်ဆိုင် လေးတစ်ဆိုင် ဗိုလ်ချုပ်ဈေးထဲမှာ ဖွင့်ထားတယ်။ အဲဒါ ပြည်သူပိုင်သိမ်းတဲ့ အထဲပါသွားပြီး အဲဒီဆိုင်လေးတော့… ဒေါ်ခင်ညွန့်အတွက် ပြန်လိုချင်ပါ တယ်။ အဲဒါ လုပ်နိုင်ရင်တော့ အဆင်ပြေတာပေါ့'

'ဒီကိစ္စများဗျာ… ရပါတယ်။ ကျွန်တော် ပြောလိုက်ပါမယ်' ဟု ပြောပြီး ရှေ့တွင်ထိုင်နေသော သူ၏ ကိုယ်ရေးအတွင်းဝန်ဖြစ်ပုံရသော ဗိုလ်မှူးကိုလှမ်း၍…

'ကဲ… အခု… သခင်ခင်အောင်ပြောတာကို မှတ်ထားလိုက်စမ်းကွာ။ ဒေါ်ခင်ညွန့်ရဲ့ ဆိုင်လေးပြန်ပေးဖို့ကို မှတ်ထား၊ အိမ်ကြရင် ငါ့ကို ပြန်သတိပေး' ဟု ပြောကာ သခင်ခင်အောင်၏ လက်မှ အထုပ်ကလေးများကို လှမ်းကြည့်ပြီး

'ဘာတွေဝယ်လာတာလဲဗျ'

'ကျွန်တော့်မြေးတွေ စားဖို့ ကောက်ညှင်းပေါင်း၊ ပဲပြုတ်နဲ့ မုန့်စိမ်းပေါင်းပါ။ မြေနီကုန်းဘက် လမ်းလျှောက်ရင်း ဝယ်လာတာပါ'

ဗိုလ်ချုပ်ကြီး နေဝင်းက သခင် ခင်အောင်ကို စိတ်မကောင်းသလို ကြည့်နေပါတော့သည်။

ကျွန်တော်တို့အား အန်ကယ်ကြီးက ထိုအဖြစ်ကို အမှန်အတိုင်းပြောပြသည်။ ထိုသို့ အဖြစ်ကို သူနှင့်အတူကျွန်းတွင် နေခဲ့ရသော ရဲဘော်များလည်း ကြားသိရပါသည်။ ထိုသို့ပြောရင်း အန်ကယ်ကြီးက ကျွန်တော်တို့ကို…

'ဒီလူက သတိတော့ တော်တော်ထားတဲ့ သူကွ။ ဘယ်သူ့ကိုမှ မထုံဘူးဆိုတာ သူ့ဘောင်းဘီ ထိုင်ကြည့်မှ သိရတယ်။ ကားပေါ်မှာ ကားကလည်း မောင်းနေတော့ သူ့ဘောင်းဘီ ကပ်ထိုင်မိသလို ဖြစ်သွားတယ်။ အဲဒီမှာ သူ့ဘောင်းဘီအိတ်ထဲ ပစ္စတိုသေနတ်တစ်လက် ထည့်ထားတယ်ကွ။ သူ့မှာ ဘော်ဒီဂါတ်တွေ အများကြီးရှိပေမဲ့ သူ့ကိုယ်သူ ကာကွယ်ဖို့တော့ အမြဲလုပ်ထားတယ်ကွ'… ကျွန်တော်တို့က သခင်ခင်အောင်ကို…

'အန်ကယ်ကြီးနဲ့ ဗိုလ်နေဝင်းတွေ့ခဲ့တာ အခုဆို ဘယ်လောက်လောက်ကြာပြီလဲ'

'၁၉၇၂ ခုနှစ်… ငါလွတ်ပြီး မကြာခင် တွေ့တယ်ဆိုတော့ အခုဆို ၃ နှစ်လောက်ရှိပြီကွ'

'ဒီလိုဆိုရင် အန်ကယ်ကြီးပြောတဲ့အတိုင်း ဒေါ်ခင်ညွန့်ရဲ့အထည်ဆိုင်လေးတော့ ပြန်ရပြီပေါ့'

'ဘယ်ကပြန်ရရမှာလဲကွာ။ ဘာအထည်ဆိုင်မှ ပြန်မရဘူး။ အခုထိ ဒီအတိုင်းပဲ' ဟု ပြောလိုက်သဖြင့် ကျွန်တော်တို့အားလုံး တဝါးဝါး ပွဲကျသွားပါတော့သည်။ သခင်ခင်အောင်သည် သူ့ယုံကြည်ချက်အတိုင်း ထောင်ထဲတွင်

နှစ်ပေါင်းများစွာ ကျခံပြီး ကိုကိုးကျွန်းလည်း ရောက်ခဲ့သူဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲ နောက် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့သလို ပြည်တွင်းငြိမ်းချမ်းရေးတွင်လည်း အနစ်နာခံ ပါဝင်ခဲ့သူဖြစ်သည်။ စစ်အာဏာရှင်တို့နှင့် အပေးအယူ လုပ်တတ်သူ မဟုတ်ပေ။ ၁၉၈၈၊ ဦးနု၏ ကြားဖြတ် အစိုးရဖွဲ့စည်းရာတွင် သခင် ခင်အောင်လည်း ပါဝင်ခဲ့သည်။ စက်တင်ဘာလ အာဏာသိမ်းသောအခါ ကြားဖြတ် အစိုးရအဖွဲ့ဝင်များကို ဖမ်းဆီးခဲ့သည်။ ထွက်သူများကို ပြန် လွှတ်ပေးခဲ့သည်။ သို့သော် သခင် ခင်အောင်သည် ဦးနုနှင့် အတူ ကြားဖြတ်အစိုးရအဖွဲ့မှ မထွက်ခဲ့ပေ။ သူတို့ထားလျှင် ထားသလောက် ထောင်ထဲနေခဲ့လေသည်။ ထိုသို့ အုပ်စိုးသူ အစိုးရနှင့် ဘယ်တော့မှ အပေးအယူ မလုပ်ခဲ့ပေ။ စစ်အာဏာရှင် ဗိုလ်နေဝင်းနှင့် တချို့ စီးပွားရေး၊ လူမှုရေးကိစ္စများကို စေ့စပ် လက်ခံယူဖို့ဆိုသည်မှာ မဖြစ်နိုင်ပါ။ သူသည် သေသည်အထိ သူ့ယုံကြည်ချက်အတိုင်း လျှောက်လှမ်းခဲ့သူဖြစ်၏။ ကိုကိုးကျွန်းတွင် အသက်စွန့်ခဲ့သော ရဲဘော် ၈ ယောက်ကိုလည်း သူဘယ်တော့မှ မမေ့ပေ။ သူချစ်ခင်သော သူများ၏ ဆန္ဒကို အကောင်အထည်ဖော်ပေးသော နိုင်ငံရေးသမားကြီး ဖြစ်ပါသည်။ ထို့ကြောင့် သခင် ခင်အောင်နှင့် ပတ်သက်ပြီးရေးလျှင် သူ၏နိုင်ငံရေး ဂုဏ်သိက္ခာ၊ သူ၏ အယူအဆများကို ကြည့်ဖို့လိုပြီး ကြားသတင်းဖြင့် ရေးရန်မသင့်ပေ။

❒